BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၄) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ ဇွန်လ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅–၁–၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## လူထုတိုက်ပွဲကို အခြေပြု၊ တိုက်ပွဲသဏ္ဍာန်မျိုးစုံဆင်နွှဲကြ ရွေးကောက်ပွဲ (၁၆) နှစ်ပြည့်တွင် ဒီမိုကရေစီအင်အားစုများနှိုးဆော်

(၁၉၉၀) ရွေးကောက်ပွဲရလဒ်၊ ပြည်သူလူထု၏ဆန္ဒကို မျက်ကွယ်ပြုနေသော နအဖ စစ်အုပ်စုနှင့် ဒီမိုကရေစီအင်အားစုများအကြား ဆင်နွှဲနေသောတိုက်ပွဲသည် အမြင့်မားဆုံးအချိန်သို့ရောက်နေပြီဖြစ်သဖြင့် လူထုတိုက်ပွဲအရှိန်ကို အစွမ်းကုန်မြှင့်တင်ကြရန် ရွေးကောက်ပွဲ (၁၆) နှစ်မြောက်နေ့တွင် ဒီမိုကရေစီအင်အားစုများက တိုက်တွန်းလိုက်သည်။



ရန်ကုန် အဲန်အယ်လ်ဒီရုံးချုပ်တွင်ကျင်းပသော ရွေးကောက်ပွဲ (၁၆) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား

ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပသော ရွေးကောက်ပွဲ (၁၆) နှစ်ပြည့် အခမ်းအနားတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးဌေးလင်းက "ကမ္ဘာပေါ်မှာ ရွေးကောက်ပွဲနှစ်ပတ်လည်ကျင်းပတာ ကျနော်တို့တနိုင်ငံပဲရှိတယ်။ ဘယ်နိုင်ငံ၊ ဘယ်ကမ္ဘာမှာမှမရှိဘူး။ ရွေးကောက်ပွဲအပြီး ရက်ပေါင်း (၆၀)၊ သို့မဟုတ် (၇၅) ရက်မှာ အနိုင်ရပါတီကို အာဏာလွှဲပေးရတာဖြစ်တယ်" ဟု ပြောကြားသွားသည်။

ဆက်လက်၍ "ကျနော်တို့ ပြည်သူတွေထည့်လိုက်တဲ့မဲတွေ၊ ကျနော်တို့ပြည်သူတွေပေးလိုက်တဲ့ဆန္ဒတွေ ကျနော်တို့ ဘယ်လိုမေ့မှာလဲ။ ကျနော်တို့ နှစ်ပေါင်းများစွာ စစ်အာဏာစနစ်အောက်မှာ တပါတီအာဏာစနစ်အောက်မှာ ခါးခါးသီးသီးခံခဲ့ရတယ်။ အဲဒီဘဝကို (၈၈) အရေးတော်ပုံနဲ့ ဖြိုလဲနိုင်ခဲ့တယ်။ ကျနော်တို့သမိုင်းမှာ လူထုတိုက်ပွဲတွေ၊ လူထုလှုပ်ရှားမှုနဲ့ပြည့်နေတဲ့သမိုင်းပါ။ ဘယ်နိုင်ငံရဲ့ တော်လှန်ရေးသမိုင်းကိုပဲကြည့်ကြည့် လူထုလှုပ်ရှားမှုဟာ အခရာပဲ။ အဲဒီတော့ လူထုရဲ့စွမ်းအားကို ကျနော်တို့ ယုံတယ်။ ကျနော်ယုံကြည်တာက ယနေ့ဟာ တကယ်အရေးကြီးတဲ့အချိန်ကာလကိုရောက်နေပြီ"ဟု ဦးဌေးလင်းက ဆိုသည်။

လူ့ဘောင်သစ်ပါတီသည် ရှစ်လေးလုံး အရေးတော်ပုံတွင် တက်ကြွစွာပါဝင်ခဲ့သော ကျောင်းသားမျိုးဆက်များဖြင့် ဖွဲ့စည်းထားသောပါတီဖြစ်ပြီး၊ (၁၉၉၀) ရွေးကောက်ပွဲကာလက အဲန်အယ်လ်ဒီပါတီပြီးလျှင် ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်ခဲ့သည်။

အခမ်းအနားသဘာပတိအဖွဲ့ဝင်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ၏ ဒု–ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်ကလည်း "လူထုတိုက်ပွဲမပါဘဲ နအဖအာဏာရှင်ကို ဖြုတ်ချနိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

"လူထုတိုက်ပွဲမပါလို့မရဘူးဆိုတာ လက်ရှိ နအဖရဲ့လုပ်ရပ်တွေက သက်သေပြနေတယ်။ လူထုတိုက်ပွဲကိုအခြေပြုပြီး၊ တိုက်ပွဲမျိုးစုံဆင်နွှဲသွားဖို့ ယခုကာလမှာအရေးကြီးတယ်။ ယခု လူထုဒုက္ခမျိုးစုံခံစားနေရတယ်။ လူထုတိုက်ပွဲပေါ်လာရင် တပ်မတော်က လူထုနှင့်ပူးပေါင်းရန်ဖို့အရေးကြီးတယ်။ ယူအမ်က ဘယ်လိုပဲလာလာ နအဖရဲ့သဏ္ဍာန်ကို အကဲဖြတ်တဲ့အခါမှာ လွယ်လွယ်နဲ့အာဏာလွှဲပေးမှာမဟုတ်ဘူးဆိုတာသိသာနေတယ် " ခိုင်စိုးနိုင်အောင်ကပြောကြားသည်။



ထိုင်း–မြန်မာနယ်စပ်တွင် ကျင်းပသော ရွေးကောက်ပွဲနှစ်ပတ်လည်အခမ်းအနား ( ဦးပီတာလင်းပင်၊ ခိုင်စိုးနိုင်အောင် ၊ ဦးဌေးလင်း)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ ဒု–ဥက္ကဋ္ဌ ဦးပီတာလင်းပင်ကလည်း "ဒီမိုကရေစီရဖို့ ကျနော်တို့ (MPU) က နည်းမျိုးစုံနဲ့တိုက်မယ်၊ ရေရှည်တိုက်ပွဲမှာ ဇွဲရှိရမယ်၊ ညီညွတ်ရမယ်၊ စည်းလုံးမယ်ဆိုရင် အောင်မြင်မယ်" ဟု အခမ်းအနားတွင် ပြောကြားခဲ့သည်။

အခမ်းအနားသို့ပေးပို့သော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏ သဝဏ်လွှာတွင် ပြည်သူလူထုကြီးအနေဖြင့် မိမိတို့၏ဆန္ဒဖြစ်သော စစ်အာဏာရှင်ကို အမြန်ဆုံးဖယ်ရှားနိုင်ရေးအတွက် လူထုတိုက်ပွဲအရှိန်ကို အမြင့်ဆုံးမြှင့်တင်သွားကြရန် အလေးအနက်တိုက်တွန်းထားသည်။

အဲန်စီယူဘီတွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (အဲန်ဒီအက်ဖ်) ဒီမိုကရေစီမဟာမိတ်များအဖွဲ့ (ဒီအေဘီ)၊ အမျိုးသားဒီမိုကရေစီလွတ်မြောက်နယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) စသော တိုင်းရင်းသားတပ်ပေါင်းစုများနှင့် ပြည်ပရောက် ဒီမိုကရေစီအင်းအားစုများ စုစည်းဖွဲ့စည်းထားခြင်းဖြစ်သည်။

ရွေးကောက်ပွဲနှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်အဖွဲ့ချုပ်ရုံး၌လည်း ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(၁၉၉၀) ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်ဒီ) သည် လွှတ်တော်နေရာ (၄၈၅) အနက် (၃၉၂) တွင် အမတ်နေရာများထားပြီး မဲဆန္ဒနယ်အားလုံး၏ (၈၂) ရာခိုင်တွင် မဲအပြတ်အသတ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။

❖


မင်းကိုနိုင်၊ ကိုကိုကြီးနှင့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ

မင်းဆိုးကို ⚡ မိုးကြိုး ⚡ ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### တောင်ပြိုနေပြီ၊ လက်ဝါးနဲ့မကာနှင့်

စစ်အာဏာရှင်လက်တဆုပ်စာ ဗိုလ်ချုပ်ကြီးများကတဘက်၊ ပြည်သူလူထုကတဘက် ဖြစ်ပွားနေသည့် မြန်မာပြည်အဓိကပဋိပက္ခသည် (၂၀၀၆) ခုနှစ်အတွင်း အဆုံးအဖြတ် ပေးနိုင်သည့်ဆုံမှတ်တခုဆီသို့ ပိုမို၍အရှိန်အဟုန်မြင့်မားစွာဖြင့် ဦးတည်လျက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပင် မြန်မာနိုင်ငံအထူးကိုယ်စားလှယ် ရာဇာလီအစ္စ မေးရာထူးမှနုတ်ထွက်သွားခြင်း၊ ကြက်ပြေးကို မင်းနေပြည်တော်အဖြစ်သတ်မှတ်၍ ပြောင်းရွှေ့မှုများပြုလုပ်ခြင်း၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ထုတ်ပြန်သည့်အဲန် အယ်လ်ဒီအမျိုးသားရင်ကြားစေ့ရေးလုပ်ငန်း၌ ကမ်းလှမ်းချက်ကို နအဖမှပယ်ချခဲ့ခြင်း၊ အာဆီယံသံတမန်ရေးရာကြိုးပမ်းမှုများအချည်းနှီးဖြစ်ခြင်း၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ် မြန်မာပြည်ခရီးစဉ်မအောင်မြင်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျုပ်ချုပ်တနှစ်ထပ်တိုးလိုက်ခြင်းနှင့် (၂၀၀၆) ဧပြီလမှစတင်၍ စစ်တပ် ဝန်ထမ်းများကိုအဓိကထား၍ လစာတိုးပေးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့်ကုန်ဈေး နှုန်းအဆမတန်တက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် လူတန်းစားမညီမျှမှု၊ ကျန်းမာရေး၊ ပညာရေးဆိုးရွားစွာကျဆင်းနေမှုတို့သည် များမကြာမီကာလအတွင်း ဘက်နှစ်ဘက် ပဋိပက္ခသည် အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိတော့မည်ဟူသောအချက်ကို ဖော် ညွှန်းနေသည့် အညွှန်းကိန်းများဖြစ်သည်။

ဆန့်ကျင်ဘက်နှစ်ဘက်သည် ဆန္ဒအရသက်သက်မဟုတ်မူဘဲ ဘဝအရ မိမိကိုယ်စား ပြုသောအုပ်စုရှင်သန်ရပ်တည်ရေးအတွက် မလွဲမရှောင်သာ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲ ဝင်ကြရသည့်အချိန်ကာလကို လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲများဖြစ်ပေါ်ရန် အရင့်မှည့်ဆုံးကာလဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာရှင်တို့က အဆိုပြုကြသည်။

ရှစ်လေးလုံးကာလမှစ၍ စစ်အာဏာရှင် (၁၈) နှစ်ကာလကြာ ခံစားလာခဲ့ရသော ပြည်သူလူထု၏ဒုက္ခအဝဝကို ဒုတိယကမ္ဘာစစ်အတွင်း ဘက်အစုံ ဂျပန်အုပ်စိုးမှုလက်အောက် ရှိပြည်သူလူထု၏ခံစားမှုနှင့် ထပ်တူပြုနှိုင်းယှဉ်၍ရသည်။

ဥပမာဆောင်ရသော်– အစိုးရဌာနများကိုကြပ်ပြေးသို့ အတင်းအကြပ်ပြောင်း ရွှေ့မှုကြောင့် လူမှုရေးဒုက္ခအဝဝကို အပြင်းအထန်ခံစားကြရသောဝန်ထမ်းများ၏ လက်ရှိ အစိုးရအား မကျေမနပ်နာကျည်းမှုမှာ ဂျပန်ခေတ်ဖက်စစ်တို့အပေါ် နာကျည်းမှု ထက်မလျော့ပေ။ လုံခြုံရေးအကြောင်းပြ၍ မှုခင်းကျဆင်းရေးကြွေးကြော်ကာ လင်မယား ရန်ဖြစ်သည့်ကိစ္စကအစ ရပ်ကွက်အတွင်း ဩဇာအာဏာပြလျက် ပြည်သူလူထုအပေါ် ဗိုလ်ကျအနိုင်ကျင့်နေသူ ကြံ့ဖွံ့တ်နှင့်ရယကများကိုလည်း ဂျပန်ခေတ်ပြည်သူလူထု နည်းတူ ပုဆိုးခြုံထဲက လက်သီးပြနေကြရသည်။ စည်ပင်သာယာရေးဥပဒေကို အကြောင်း ပြကာ မဆလခေတ် ဂဠုန်စီမံချက်ထက်ပင်ဆိုးရွားသောစစ်အုပ်စု ဒေါက်တိုင်များ အနိုင်ကျင့်စော်ကားမှုကိုငုံ့ခံလျက် ကျည်တောင့်ကွယ်ရာရောက်မှ အံကြိတ်တောက်ခေါက် နေသော သာမာန်လက်လုပ်လက်စားပြည်သူလူထု၏ဘဝအား ရင်နင့်ဖွယ်ရာအတိ ဖြစ်သည်။ သူတို့ကား အခွင့်အခါကောင်းကို စောင့်ဆိုင်းလျက်ရှိကြသည်။ အားမွေးလျက် ခေါးသွေးနေကြပြီဖြစ်သည်။

စီးပွားရေးကျွမ်းကျင်သူများ၏ခန့်မှန်းချက်အရ လစာတိုးပေးမှုကြောင့် တလလျှင် ရိုက်ထုတ်ရမည့်နှုန်းမှာ တလလျှင် (၂၅) ဘီလီယံသာရှိသည်ဟုဆိုသည်။ ထို့ကြောင့် (၅၀၀၀) တန် ငွေစက္ကူများထွက်ပေါ်လာဦးမည်လားဟု ခန့်မှန်းနေကြသည်။

စစ်တပ်အတွင်း အရာရှိနှင့်အခြားအဆင့်လစာနှုန်း ကွာဟမှုကြီးမားလွန်းသော ကြောင့် အောက်ခြေတန်းစားများကြား မကျေမနပ်မှုများတိုးပွားလာသည်ဟုလည်း ဆိုကြသည်။ အရပ်ဘက်ဆရာဝန်တဦး၏လစာမှာ ယခင်ကစစ်တပ်မှ ဗိုလ်ကြီးတဦး လစာနှင့်တူသော်လည်း ယခုအခါ ဒု–ဗိုလ်တဦး၏လစာနှင့်တပြေးညီဖြစ်နေသည့်အတွက် ပညာရှင်အသိုင်းအဝိုင်းမှ မကျေနပ်ကြဟုသိရသည်။ ညွှန်ချုပ်တဦးဝင်ငွေမှာ စစ်တပ်မှ ဗိုလ်ချုပ်တဦးဝင်ငွေမျှပင်မရှိသဖြင့် အရပ်ဘက်တွင် စစ်တပ်ဆန့်ကျင်ရေးစိတ်များပို၍ တိုးပွားလာမှုများ မီးလောင်ရာလေပင့်သကဲ့သို့ရှိသည်။

ထိုသို့သောအခြေအနေအရပ်ရပ်တွင် အရှိန်အဟုန်ပြင်းထန်လှသော စစ်အုပ်စု ဖျက်သိမ်းရေး လူထုတိုက်ပွဲကြီးပေါ်ပေါက်လာနိုင်သည်ကို စစ်အုပ်စုအာဏာပိုင်များက ကောင်းစွာသိရှိကြသည်။ ကာကွယ်ရန်နည်းမျိုးစုံဖြင့် ကလိမ်ကကျစ်အားထုတ်လျက်ရှိ သည်။ သို့သော် စစ်အုပ်စုအဖို့ပြုပြင်ရန် အချိန်နောက်ကျခဲ့ပြီဖြစ်သည်။ လူထုကြီး၏ မကုန်မခမ်းနိုင်သောစွမ်းပကားဖြင့် စစ်အာဏာရှင်စနစ်ကိုဖျက်သိမ်းမည့်အချိန်ကား မဝေးကွာတော့။ (၂၀၀၆) ခုနှစ်အတွင်းဖြစ်လာနိုင်မည်။

နောက်အကျဆုံးမှာ (၂၀၀၇) ခုနှစ်ထက် မကျော်တော့။ စစ်အာဏာရှင်စနစ်နှင့် လူထုတိုက်ပွဲ **နောက်ဆုံးအချီကား** စတော့မည်။

သေချာသည်မှာ လူထုကသာ ဤတိုက်ပွဲကိုအဆုံးအဖြတ်ပေးမည်ဆိုသည့်အချက် ပင်ဖြစ်သည်။ ဤနေရာ၌ကွယ်လွန်သူ ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့် ပြောကြားသွားသော ''တောင်ပြိုနေတာ လက်ဝါးနှင့်မကာနှင့်''ဟူသော စစ်အုပ်စုအား ပြည်သူတို့မှပြောကြားရန်ရှိပါပေကြောင်း....

# ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်တနှစ် ထပ်တိုးလိုက်သဖြင့် အတိုက်အခံများအကြား ဂယက်ရိုက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ် ကိုဖီအာနန်၏ မြန်မာ့ဒီမိုကရေစီခေါင်း ဆောင် လွတ်မြောက်ရေးတောင်းဆိုမှုနှင့် အတူ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက် ရေးအတွက် မျှော်လင့်နေကြချိန်တွင် နအဖ က နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ကို နေအိမ် အကျယ်ချုပ် တနှစ်ထပ်တိုးလိုက်သဖြင့် ပြည်တွင်းပြည်ပတွင် မကျေနပ်မှုများ ဂယက် ရိုက်ကုန်ပြီ။

လွန်ခဲ့သော (၆) လက ထပ်တိုးထား သော အကျယ်ချုပ်သက်တမ်းမပြည့်မီ တရက်အလို၊ မတ်လ (၂၆) ရက်နေ့ ညနေ (၅) နာရီ (၁၅) မိနစ်ခန့်က မြန်မာဒီမို ကရေစီခေါင်းဆောင် နေထိုင်ရာတက္ကသိုလ် ရိပ်သာလမ်း အိမ်အမှတ် (၅၄) သို့ ရဲကား တစီးဝင်ရောက်သွားသည့်အချိန်အထိ ဒီမို ကရေစီအင်အားစုများအကြားတွင် ဒေါ် အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် မျှော်လင့်ချက်များရှိနေခဲ့သည်။

သို့သော် နောက်တနေ့ နေ့လည်တွင် အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည် ကို ပုဒ်မ (၁၀/ခ၊ ၁၃/၁၄) ဖြင့် နေ အိမ်အကျယ်ချုပ်သက်တမ်းတနှစ်ထပ်တိုး လိုက်ကြောင်း ကြေညာသဖြင့် ဒီမိုကရေစီ အင်အားစုများအကြားတွင် မကျေမနပ်ဖြစ် ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်သက်တမ်းတိုးလိုက်ကြောင်း ကြေညာသော မတ်လ (၂၇) ရက်နေ့သည် ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံးနေအိမ် အကျယ်ချုပ် သက်တမ်းပြည့်မြောက်မည့်နေ ဖြစ်သည့်အပြင်၊ အဲန်အယ်လ်ဒီရုံးချုပ်တွင် (၁၉၉၀) ရွေးကောက်ပွဲ (၁၆) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပနေချိန်နှင့် လည်းတိုက်ဆိုင်နေသည်။

ရွေးကောက်ပွဲနှစ်ပတ်လည်အခမ်းအနား သို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက် လာမည်ဟု မျှော်လင့်နေကြသော ပါတီဝင် (၃၀၀) ခန့်များသည် နေအိမ်အကျယ်ချုပ် သက်တမ်းတိုးလိုက်သောသတင်းကြောင့် မကျေမနပ်ဖြစ်ကာ အခမ်းအနားအပြီးတွင် တက္ကသိုလ်ရိပ်သာလမ်းတလျှောက်ချီတက်၍ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အတွက် ဆန္ဒပြတောင်းဆိုခဲ့သဖြင့် အခြေ အနေ ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်ဟု မျက် မြင်သက်သေများက ဆိုသည်။

အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးဉာဏ် ဝင်းက နအဖသည် ပြည်သူလူထု၏ မျှော် လင့်ထားချက်နှင့်ဆန့်ကျင်၍ ဒေါ်အောင် ဆန်းစုကြည်ကို အကျယ်ချုပ်သက်တမ်း တိုးလိုက်သဖြင့် အံ့ဩမိသည်ဟုဆိုသည်။

မေလ (၂၆) ရက်နေ့က ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း နအဖအကြီးအကဲကို အမည်တပ်၍ ''သန်းရွှေ.... ခင်ဗျား ဒီအမှန်တရားတခုတော့ ဆောင်ရွက် မယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်'' ဟု ဒေါ် အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးရန် တိုက် တွန်းခဲ့သည်။

ကိုဖီအာနန်က ဒေါ်အောင်ဆန်းစုကြည် ကိုပြန်လွှတ်ပေးလိုက်ခြင်းဖြင့် တိုင်ပြည်းတည် ဆောက်ရေးတွင် ပြည်သူနှင့်အစိုးရတို့လက် တွဲနိုင်ရုံမျှမက ရေရှည်တွင် နိုင်ငံ၏စီးပွားရေး နှင့် လူမှုရေးဖွံ့ဖြိုးမှုများအတွက် အလား အလာကောင်းဖြစ်သည်ဟု ထောက်ပြခဲ့သေး သည်။

ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ နေအိမ်အကျယ်ချုပ်သက်တမ်း (၁) နှစ် တိုး လိုက်သည့်အပေါ် ထိုင်း၊ မလေးရှား၊ အီးယူ နှင့် အမေရိကန်ပြည်ထောင်စုတို့က ချက်ချင်း ပြစ်တင်ရှုတ်ချလိုက်သည်။

နိုင်ငံတကာ၏ ဝေဖန်ချက်များကို နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ပယ်ချ လိုက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဝင်မစွက်ရန် ခုခံပြောဆိုခဲ့သည်။ ❖

''ဒေါ်အောင်ဆန်းစုကြည်ပြန်လည်လွတ်မြောက်ခြင်းသည် မြန်မာပြည်၏နိုင်ငံ၏ပြဿနာကို တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် အဖြေရှာ နိုင်မည့်အကြောင်းဖြစ်သည်သာမက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်စေမည့်နည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ယင်းဖြစ်စဉ်သည် မြန်မာနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့ကြီးတခုလုံးကိုပါ အကျိုးများစေမည့်အပြင် အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူနှင့်အစိုးရတို့ လက်တွဲဆောင်ရွက်နိုင်စေရန်အတွက်လည်း ရှေးရှုစေမည်ဖြစ်သည်။

စစ်အစိုးအနေဖြင့် ဖော်ပြပါ ဒီမိုကရေစီဖြစ်ထွန်းတိုးတက်ရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို မှန်မှန်ကန်ကန်ဦးတည် စေမည့်နည်းနာကို နားလည်သဘောပေါက်ရမည်။ မြန်မာ့နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်၏အရေးပါမှုသည် တည်ရှိသည်။ ထို့ကြောင့် ဗိုလ်ချုပ်သန်းရွှေအနေဖြင့် မှန်ကန်သောလုပ်ရပ်ကို လုပ်ဆောင်မည်ဟု ကျွန်ုပ်ယုံကြည်သည်။''

(မေလ (၂၆)၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင် ထုတ်ပြန်သော ကိုဖီအာနန်၏ကြေညာချက်မှ ကောက်နုတ်ဖော်ပြသည်။)



# ''မြန်မာလူထုကြီးမစောင့်နိုင်တော့''ဟူသောဆောင်းပါးနှင့် သွေးထွက်သံယိုမှုများမမြင်လိုဟု လူထုဦးစိန်ဝင်းသတိပေး



လူထုဦးစိန်ဝင်း

ဝါရင့်သတင်းစာဆရာကြီး လူထုဦးစိန်ဝင်း၏ ''မြန်မာလူထုကြီး နောက်ထပ်မစောင့်နိုင်တော့'' ဟူသော ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံရေးအကြောင်း ရေးသားထားသောဆောင်းပါးကို မေ (၂၃) ရက်နေ့ထုတ် 'အင်တာနေရှင်နယ်ရယ်ထရီဗြူ' (International Herlard Tribune) သတင်းစာတွင် ဖော်ပြလိုက်သည်။

ယင်းဆောင်းပါးတွင် လူထုစိန်ဝင်းက မိမိအနေဖြင့် ယုံကြည်ရာကိုပြောဆိုခဲ့သဖြင့် ထောင် (၁၃) နှစ်ကျခံဖူးပြီး နောက်တကြိမ်အပြစ်ပေးခံရမည်ကိုလည်း မကြောက်ကြောင်း၊ သို့သော် တိုင်းပြည်ရှိ လူငယ်လူရွယ်များ စိတ်မထိန်းနိုင်တော့ဘဲ အကြမ်းဖက်နည်းဖြင့် ပြဿနာဖြေရှင်းကြမည်ကိုသာ စိုးရိမ်မိသည်ဟု ရေးသားထားသည်။

''တဖက်နဲ့တဖက်ပေါ့ဗျာ ရန်သူကြီးများသဖွယ် မျက်နှာချင်းမဆိုင်ချင်ဘူးလို့ ဖြစ်နေလို့ရှိရင် တိုင်းသူပြည်သားတွေက အခက်အခဲတွေ အကြပ်အတည်းတွေ သိပ်ကြီးလာတဲ့အခါမှာ မခံမရပ်နိုင်ဘဲနဲ့ ပေါက်ကွဲမှာကြီးက အမှန်တကယ်စိုးရိမ်စရာကောင်းတယ်။ သွေးထွက်သံယိုဖြစ်တာကို ကျနော်တို့မမြင်ချင်တော့ဘူး''ဟု မကြာခင်က ပြည်ပသတင်းဌာနများနှင့် အင်တာဗျူးတွင် လူထုဦးစိန်ဝင်းက ပြောကြားခဲ့သည်။

သူ၏ ဆောင်းပါးတွင် လူထုစိန်ဝင်းက စစ်အုပ်စုသည် မြန်မာနိုင်ငံတွင် လူထုအုံကြွမှု မပေါ်ပေါက်နိုင်ဟုထင်နေသော်လည်း (၁၉၈၈) ခုနှစ်ကလည်း ဦးနေဝင်းအစိုးရသည် ဤကဲ့သို့ထင်မှတ်နေခဲ့ရာမှ လူထုအုံကြွမှုက မဆလအစိုးရကိုဖြုတ်ချခဲ့ဖူးသည့် သာဓကရှိကြောင်းထောက်ပြသည်။

လူထုဦးစိန်ဝင်းက စစ်အာဏာရှင်များသည် ဒီမိုကရေစီကို မလွဲမသွေပေးကိုပေးရတော့မည်ဆိုသည်ကို နားလည်သင့်သလို တွေ့ဆုံဆွေးနွေးခြင်းနည်းကသာ အစိုးရအပြောင်းအလဲအတွက် ဂုဏ်သိက္ခာရှိရှိနှင့် ချောမွေ့သည့်နည်းလမ်းဖြစ်သည်ဟုဆိုသည်။

''တိုင်းရင်းသားတွေအချင်းချင်း ညှိနှိုင်းအဖြေရှာကြခြင်းသည် နိုင်ငံတကာနှင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာက ကြားဝင်ဖြေရှင်းခြင်းထက် ပိုကောင်းသည်ဟု မိမိမြင်သည်''ဟု လူထုစိန်ဝင်းက ဆောင်းပါးတွင် ရေးသားထားသည်။

အသက် (၆၆) အရွယ် လူထုဦးစိန်ဝင်းသည် (၁၉၈၀) ပြည့်နှစ်ကမှ ထောင်မှပြန်လွတ်လာသူဖြစ်ပြီး ပြန်လွတ်လာချိန်တွင် လေဖြတ်၍ ညာဘက်ကိုယ်တခြမ်းသေခဲ့သော်လည်း ဘယ်လက်ဖြင့်စာရေးလေ့ကျင့်ကာ မဂ္ဂဇင်းများတွင် လူငယ်စာရိတ္တပြုပြင်ရေးနှင့် အတွေ့အကြုံဆောင်းပါးများ ယခုတိုင်းဆက်လက်ရေးသားနေဆဲဖြစ်သည်။

❖

# လူထုမျက်နှာကိုငဲ့ရန် ရန်ကုန်နှင့် မန္တလေးမြို့များတွင် သီတင်းသုံးနေသော ဆရာတော်များမေတ္တာရပ်ခံ

မြန်မာနိုင်ငံ၏ လက်ရှိအကြပ်အတည်းတွေကို ဖြေရှင်းနိုင်ရေးအတွက် လူထုအကျိုးစီးပွားကိုရှေ့ရှုပြီး နအဖနှင့်အဖွဲ့ချုပ်တို့ ပြေပြေလည်လည်နှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် ရန်ကုန်နှင့်မန္တလေးမြို့တွင် သီတင်းသုံးနေသော သံဃာတော်များက တိုမေလ (၂၅) တွင် တိုက်တွန်း လိုက်သည်။

ရန်ကုန်ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒာစာရနှင့် မန္တလေး မစိုးရိမ်တိုက်သစ်က ဆရာတော် ဦးကဝိန္ဒာဘိဝံသတို့က ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံသားအချင်းချင်းနေနှင့် ပြည်သူလူထု၏လိုအင်ဆန္ဒနှင့် သူတို့မှာတွေ့ကြုံနေတဲ့ အခက်အခဲတွေကို ထောက်ထားပြီး လက်ရှိအစိုးရနဲ့လဲ လျှော့သင့်သလောက်လျှော့ပေါ့။ အတိုက်အခံဘက်ကလဲလျှော့မယ်ဆိုရင် ဒါဖြစ်ပါနိုင်ပါတယ် ပြည်သူလူထုအကျိုးကို ဖြည့်ဆည်းပေးချင်တဲ့ဆန္ဒရှိတယ်ဆိုရင် လက်ရှိအစိုးရအနေနဲ့လဲ လျှော့ဖို့ မေတ္တာရပ်ခံပါတယ်'' ဒီဗွီဘီသို့ မိန့်ကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်ညောင်တုန်းကျောင်းတိုက်ဆရာတော်က ငြိမ်းချမ်းသောကမ်းလှမ်းချက်ကို စစ်အုပ်စုက ဆက်ခေါင်းမာ



ညီအစ်ကိုစိတ်ဓာတ်ထားကြရန် ဘက်နှစ်ဘက်လုံးကို မေတ္တာရပ်ခံလိုက်သည်။

ရန်ကုန်မြို့ ညောင်တုန်းကျောင်းတိုက်မှ ဆရာတော် ဦးနန္ဒစာရ ''အဲန်အယ်လ်ဒီကချိုချိုသာသာပြောတာပဲ။ နအဖကလည်း ငြင်းဆန်နေတယ်ဆိုတော့ နအဖရဲ့အပြစ်ပေါ့။ နအဖဗိုလ်ချုပ်ကြီးတွေလဲပဲ၊ ဒကာကြီးတို့မြန်မာနိုင်ငံသားတွေပဲ၊ ဒေါ်အောင်ဆန်းစုကြည်တို့လည်း၊ မြန်မာနိုင်ငံသားတွေပဲ။ ညီအကိုစိတ်ဓာတ်တကယ်ထားနိုင်ဖို့ မေတ္တာရပ်ခံပါတယ်''ဟု မိန့်ကြားသည်။

မန္တလေး မစိုးရိမ်တိုက်သစ် ဆရာတော်က ''တိုင်းပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေအနေလျှင် အနာဂတ်မျိုးဆက်များအတွက် ဒီမိုကရေစီကိုရသည့်နည်းဖြင့် တောင်းဆိုရမည်ဟုဆိုသည်။

''ဒီမိုကရေစီအတွက်ဆိုရင် ငြိမ်းချမ်းရေးနည်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက ဆွေးနွေးဖို့ကမ်းလှမ်းနေတယ်။ စစ်အုပ်စုကခေါင်းမာနေတယ် ဒီမိုကရေစီရမှတိုးတက်မယ့်ဟာကို ဆန္ဒပြပြီးတောင်းဆိုရမယ်။ ဒီမိုကရေစီရမှ မိမိတို့ရဲ့နောက်မျိုးဆက်တွေဟာ လူတလုံး သူတလုံးနဲ့နေနိုင်မယ်လို့ ဦးဇင်းအနေနဲ့ မြန်မာပြည်သူ ပြည်သားအားလုံးကို မိန့်ကြားချင်ပါတယ်'' ဟု ဆရာတော်က မိန့်ကြားခဲ့သည်။ ❖

# ဟံသာဝတီ ဦးဝင်းတင်ကို ဟာဝိုင်အီသတင်းနှင့် စာနယ်ဇင်းကောင်စီက ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ်ဂုဏ်ပြု

အင်းစိန်ထောင်တွင် နှစ်ရှည်အကျဉ်းကျခံနေရဆဲဖြစ်သော သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို အမေရိကန်နိုင်ငံ ဟာဝိုင်အီအခြေစိုက် ဟိုနိုလူလူသတင်းနှင့် စာနယ်ဇင်းကောင်စီအဖွဲ့ကြီးက အမြဲတန်းဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ဂုဏ်ပြုလိုက်ကြောင်းသိရသည်။

မေလ (၃) ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စာနယ်ဇင်းနေ့က ကျင်းပခဲ့သော သတင်းစာလွတ်လပ်ခွင့်ဆိုင်ရာဆွေးနွေးပွဲအတွင်း ဦးဝင်းတင်၏ ခိုင်မာသော စိတ်ဓာတ်နှင့် ယုံကြည်ချက်များကို ဂုဏ်ပြုသည့်အနေနှင့် အဖွဲ့ကြီးက ပထမဆုံးဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ယခုကဲ့သို့သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် အသက် (၇၇) နှစ်ရှိပြီဖြစ်သော ဦးဝင်းတင်သည် ကမ္ဘာပေါ်ရှိ ယုံကြည်ချက်အတွက် အကျဉ်းကျခံနေရသူအားလုံး၏ သင်္ကေတဖြစ်သည်ဟု အားလုံးကတညီတညွတ်တည်း မှတ်တမ်းတင်ဂုဏ်ပြုခဲ့ကြသည်။

ယခုကဲ့သို့ ဦးဝင်းတင်ကို နိုင်ငံတကာမှ အသိအမှတ်ပြု ဂုဏ်ပြုခြင်းနှင့်ပတ်သက်ပြီး ဦးဝင်းတင်နှင့်ထောင်ထဲတွင် အတူနေခဲ့ဖူးသူ မြန်မာသတင်းသမဂ္ဂ၊ ဘန်ကောက်တာဝန်ခံ စာရေးဆရာ ဦးဇင်လင်းက အင်မတန်မှ ထူးချွန်ပြောင်မြောက်တဲ့ အင်မတန်မှယုံကြည်ချက်အပေါ်မှာ ခိုင်ကြည်တဲ့သတင်းစာဆရာတယောက်ကို နိုင်ငံတကာက အခုလိုဂုဏ်ပြုချီးမြှင့်တဲ့အတွက်၊ ဦးဝင်းတင်လို သတင်းစာဆရာမျိုးကိုပိုင်ဆိုင်ရတဲ့အတွက် မြန်မာနိုင်ငံဟာ အင်မတန်မှဂုဏ်တက်တယ်လို့ ပြောချင်ပါတယ်'' ဟုပြောဆိုသည်။

ဆက်လက်၍ ဦးဇင်လင်းက ဟံသာဝတီ ဦးဝင်းတင်သည် (၁၇) နှစ်လုံးလုံး ကျန်းမာရေးမကောင်းသော်လည်း ထောင်ထဲတွင် ယုံကြည်ချက်မစွန့်လွှတ်ဘဲ ရပ်တည်နေသဖြင့် ဂုဏ်ပြုထိုက်သော သတင်းစာဆရာတယောက်ဖြစ်သည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

ဦးဝင်းတင်သည် ယခင် ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်ဖြစ်ခဲ့ပြီး လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဗဟို အလုပ်အမှုဆောင်တဦးလည်းဖြစ်သည်။

ဟာဝိုင်အီအခြေစိုက် ဟိုနိုလူလူသတင်းစာကောင်စီသည် နိုင်ငံတကာတက္ကသိုလ်များတွင် သတင်းစာပညာပို့ချခြင်းအပြင် နိုင်ငံတကာနှင့်ထိစပ်ပြီး သတင်းစာလွတ်လပ်ခွင့်ပိုမိုရရှိရေး၊ သတင်းစာသမားများ၏ လွတ်လပ်မှုပိုမိုရရှိရေးနှင့် ဘဝအာမခံချက်ကောင်းမွန်ရေးများကို လုပ်ဆောင်နေသော အသင်းဖြစ်သည်။

❖



''စစ်မှန်တဲ့ငြိမ်းချမ်းရေးရဖို့ နိုင်ငံရေးအင်အားစုအားလုံးပါဝင်တဲ့ တပ်ပေါင်းစုကြီးဖွဲ့ပြီး ညီညီညွတ်ညွတ်ကြိုးပမ်းကြပါ။ နိုင်ငံရေးအင်အားစု၊ စာပေအင်အားစုနှင့် ပြည်သူလူထုတရပ်လုံးလက်တွဲပြီး ကြိုးပမ်းသွားမယ်ဆိုရင် ငြိမ်းချမ်းရေးရရှိမှာမလွဲပါဘူး။ စစ်အစိုးရအနေနဲ့လဲ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတယ်ဆိုရင် နိုင်ငံရေးအင်အားစုတွေနဲ့ အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သင့်ပါတယ်''

(မေလ–၁၀ရက်နေ့၊ ဆရာကြီးဒဂုန်တာရာ၏ (၈၇) နှစ်ပြည့် မွေးနေ့ပြောကြားချက်မှ)

# လူထုဒေါ်အမာကို စာဖြင့်ရေးသားပုတ်ခတ်

ဧပြီလနှောင်းပိုင်းက လူထုဒေါ်အမာကို အမည်မဖော်ပြဘဲ ပုတ်ခတ်ရေးသားထားသောစာများ မန္တလေးမြို့ရှိ အဲန်အယ်လ်ဒီပါတီဝင်တချို့၏အိမ်နှင့် ဘုန်းကြီးကျောင်းတချို့တွင် တိတ်တဆိတ်ပစ်ချမှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းများအရသိရှိရသည်။

ဧပြီလ (၂၆) ရက်နေ့က ဒီမိုကရက်တစ်မြန်မာ့အသံက လူထုဒေါ်အမာ၏ပြောဆိုချက်ကိုထုတ်လွှင့်ခဲ့ပြီးနောက် ယခုကဲ့သို့စာများဖြင့် သိက္ခာချမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အင်တာဗျူးတွင် ဒေါ်အမာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပေးသော နိုင်ငံရေးထွက်ပေါက်ကို နအဖက ဆက်လက်ငြင်းဆန်နေလျှင် လူထုနည်းဖြင့် နိုင်ငံရေးပြဿနာကို အဖြေရှာရမည်ဟု သတိပေးပြောကြားခဲ့သည်။

နိုင်ငံရေးခေါင်းဆောင်တဦးက ဒေါ်အမာကဲ့သို့ အစဉ်အလာနှင့်သမာဓိအရအများက လေးစားခံထားရသူအပေါ် ယခုကဲ့သို့စော်ကားခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရလဒ်ကောင်းမဟုတ်ဟု မှတ်ချက်ပေးသည်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်တဦးက ယခုလုပ်ရပ်သည် ခိုးကြောင်းခိုဝှက်လုပ်ရပ်ဖြစ်ပြီး၊ လူမိုက်ဆန်သော အောက်လမ်းနည်းဖြစ်သည်ဟုဆိုသည်။

❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ဂမ်ဘာရီကို အားနာတယ်



ဇွန်မှိုင်း

●

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကြီး
အမှန်တကယ်အောင်မြင်ဖို့ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍဟာ အရေး ကြီးပါတယ်။
ဒါကို အလေးအနက်ထားပြီး....
ကျမတို့ နိုင်ငံတိုးတက်ဖို့ဆိုတာ တကယ်စဉ်းစားလိုက်မယ်ဆိုလို့ရှိရင် ....
ကျမတို့နိုင်ငံသားတွေမှာ လိုအပ်တဲ့အရည် အချင်းဟာ ဒီ (၂) ခုပဲ။ မလုပ်သင့် မလုပ် ထိုက်တာကို
မလုပ်ရဲတဲ့သတ္တိ။ လုပ်သင့်လုပ် ထိုက်တာကို လုပ်ရဲတဲ့သတ္တိ....

●

(၁)

ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်တို့က ဘာကြောင့်လွတ်မြောက်စေချင်တာလဲ ....

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက ဘာကြောင့်လွှတ်မပေးနိုင်ရတာလဲ ....

ဒီမေးခွန်းတွေကို ဒီရက်ပိုင်းမှာ တော်တော်ကြားရတယ်။

(၂)

(၁၆) နှစ်မြောက် (၁၉၉၀) ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ရွှေ့ပြောင်းအလုပ်သမားတွေကြားမှာ စကားဝိုင်းတွေဖွဲ့ဖြစ်ကြတယ်။

ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ ရုံးခန်းမှာတဝိုင်း၊ အဝေးရောက် ဧရာဝတီရုံးခန်းမှာတဝိုင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (HRDP) ရုံးခန်းမှာတဝိုင်း၊

မြန်မာနိုင်ငံအလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ (BLSO) စာသင်ကျောင်းမှာတဝိုင်း၊ မိုးသောက်ပန်းဆေးခန်းမှာ တဝိုင်း၊ စကားဝိုင်းတိုင်းမှာ ဒီမေးခွန်းတွေကို ကျနော်တို့တွေ့ရတယ်။

ကုလသမဂ္ဂတွဲဖက်အထွေထွေအတွင်းရေးမှူး မစ္စတာ အီဗရာဟင်ဂမ်ဘာရီရဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး သူတို့စိတ်ဝင်စားကြတယ်။

NLD ကို တွေ့နေပြီ၊ ဒေါ်စုကိုတွေ့နေပြီ။

ဗိုလ်သန်းရွှေနဲ့တွေ့တော့ 'ဒေါ်စုနဲ့တွေ့ဆုံနိုင်ဖို့၊ NLD နှင့်တွေ့ဆုံနိုင်ဖို့ သူဆက်ပြီး ကြိုးစားသွားမယ်' လို့ ပြောတယ်လို့ ကြားလိုကြားရ။

မစ္စတာကိုဖီအာနန်ကလည်း ထိုင်းကို အလည်ရောက်လာ၊ အဲဒီကနေလှမ်းပြီး ဗိုလ်သန်းရွှေဆီ 'ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကြီး အမှန်တကယ်အောင်မြင်ဖို့ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ ဒါကို အလေးအနက်ထားပြီး ဗိုလ်ချုပ်မှူးကြီးက ဆောင်ရွက်သွားနိုင်မှာပါ' လို့ တိုက်ရိုက်ပန်ကြားလိုက်တာလဲ ကြားကြရပြန်ဆိုတော့....

တချို့ဆို စိတ်ကူးတွေတောင်ယဉ်ကုန်ကြတယ်။

(၃)

မစ္စတာ ဂမ်ဘာရီရဲ့စကားအသွားအလာကို အကဲခတ်ကြည့်ကြတယ်။

သူကလည်း သတင်းစာရှင်းလင်းပွဲမှာ ....

'မြန်မာနိုင်ငံစစ်ဗိုလ်ချုပ်ကြီးများဟာ စာမျက်နှာသစ်တခုဖွင့်လှစ်တော့မှာပါ' တဲ့။

တကယ်ယုံရှာတာလား၊ ယုံချင်ယောင်ဆောင်ပြီး သံကောင်းတမန်ကောင်းတို့ရဲ့ မာယာနဲ့နှပ်ကြောင်းပေးပြီး ပြောလေသလား။

ကျနော်တော့ မသေချာဘူး။

ဒါပေမယ့် စိတ်ကူးယဉ်သမားတွေအဖို့တော့ မျက်နှာတွေတောင် အရောင်လက်သွား ကြတယ်။

(၄)

ရဲချုပ်ခင်ရီပြောပုံကလည်း ကြည့်ပါဦး။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးသြဇာဆိုတာ မရှိတော့ဘူးတဲ့....

လူထုတွေကလည်း သူ့ကိုဂရုမစိုက်ကြတော့ဘူးတဲ့....

သူ့ကိုလွှတ်လိုက်လို့လည်း ဘာမှဖြစ်လာမှာမဟုတ်တော့ပါဘူးတဲ့ ....

ပမာမခန့်ပြောနေပုံ ပြောပါတယ်။

အရှေ့တောင်အာရှနိုင်ငံများရဲ့ ရဲချုပ်ညီလာခံ (ကွာလာလမ်ပူ) မှာ တရားဝင်သူမို့ပြောရဲတယ်။

ဆန်းတော့လည်း မဆန်းပေဘူး။

ဒီစကားက နိုင်ငံများရဲ့ကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယစ်ဟာမစ်အယ်ဘာ မြန်မာနိုင်ငံလာလည်တုန်းက နအဖထိပ်သီးကြီးပြောတဲ့စကားနဲ့တဖြတ်တည်းပဲလေ။

ဒေါ်အောင်ဆန်းစုကြည်တို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကို လူထုက မထောက်ခံတော့ဘူး၊ သူတို့နိုင်ငံရေးသြဇာဘာမှမရှိတော့ဘူး၊ လူထုက သူတို့ကို ဘာမှအရေးမထားတော့ဘူး၊ အယုံအကြည်မရှိကြလို့ သူတို့ပါတီဝင်တွေတောင် ပါတီကထွက်ကုန်ကြပြီလို့ ပြောခဲ့သေးတာ ကျနော်တို့ကြားဖူးခဲ့တာပဲ။

(၅)

မစ္စတာ ဂမ်ဘာရီ ရိုးရိုးသားသား တကယ်ယုံရှာလို့ ပြောတာဆိုရင်တော့....

ကျနော် တော်တော်အားနာတယ်။

'စာမျက်နှာသစ်ဖွင့်လှစ်တော့မှာပါ' လို့ ရှေ့ကပြောနေတုန်း စကားမှမဆုံးသေးဘူး ....

ဒေါ်စုကို 'သက်တမ်းတိုးလိုက်ပြီ' ဆိုတဲ့ နအဖရဲ့အမိန့်က ခုန်ပြီးထွက်လာတယ်။

မြန်မာပြည်သူများအဖို့တော့ ဒီကိစ္စက ရိုးနေပါပြီ။

ခံရဖန်များတော့ အထူးအဆန်းလုံးလုံးမဟုတ်တော့ဘူး။

စစ်အုပ်စုဟာ ပြောချင်ရာပြောမယ်၊ ပြီးတော့ လုပ်ချင်ရာလုပ်မယ်။

သူပြောတာတွေ သူလုပ်တာတွေ အားလုံးဟာ သူ့အကျိုးစီးပွားပေါ်မှာပဲ ကျကျနနစုံရပ်ပြီး ပြောဆိုလုပ်ကိုင်ခဲ့တယ်ဆိုတာ လူထုကတော့ တကယ့်ကိုရှင်းလင်းနေပါပြီ။

ဟိုခမျာ .... လူကြီးတန်မဲ့ ဣန္ဒြေပျက်သွားအောင် အညာခံလိုက်ရတာ။

ဒါပဲ ကျနော်စိတ်မကောင်းတာပါ။

(၆)

ဒေါ်စုက မစ္စတာ ဂမ်ဘာရီနဲ့တွေ့တုန်းက ဘာတွေပြောလိုက်မယ်ထင်လဲ။

ဒေါ်စုက သူယုံကြည်တာကို သူယုံကြည်သလို ရိုးရိုးသားသားပဲပြောပြလိုက်လိမ့်မယ်လို့ကျနော်ထင်တယ်။

ဒါကလည်း စကားအထူးအဆန်းတော့ မဟုတ်ပါဘူး။

ပြောနေကျစကားပဲ။ ကျနော်တို့ ကြားဖူးနေကျ စကားပဲဖြစ်လိမ့်မယ်လို့ ကျနော်တော့ယူဆမိတယ်။

မြန်မာနိုင်ငံရဲ့၊ မြန်မာပြည်သူတွေရဲ့ တနေ့တခြားပိုမိုဆိုးဝါးလာနေတဲ့ စီးပွားရေး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အကြပ်အတည်းတွေကို ထောက်ပြမယ်။

ဒါတွေကို အဆုံးသတ်ဖို့နှင့် ကျော်လွှားလွန်မြောက်ဖို့ဆိုရင် နိုင်ငံရေးအရ တန်းတူရည်တူ လွတ်လွတ်လပ်လပ်တွေ့ဆုံဆွေးနွေး အဖြေရှာကြဖို့လိုတယ်။

ဒီလိုမှမဟုတ်ဘဲ နအဖအနေနဲ့ ခေါင်းမာနေပြီး ကိုယ်ထင်ရာပဲ ကိုယ်လုပ်နေမယ်ဆိုရင်တော့ ....

အလုံးစုံပျက်သုဉ်းရေးတွေ ဖြစ်သွားပေလိမ့်မယ်။

စတဲ့အချက်တွေကိုပဲ ဒေါ်စုထောက်ပြလိုက်လိမ့်မယ်ထင်ပါတယ်။

လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့အကျိုး၊ တိုင်းပြည်ရဲ့အကျိုးကိုပဲ တည့်တည့်ကြည့်ပြီးစဉ်းစားမယ်ဆိုရင် ....

ဘယ်သူမဆို ဒီစကားကလွဲရင် ဘယ်စကားကိုပြောစရာရှိသေးလို့လဲ။

မစ္စတာ ဂမ်ဘာရီလို ရိုးရိုးဖြောင့်ဖြောင့်ပုဂ္ဂိုလ်အဖို့တော့ ဒီစကားကအိုကေပဲပေါ့။

ဘာ ငြင်းစရာရှိလဲ။

ဘာ ကြောက်စရာပါလို့လဲ။

ဘာ မလုပ်နိုင်စရာရှိလို့လဲ။

မနက်ပိုင်းတင်ပြ၊ နေလည်ပိုင်း ဆွေးနွေး၊ ညနေပိုင်းမှာ ငြိမ်းချမ်းရေးညစာ အတူတူ စားကြဖို့ပဲမဟုတ်လား။

ဒါပေမယ့်လို့ ....

စစ်အုပ်စုအဖို့တော့ ဒီစကားတခွန်းနှစ်ခွန်းကပဲ ဟိုက်ဒြိုဂျင်ဗုံး (၁၅) လုံးစာလောက် ကြောက်စရာဖြစ်ဖြစ်သွားရတယ်ဆိုတာ....

မစ္စတာ ဂမ်ဘာရီတထိုင်တည်းနဲ့ ဘယ်မှာအကဲခတ်မိနိုင်မှာလဲ။ ဒါကြောင့်လည်း.... ခင်ဗျာ မျက်နှာပျက်စရာလို ဖြစ်သွားရရှာတာ။

(၇)

စစ်အုပ်စုဟာ ဘာတွေကိုအကြောက်ဆုံးလဲ။ ကျနော်တို့ ကြည့်ကြည့်ရအောင်။

သူ .... (၉၀) ရွေးကောက်ပွဲရလဒ်ကို ကြောက်တယ်။

အဲဒါကို အကောက်အထည်ဖော်မယ့် တွေ့ဆုံဆွေးနွေးရေးကိုကြောက်တယ်။

တွေ့ဆုံဆွေးနွေးရေးကို တွန်းတင်ပေးနိုင်တဲ့ လူထုတိုက်ပွဲတွေကို ကြောက်တယ်။

လူထုတိုက်ပွဲတွေကို ဖန်တီးနိုင်စွမ်းတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုကြောက်တယ်။

အလုံးစုံ ပျက်သုဉ်းရေးဆိုတာ....

တတိုင်းတပြည်လုံး နာရှံသာမဟုတ်ဘူး၊ သူ့ရဲ့ရာဇပလ္လင်ကိုပါ တစစီကြေမွပျက်သုဉ်းသွားစေမှာဆိုတာသိပေမယ့်လည်း သိရက်နဲ့ကို နောင်ခါလာ နောင်ခါဈေးဆိုတဲ့စိတ်နဲ့ မျက်စိမှိတ်ပြီး ဇွတ်လုပ်ချင်ရာတွေလုပ်နေခဲ့တာပါ။

စစ်အုပ်စုက....

မကြောက်ဘူးလို့ပြောလေလေ ကြောက်လေလေပဲဆိုတာ မြန်မာပြည်သူတွေကတော့ နောကြေနေကြပါပြီ။

(၈)

အဲဒါကြောင့် .... ကျနော့်အမြင်တော့....

ဒေါ်စုကို တော်တော်နဲ့မလွှတ်နိုင်ဘူးလို့ပဲမြင်တယ်။

တချို့ကဆိုကြတာတွေရှိတယ်။

ခုချက်ချင်းသာ မလွှတ်သေးတာပါတဲ့၊ မေ (၂၇) တို့ မေ (၃၀) တို့ကို ရှောင်ချင်လို့သာချက်ချင်းမလွှတ်တာတဲ့။

အဲဒီရက်တွေကျော်ရင် လွှတ်ပေးနိုင်ပါတယ်တဲ့။

မျှော်လင့်ပုံများပြောပါတယ်။

ကြံကြံဖန်ဖန်ကို စိတ်ကူးယဉ်တဲ့လူတွေ။

(၉)

NLD က ဖေဖော်ဝါရီနှင့်မေပြီ ကြေညာချက်တွေနဲ့ ထောက်ပြတာအလွန်ကိုပဲမှန်ကန်တယ်လို့ ကျနော်သဘောတူတယ်။

မစ္စတာ ကိုဖီအာနန်ရဲ့စကားကိုလည်း ကျနော်သဘောတူတယ်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကြီးအတွင်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍကြီးမားမှုကို ကျနော်သဘောတူတယ်။

လူထုရဲ့ချစ်ခင်တန်ဖိုးထားမှုကို အပြည့်အဝရရှိထားတဲ့ ....

ဒီမိုကရေစီအင်အားစုအသီးသီးနှင့် တိုင်းရင်းသားအင်အားစုအသီးသီးက ယုံကြည်တဲ့၊ ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနှင့် အာဆီယံအပါအဝင် နိုင်ငံတကာမိသားစုတွေက ထောက်ခံတန်ဖိုးထားတဲ့....

အမြော်အမြင်ရှိပြီး နူးညံ့ညွတ်ပြောင်းနိုင်စွမ်းကြီးတဲ့ ....

လူထုအပေါ်ထားတဲ့ သစ္စာတရားအပေါ်မှာ ခိုင်မာစူးနစ်တဲ့....

အဲဒီလို အားကောင်းချက်တွေနဲ့ပြည့်နေတဲ့ လူထုခေါင်းဆောင်တဦးဟာ လူထုအားကိုအရယူပြီး အရာရာကိုဖန်တီးနိုင်ပါတယ်။

စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်သစ်တခုကို စိတ်ရောကိုယ်ပါ တကယ်တည်ဆောက်ချင်တယ်ဆိုရင် ....

ဒေါ်စုကို လွှတ်တာနဲ့အစပြုရပေလိမ့်မယ်။

စာမျက် (၁၉) ကော်လံ (၃) သို့...

# ကုလအတွင်းရေးမှူးချုပ်၏လက်ထောက် မစ္စတာဂမ်ဘာရီ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ နိုင်ငံရေးလက်ထောက် မစ္စတာဂမ်ဘာရီ (Ibrahim Gambari) သည် မတ်လ (၂၀) ရက်နေ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့တွင် (၁) နာရီကြာတွေ့ဆုံခဲ့သည်။

သူ၏ (၃) ရက်ကြာ မြန်မာပြည်ခရီးစဉ်မှအပြန်တွင် မစ္စတာဂမ်ဘာရီက အကျယ်ချုပ်ခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် နိုင်ငံအကျိုးအတွက်ဆောင်ရွက်ရန် စိတ်ဓာတ်ကြံ့ခိုင်နေဆဲဖြစ်ပြီး နအဖခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်ဆန္ဒ ရှိနေသည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

မစ္စတာဂမ်ဘာရီသည် နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြို့တော်သစ်တည်ရှိရာ ပျဉ်းမနားကြပ်ပြေးအရပ်တွင် တွေ့ဆုံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တိုက်တွန်းခဲ့သည်။

မေလ (၂၅) ရက်နေ့က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မစ္စတာဂမ်ဘာရီက "ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ တိုက်တွန်းခဲ့တယ်။ တခြားနိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့ကိုလည်း ကျနော်ပြောခဲ့ပါတယ်။ လွှတ်ပေးမယ်၊ မလွှတ်ပေးဘူးဆိုတာ ကျနော်အတိအကျ မပြောနိုင်ပါဘူး။ ဒါပေမယ့် ကျနော်တို့မျှော်လင့်နေပါတယ်။ ဒါဟာ သိပ်လည်းမကြာတော့ပါဘူး"ဟု မစ္စတာဂမ်ဘာရီက သတင်းထောက်များအားပြောကြားခဲ့သည်။

ဆက်လက်၍ မစ္စတာဂမ်ဘာရီက နှစ်အတန်ကြာအောင် နိုင်ငံတကာနှင့်အဆင်မပြေဖြစ်နေသောနအဖသည် ယခုအခါ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင် ကဏ္ဍသစ်တရပ်ဖွင့်လှစ်ရန် ဆန္ဒရှိနေပုံရသည်ဟု သူက သုံးသပ်လိုက်ပြီး "အရင်က ပိတ်ထားတဲ့တံခါးတချို့တော့ ပွင့်လာတာကိုတွေ့ရပါတယ်။ အဲဒီပွင့်နေတဲ့ တခါးချပ်တွေကနေ ကျနော်တို့အနေနဲ့ မြန်မာ့ဒီမိုကရေစီရေးအတွက် ပိုမိုဆောင်ရွက်နိုင်ရှက်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ထည့်သွင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သော (၁၇) နှစ်တာကာလ၏ (၁၀) နှစ်ကျော်အချိန်ကို နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံခြင်းခံခဲ့ရပြီး ကုလသမဂ္ဂသံတမန် မစ္စတာရာဇာလီအစ္စမေးသည် (၂၀၀၄) ခုနှစ်၊ မတ်က ဒေါ်အောင်ဆန်းစုကြည်နှင့်နောက်ဆုံးတွေ့ခွင့်ရခဲ့သည်။

ကုလသမဂ္ဂသံတမန်နှင့် မစ္စတာဂမ်ဘာရီနှင့် ယခုကဲ့သို့တွေ့ခွင့်ရခြင်းကို တိုးတက်မှုတခုအဖြစ်ဟု အဲန်အယ်လ်ဒီက အကောင်းမြင်နေချိန်တွင် နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား မေလ (၂၇) ရက်နေ့က နောက်ထပ်နေအိမ်အကျယ်ချုပ် သက်တမ်းတနှစ်တိုးလိုက်ပြန်သည်။

၎င်းမတိုင်ခင်တွင် အဲန်အယ်လ်ဒီအတွင်းအရေးမှူး ဦးလွင်က "သူတို့ဘက်က နည်းနည်းလျှော့ပေးလာတယ်လို့ထင်ပါတယ်။ ကျနော်တို့ မေလ (၂၇) ရက်နေ့ကို စောင့်နေတယ်။ အကောင်းဆုံးဖြစ်လာတာကိုလည်း မြင်ချင်ပါတယ်"ဟု အေအက်ဖ်ပီသို့ ပြောကြားခဲ့သေးသည်။

မြန်မာ့အရေးလေ့လာသူ လယ်ရီဂျေဂင်က နအဖသည် ယခင်ကသဘောထားကို မပြောင်းလဲသည့်အပြင် နိုင်ငံတကာကိုနောက်ထပ်လှည့်စားရန်အတွက် ကိုဖီအာနန်၏နိုင်ငံရေးလက်ထောက်ကို မြန်မာပြည်သို့ဖိတ်ခေါ်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် တမင်တွေ့ခွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်သည်။

ထိုင်းအခြေစိုက် မြန်မာ့အရေးလေ့လာသုံးသပ်သူ ဦးအောင်နိုင်ဦးကလည်း နအဖသည် နိုင်ငံတကာကဖိအားတိုးမြှင့်လာမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မြန်မာ့အရေးကို လုံခြုံရေးကောင်စီအထိ သယ်သွားနိုင်သော ကိုဖီအာနန်၏လက်ထောက်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံပြခဲ့ခြင်းသာဖြစ်သည်ဟုဆိုသည်။

အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသော ( US Campaign for Burma )အဖွဲ့၏ ညွှန်ကြားရေးမှူး ဦးအောင်ဒင်က နအဖသည် ယခင်ကလည်းနိုင်ငံတကာကို ယခုကဲ့သို့ပင် အကြိမ်ကြိမ် ကတိပေးပြီးမှ အကြိမ်ကြိမ်ကတိဖျက်ခဲ့သည့် သာဓကများကို ထောက်ပြသည်။

မစ္စတာဂမ်ဘာရီသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကုလသမဂ္ဂလုံခြုံရေးကောင်စီတခါးပိတ်ဆွေးနွေးပွဲတွင် မြန်မာ့အရေးကို ကိုဖီအာနန်ကိုယ်စား ဆွေးနွေးတင်ပြသူဖြစ်ပြီး၊ ၎င်းသည် ယခုလဆန်းပိုင်းတွင် ကျင်းပရန်ရှိသော လုံခြုံရေးကောင်စီဆွေးနွေးပွဲတွင်လည်း သူ၏ မြန်မာပြည်ခရီးစဉ်အကြောင်းကို ထည့်သွင်းဆွေးနွေးရန်စီစဉ်ထားကြောင်းသိရှိရသည်။

၎င်းအတောအတွင်း မြန်မာ့အရေးဆောင်ရွက်နေသော အာဆီယံဥပဒေပြုအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရန် ထပ်မံတောင်းဆိုလိုက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံရေးအကြပ်အတည်းကို ယခုထက် ပိုမိုထိရောက်သောနည်းလမ်းဖြင့် ကြားဝင်ဆောင်ရွက်ပေးရန်တိုက်တွန်းထားသည်။ ❖



မစ္စတာ ဂမ်ဘာရီ

# မစ္စတာရာဇာလီနေရာတွင် ဖိလစ်ပိုင်ဗိုလ်ချုပ်ကြီးဟောင်း ဖီဒယ်လ်ရားမို့စ်ဖြင့် အစားထိုးဖွယ်ရှိ




ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်သွားသော မစ္စတာရာဇာလီအစ္စမေးလ်နေရာတွင် ဖိလစ်ပိုင်ဗိုလ်ချုပ်ကြီးဟောင်း ဖီဒယ်လ်ရားမို့စ်ဖြင့် အစားထိုးဖွယ်ရှိသည်ဟု သံတမန်အသိုင်းအဝိုင်းနှင့်နီးစပ်သူ တချို့က ဆိုသည်။

ရာဇာလီအစ္စမေးလ် (Razali Ismail) နေရာတွင်အစားထိုးရန် အမည်စာရင်းတင်သွင်းခံရသူများတွင် ဗိုလ်ချုပ်ကြီးဟောင်း ဖီဒယ်လ်ရားမို့စ် ( Fidel Ramos) အပြင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ အလီအလာတတ်စ် (Ali Alatas) နှင့် အရှေ့တီမောနိုင်ငံခြားရေးဝန်ကြီး ဂျို့စ်ရားမို့စ်ဟော်တာ ( Jose Ramos-Horta) တို့ပါဝင်ကြောင်းသိရှိရသည်။

အဝေးရောက် ညွန့်ပေါင်းအစိုးရ (NCGUB) ၏ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာ သောင်းထွန်းက ဖိလစ်ပိုင်နိုင်ငံမှဗိုလ်ချုပ်ကြီးဟောင်း ဖီဒယ်လ်ရားမို့စ်သည် ကိုယ်စားလှယ်လောင်းအားလုံးတွင် နှိုင်းယှဉ်ချက်အရ ကောင်းမွန်သည်ဟု ဆိုသည်။

"ဒီဖီဒယ်လ်ရားမို့စ်ကိုတော့ ( Relatively Better Candidate) အနေနဲ့တော့ ယူဆတယ်လေ။ ဘာဖြစ်လို့လည်းဆိုတော့ နံပါတ်တစ်အနေနဲ့ (Asian) ဖြစ်တယ် (Former general) ဖြစ်တယ်။ ပြီးလို့ရှိရင် (Age Group) အရဆိုလို့ရှိရင် ဗိုလ်ချုပ်သန်းရွှေထက်တောင် နည်းနည်းကြီးတယ် ပြောတယ်။ ဆိုတဲ့အခါကြတော့ (Asian Culture) မှာက ဒါတွေရှိတာကိုး။ ပိုပြီးတော့ (Comfortable) ဖြစ်တဲ့ သဘောရှိတာကိုး။ နောက်တခုက (Ramos) အနေနဲ့ကလည်း ဘာပဲပြောပြော (Democratic Transition) မှာ အများကြီး (Experence) ရှိခဲ့တယ်လေ။ ရှိခဲ့တဲ့အခါကြတော့ ကျနော်တို့အနေနဲ့ကတော့ (Candidate) တယောက်အနေနဲ့ ကြိုက်တယ်"ဟုဆိုသည်။

ရာထူးက နှုတ်ထွက်သွားသော မလေးရှားနိုင်ငံသား မစ္စတာရာဇာလီသည် လွန်ခဲ့သော (၂) နှစ်မှ နောက်ဆုံးနုတ်ထွက်သွားသည်အချိန်အထိ မြန်မာနိုင်ငံသို့ဝင်ခွင့်မရခဲ့ပေ။

ဒေါက်တာသောင်းထွန်းက ယခုအခါဒေသတွင်းတွင် အင်အားကြီးသော တရုတ်နှင့်အာဆီယံသည် မြန်မာနိုင်ငံအပေါ်သဘောထားပြောင်းလဲလာသည့် အနေအထားရှိသဖြင့် ယခုအချိန်တွင် အာရှနိုင်ငံသားတဦးကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းသည် နိုင်ငံရေးအရရော၊ ယဉ်ကျေးမှုအရပါသင့်တော်သည်ဟုဆိုသည်။❖

# ဒီမိုကရေစီအိတ်စ်ပို့လုပ်ခြင်းကို ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံကြီးကမယုံကြည်

လွတ်လပ်သော ဒီမိုကရေစီအတွေးအခေါ်ကို အိမ်နီးချင်းမြန်မာနိုင်ငံသို့ တင်ပို့လိမ့်မည်မဟုတ်ဟု ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံတော်ကြီးဟု မကြာခဏခေါ်ဝေါ်ခြင်းခံခဲ့ရသည့် အိန္ဒိယနိုင်ငံက ဇွန်လ (၃) ရက်နေ့တွင် ပြောကြားခဲ့သည်။

"ဘယ်လိုအစိုးရမျိုး သူတို့ကိုအုပ်ချုပ်စေချင်လဲဆိုတာ အဲဒီနိုင်ငံလူထုကဆုံးဖြတ်ရမယ့်ကိစ္စပါ" ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီး ပရာနက်မုခါဂျီးက စင်္ကာပူတွင်ကျင်းပသော လုံခြုံရေးကွန်ဖရင့်တခုတွင်ပြောကြားသွားခဲ့သည်။

"ကျနော်တို့အခြေခံမူဝါဒက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဖြစ်တယ်။ အိုင်ဒီယိုလိုဂျီတွေကိုတင်ပို့တာမျိုး ကျနော်တို့မယုံကြည်ဘူး"ဟု သူကဆိုသည်။

နှစ်ရက်ကြာကျင်းပသော လုံခြုံရေးကွန်ဖရင့်၌ ပရာနက်မုခါဂျီးက ဆင်ဟာလီအများစုကြီးစိုးသည့် အစိုးရလက်အောက်မှလွတ်လပ်ရေးရရန် တမီလ်ကျားသူပုန်များက လက်နက်ကိုင်တိုက်ခိုက်နေသော သီရိလင်္ကာငြိမ်းချမ်းရေးအစီအစဉ်တွင်လည်း အိန္ဒိယသည် လက်ရှောင်နေလိမ့်ဦးမည်ဖြစ်ကြောင်းပြောသွားသည်။ ❖

# မြန်မာ့ဒီမိုကရေစီရေး ဒက်စ်မွန်တူးတူး ဆက်လက်ကြိုးပမ်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်များကို ချမှတ်ကာ မြန်မာ့အရေးကို ဝင်ရောက်ဖြေရှင်းနိုင်ရေးဖိအားပေးသည့်အနေဖြင့် တောင်အာဖရိက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့သည် မေလ (၁၇) ရက်နေ့က တွေ့ဆုံခဲ့ကြသည်။

ထို့သို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် စစ်အုပ်စုက မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေးနှင့်၊ နအဖစစ်တပ်က ကရင်ပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေသည့် စစ်ဆင်မှုများရပ်တန့်ပေးရေးအတွက် အရေးယူဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံဖြစ်ပျက်နေတဲ့အခြေအနေတွေကို နိုင်ငံခြားရေးဝန်ကြီးက စိုးရိမ်နေတယ်။ အခြေအနေကလည်း တကယ်ဆိုးနေတယ်။ မစ္စရိုက်စ်ပြောတာက သူတတ်နိုင်သလောက်လုပ်သွား"ဟု ဘုန်တော်ကြီးတူးတူးက သတင်းထောက်များအားပြောသည်။

မြန်မာပြည်သူများ ပူပင်သောကရောက်နေသည့်အပေါ် သူနားလည်စာနာကြောင်း။ တောင်အာဖရိက ဥပမာကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း အပြောင်းအလဲသေချာပေါက်လာမည်ဟု ယုံကြည်ကြောင်း ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးကပြောသည်။

ဘုန်းတော်ကြီးတူးတူးသည် ယခင်ကလည်း ချက်သမတဟောင်း ဗားကလပ်ဟားဗားနှင့်အတူ မြန်မာ့အရေးလုံခြုံရေးကောင်စီက ကြားဝင်ဆောင်ရွက်ရန် (Threat to Peace) အစီရင်ခံစာဖြင့် တိုက်တွန်းခဲ့သည်။

❖

**မင်းဆိုးကို မိုးကြိုးပစ်မည်။**

# အောက်ကျမခံဘူးဟေ့ ...

## ညိုမာ

# အမျိုးသမီးတို့ရေ

Columbia Pictures ကုမ္ပဏီက ထုတ်လုပ်ပြီး ဒါရိုက်တာ (Michael Apted) ရိုက်ကူးတဲ့ (Enough) ဆိုတဲ့ ဇာတ်ကားကို ပြီးခဲ့တဲ့အပတ်က ကြည့်ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ အားနွဲ့သူမိန်းမသားရယ်ဆိုပြီး ယောကျာ်းများက ခွဲခြားဆက်ဆံထားတာတွေကို ပြထားတယ်။ နောက်ဆုံးမှာတော့ အမျိုးသမီးများအနေနဲ့ ခွဲခြားဆက်ဆံမှုကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာကို ရိုက်ကူးထားတာဖြစ်ပါတယ်။ အမျိုးသမီးတွေကို အားနွဲ့သူမိန်းမသား (Weaker Sex) ရယ်လို့ သဘောထားပြီး ဦးစားပေး (Lady First) အရေးတယူပြုသူရှိသလို အားနည်းချက်ကို အခွင့်ကောင်းယူပြီး အနိုင်ကျင့် ဗိုလ်ကျလိုသူများလည်း ရှိပါတယ်။ ဒီဇာတ်ကားကိုကြည့်ရင်းက ကျမတို့ အမျိုးသမီးတွေရဲ့ "နေရာ" ဟာ ဘာလဲဆိုတာ ကျမတို့စဉ်းစားဖို့ လိုအပ်လာပြီလို့ သတိချပ်မိပါတယ်။

မစ္စတာတော်ဖလာက သူရဲ့ တတိယလှိုင်း (Third Wave) စာအုပ်မှာ လူ့အဖွဲ့အစည်းသမိုင်းရဲ့ဖြစ်ပေါ်ပြောင်းလဲမှုတွေကို လှိုင်းကြီး (၃) လှိုင်းအဖြစ် ကြည့်မြင်ဖော်ပြထားပါတယ်။ အဲဒီလှိုင်းကြီး (၃) လှိုင်း မတိုင်မီက လူတွေဟာ ကိုယ်အုပ်စုလေးတွေနဲ့ကိုယ် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ရင်း ငါးဖမ်း၊ အမဲလိုက်၊ လုယက်ကြနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြတယ်။ အဲဒီခေတ်မှာဆိုရင် ယောကျာ်းတွေက မုဆိုးလုပ်ပြီး အစာရှာကျွေးကြပါတယ်။ အဲဒီအတွက် အိမ်ထောင်စုတွေမှာ သားများများမွေးဖို့လိုပါတယ်။ မုဆိုးများများရှိဖို့ လိုအပ်တာကိုး။ အမျိုးသမီးတွေကတော့ အိမ်မှာ ကလေးမွေး၊ ကလေးထိန်း၊ ချက်ပြုတ်လျှော်ဖွတ်တဲ့အလုပ်တွေကို လုပ်ကြရပါတယ်။ လင်ကိုဘုရား၊ သားကိုသခင် သဘောထားလေးစားကြတယ်။ ဒါဟာ မုဆိုးလူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများရဲ့ 'နေရာ' ပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းတသောင်းခန့်က စိုက်ပျိုးရေးကို စတင်လုပ်ခဲ့ကြတယ်။ စိုက်ပျိုးရေးနည်းပညာကြောင့် လူတွေအခြေတကျ နေထိုင်တတ်ပြီး ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းသမိုင်းမှာ စတင်နိုင်ခဲ့တယ်။ ဒီအခြေအနေကို တော်ဖလာက "ပထမလှိုင်း" လို့ သတ်မှတ်ထားပါတယ်။ အဲဒီ ပထမလှိုင်းမှာဆိုရင် လူ့အဖွဲ့အစည်းဟာ မြေယာကိုထွန်ယက်စိုက်ပျိုးပြီး နေထိုင်စားသောက်ကြတယ်။ တပိုင်နက်တည်းမှာ ယောကျာ်းတွေက မြေပေါက်ခုတ်ထွင်းရှင်းလင်းတဲ့အခါမှာ အမျိုးသမီးများကလည်း ကောက်စိုက်ပျိုးကြဲလုပ်ကြပါတယ်။ အမျိုးသမီးများဟာ မီးဖိုချောင်နဲ့ မီးနေခန်းထဲမှာသာ မနေတော့ပါဘူး။ ပထမလှိုင်းမှာ အမျိုးသမီးတွေရဲ့လုပ်အားလိုအပ်နေပြီဆိုတာကို သုံးသပ်လို့ရပါတယ်။ အဲဒီတော့ ပထမလှိုင်းလူ့အဖွဲ့အစည်းမှာ အမျိုးသမီးများအတွက် 'နေရာ'ဟာ အမျိုးသားရဲ့ ခပ်လှမ်းလှမ်းကနေပြီးတော့ လိုက်လာနေနိုင်ပါပြီ။

စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းတွေကို စက်မှုထုတ်ကုန်လုပ်ငန်းတွေနဲ့ အစားထိုးပြောင်းလဲပစ်လိုက်တဲ့အချိန်ကို မစ္စတာတော်ဖလာက "ဒုတိယလှိုင်း"လို့ ဆိုပါတယ်။ ဒုတိယလှိုင်း စက်မှုတော်လှန်ရေးကြီးမှာဆိုရင် အမျိုးသမီးတွေရဲ့လုပ်အားနဲ့ အခန်းကဏ္ဍဟာ ပိုပြီးလိုအပ်လာပါတယ်။ အဲဒီခေတ်မှာအမျိုးသမီးများဟာ ယောကျာ်းတွေနဲ့ အတူ စက်ရုံတွေမှာ အလုပ်လုပ်ကြပါတယ်။ ဝန်ချီစက်ကြီးများကို အမျိုးသားများက မောင်းနှင်ရင် အမျိုးသမီးများက မော်တာအပ်ချုပ်စက်ကို နင်းနေကြပါပြီ။ ကြွက်သားနဲ့ အင်ဂျင်ယန္တယားစွမ်းအင် ပေါင်းစပ်သုံးစွဲနိုင်တဲ့ ဒုတိယလှိုင်းမှာ အမျိုးသမီးများရဲ့ 'နေရာ'ဟာ ပထမလှိုင်း ကြွက်သားခေတ်မှာထက် အရှေ့ကိုရောက်ရှိလို့လာပါပြီ။

ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ ဆယ်စုနှစ်နှစ်ခုလောက် ဖြတ်သန်းပြီးချိန်မှာပဲ "တတိယလှိုင်း" လုံးကြီးဝင်ရောက်ခဲ့တယ်လို့ မစ္စတာ တော်ဖလာကဆိုပါတယ်။ တတိယလှိုင်းမှာ တော်ဖလာက နည်းပညာက လူ့အဖွဲ့အစည်းကို မောင်းနှင်တွန်းအားပေးနေတယ်လို့ဆိုပါတယ်။ တတိယလှိုင်း ယနေ့ခေတ်မှာဆိုရင် "ကြွက်သား" ကို အားကိုးအလုပ်လုပ်ရတဲ့ ခေတ်မဟုတ်တော့ပါဘူး။ ကွန်ပျူတာနည်းပညာတွေနဲ့ ခိုင်းစေတဲ့ကာလပါ။ ယောကျာ်းတွေနဲ့တန်းတူ အမျိုးသမီးတွေဟာ လပေါ်ကိုတောင် ခြေချနိုင်ခဲ့ပါပြီ။ တိုက်လေယာဉ်မောင်းတဲ့ အမျိုးသမီးလေသူရဲတွေရှိသလို တိုက်သင်္ဘောမောင်းတဲ့ အမျိုးသမီးကပ္ပတိန်တွေလည်း ရှိနေပါပြီ။ အဆင့်မြင့် ကွန်ပျူတာနည်းပညာများကို သုံးစွဲနေတဲ့ တတိယလှိုင်းမှာ အမျိုးသမီးများရဲ့ 'နေရာ'ဟာ ကြွက်သားနဲ့ အင်ဂျင်စွမ်းအင်ပေါင်းစပ်ထားတဲ့ ဒုတိယလှိုင်းမှာလိုမဟုတ်တော့ပါဘူး။ အမျိုးသားများလုပ်နိုင်တဲ့ အလုပ်တိုင်းကို အမျိုးသမီးများလည်း လုပ်လို့ရလာပါပြီ။ ဒါဟာ တတိယလှိုင်းက ဖန်တီးပေးထားတဲ့ဝန်းကျင်အခြေခံပါ။ တတိယလှိုင်း လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေရဲ့ "နေရာ" ဟာ ပြောင်းလဲသွားပါပြီ။

မကြာသေးခင်က ကောက်ယူထားတဲ့ စာရင်းဇယားများအရ ကမ္ဘာတဝှမ်းလုံးမှာ အိမ်မှုကိစ္စ ဗာဟီရအလုပ်များအပါအဝင် အမျိုးသမီးများအလုပ်လုပ်ရတဲ့ အလုပ်ချိန်ဟာ အမျိုးသားများထက်တောင် နေရာဒေသတော်တော်များများမှာ ပိုများနေတာကို တွေ့ရှိရပါတယ်။ ကုလသမဂ္ဂက ကောက်ယူထားတဲ့စာရင်းအရ တပတ်တာအတွင်း အလုပ်လုပ်ရတဲ့ အလုပ်ချိန်နာရီများအရ မြောက်အမေရိကနဲ့ ဩစတြေးလျမှာ အမျိုးသမီးများက (၄၉) နာရီ၊ အမျိုးသားများက (၅၀) နာရီ။ ဂျပန်မှာ အမျိုးသမီးများက (၅၇) နာရီ၊ အမျိုးသားများက (၅၅) နာရီ။ အနောက်ဥရောပက အမျိုးသမီးက (၄၉) နာရီ၊ အမျိုးသားများက (၄၄) နာရီ။ အရှေ့ဥရောပမှာ အမျိုးသမီးများက (၇၀) နာရီ၊ အမျိုးသားများက (၆၃) နာရီ။ လက်တင်အမေရိကမှာ အမျိုးသမီးများက (၆၀) နာရီ၊ အမျိုးသားများက (၅၅) နာရီ။ အာဖရိကမှာ အမျိုးသမီးက (၆၇) နာရီ၊ အမျိုးသားများက (၅၄) နာရီ။ အာရှတိုက်မှာ အမျိုးသမီးများက (၆၀) နာရီ။ အမျိုးသားများက (၄၉) နာရီ အသီးသီးရှိကြပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာရဲ့ တဝက်လောက် (အာဖရိကမှာဆိုရင် စားနပ်ရိက္ခာရဲ့ (၈၀) ရာခိုင်နှုန်းလောက်) ကို ထုတ်လုပ်နေသူတွေဟာ အမျိုးသမီးများဖြစ်ပါတယ်။

ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် ယနေ့ခေတ် တတိယလှိုင်းလူ့အဖွဲ့အစည်းမှာ အမျိုးသမီးများရဲ့ လုပ်အားမပါပဲ ကမ္ဘာကြီးရှင်သန်ဖို့ မဖြစ်နိုင်ပါဘူး။

ညိုမာ

(၂၁၊ ၅၊ ၂၀၀၆)

ဇွန်လ (၁၉) ရက်နေ့တွင် ကျရောက်သော (၁၀) ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသမီးများနေ့အားဂုဏ်ပြုပါသည်။

❖

# မစုစုနွေးလွတ်မြောက်၊ လူ့အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်မည်



မစုစုနွေး

အလုပ်သမားအခွင့်အရေးအတွက် တိုက်ပွဲဝင်သူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင် မစုစုနွေးသည် ယခုလ (၆) ရက်နေ့ နေ့လည်က ပြန်လည်လွတ်မြောက်လာပြီဖြစ်သည်။

ရန်ကုန်မြို့ အင်းစိန်ထောင်တွင် (၈) လနီးပါး ဖမ်းဆီးထောင်ချခြင်းခံခဲ့ရမှ ပြန်လည်လွတ်မြောက်လာသော မစုစုနွေးက လူ့အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟုဆိုသည်။

"အင်းစိန်ထောင်မှာ (၇) လနဲ့၊ (၂၃) ရက်နေ့ခဲ့ရတယ်။ ဒီနေ့ (၁) နာရီမှာ ပြန်လွတ်ပါတယ်။ ကျမအနေနဲ့ အဲန်အယ်လ်ဒီပါတီရဲ့တာဝန်တွေကို ဆက်လက်ထမ်းဆောင်သွားမယ်၊ အဓမ္မလုပ်အားပေးပပျောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမယ်"ဟု ရန်ကုန်အဲန်အယ်လ်ဒီရုံးချုပ်တွင် မစုစုနွေးက သတင်းထောက်များအား ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက မစုစုနွေးလွတ်မြောက်လာခြင်းသည် အာဏာပိုင်များဘက်မှ လုပ်အားပေးခိုင်းခြင်းအပေါ် အမြင်မှန်ရလာသည့်သဘော ဖြစ်ကောင်းဖြစ်နိုင်သည်ဟု သုံးသပ်သည်။

အသက် (၃၃) နှစ်အရွယ်၊ ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၊ ထန်းမနိုင်ရွာသူ မစုစုနွေးသည် ထန်းမနိုင် မြစ်နဒီကားလမ်းဖောက်ရာတွင် အဓမ္မလုပ်အားပေးခိုင်းစေသော ကျေးရွာအာဏာပိုင် (၃) ဦးအား ပထမဆုံးတရားစွဲဆို အနိုင်ရခဲ့ပြီးနောက် အာဏာပိုင်များက မစုစုနွေးကမိမိတို့အားခြိမ်းခြောက်ဆဲဆိုသည်ဟုဆိုကာ ပြန်လည်တရားစွဲခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်း၊ ကော့မှူးတရားရုံးက မစုစုနွေးအား ပြီးခဲ့သည့် အောက်တိုဘာလက ထောင်ဒဏ် (၁၈) လ ချမှတ်ခဲ့သည်။

ကုလသမဂ္ဂ နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီး (အိုင်အယ်လ်အို) က မစုစုနွေးမတရားထောင်ဒဏ်ချခံရသည်အပေါ် ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ပြီး၊ သူမ လွတ်မြောက်ရေးအတွက် အစဉ်တစိုက်တောင်းဆိုခဲ့သည်။ အိုင်အယ်လ်အိုအဖွဲ့ကြီးက စစ်တပ်အုပ်ချုပ်သောမြန်မာနိုင်ငံတွင် အတင်းအကြပ်လုပ်အားပေးခိုင်းစေမှုများ ဆက်လက်ရှိနေသည်ဟုဆိုသည်။

❖

# ယူအဲန်အိပ်ချ်စီအာရ် ညွှန်ကြားမှု ဒုက္ခသည်များစခန်းဝင်ရမည်

UNHCR (ခေါ်) ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတွင် (UNGUR) တွင်မှတ်ပုံတင်ထားပြီး၊ ဒုက္ခသည်အဖြစ် လျှောက်ထားသူများကို မိမိသဘောဖြင့် ဒုက္ခသည်စခန်းသို့ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း မေလ (၁၅) ရက်နေ့က ကြေညာသည်။

ယင်းကြေညာချက်အရ (UNHCR) လက်မှတ်ကိုင်ဆောင်ထားသူများသည် တာ့ခ်ခရိုင်ရုံး၏ ညွှန်ကြားမှုမရမချင်း စခန်းတွင်းသို့ ရွှေ့ပြောင်းသည့်အစီအစဉ်ကို မပြုလုပ်ကြရန်သတိပေးထားပြီး၊ အကယ်၍ မိမိသဘော ဒုက္ခသည်စခန်းသို့သွားရောက်လျှင် (UNHCR)က နောက်ဆက်တွဲပြဿနာများက တာဝန်ယူမည်မဟုတ်ဟု ဖော်ပြထားသည်။

မေလလယ်ပိုင်းက ဒုက္ခသည်စခန်းသို့ မိမိသဘောဖြင့်သွားရောက်ခဲ့သော နိုင်ငံရေးဒုက္ခသည်တချို့သည် ဒုက္ခသည်စခန်းအာဏာပိုင်များက ဝင်ခွင့်မပြု၍ မိမိတို့မူလနေရာသို့ပြန်ခဲ့ရသည်ကို ကြေညာချက်တွင် ဖော်ပြထားသည်။

ယခု အစီအစဉ်အသစ်အရ ဒုက္ခသည်အဖြစ် စိစစ်သောအစီအစဉ်အပါအဝင်၊ ဒုက္ခသည်များကို စခန်းများသို့ ပြန်လည်နေရာချထားပေးရေး အစီအစဉ်များအားလုံးကို ထိုင်းအစိုးရအာဏာပိုင်များကသာ ဆောင်ရွက်မည်ဖြစ်ပြီး၊ (UNGUR) က ကိုယ်စားလှယ်တဦးသာ ဒုက္ခသည်စိစစ်ရေးဘုတ်အဖွဲ့ (ပီအေဘီ) ၏ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ယခုအခါ ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်း (၉) ခုတွင် ဒုက္ခသည်ထောင်ပေါင်းများစွာသည် တတိယနိုင်ငံသို့ သွားရောက်ရန်စိတ်ဝင်စားနေသဖြင့်၊ အကယ်၍ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရပြီးသွားလျှင် တတိယနိုင်ငံသို့ အခြေချနိုင်ရေးအတွက် နှစ်နှင့်ချီ၍စောင့်ရမည်ဟုလည်း ဖော်ပြထားသည်။ ❖

# ကျောင်းဖွင့်ရာသီ ကျောင်းသားမိဘများ ကျောင်းစရိတ်အတွက်ရင်လေးဖွယ်

မြန်မာပြည်တွင်းကျောင်းများ၌ မူလတန်းကျောင်းသားတယောက်အတွက် ကျောင်းဝင်ကြေးများမှာ အနည်းဆုံးကျပ်တသောင်းကျော်ပေးသွင်းရပြီး နာမည်ကြီး ကျောင်းအချို့တွင် ကျပ်ငွေတသိန်းခွဲအထိ ကုန်ကျနေသဖြင့် ကျောင်းသားမိဘများအတွက် ရင်လေးဖွယ်ဖြစ်နေကြောင်းသိရှိရသည်။




ဇွန်လတွင်ဖွင့်သော မြန်မာကျောင်းများတွင် ကျောင်းသားများအတွက် ဝယ်ယူရသည့်ပြဋ္ဌာန်းစာအုပ်နှင့် စာရေးကိရိယာတို့၏ကုန်ကျစရိတ်မှာ အတန်းလိုက်၍ ကျပ် (၅၀၀) မှ (၁၀၀၀) အထိသာဖြစ်သော်လည်း ကျောင်းများတွင် အားကစားကြေး၊ မိဘဆရာအသင်းရန်ပုံငွေကြေး၊ ဆရာကန်တော့ပွဲကြေး၊ ဆုနှင်းသဘင်ကြေး၊ အဆောက်အဦနှင့် ပရိဘောဂကြေးစသော ခေါင်းစဉ်အမျိုးမျိုးဖြင့် အလှူငွေများကောက်ခံနေကြသည်ဟု ကျောင်းသားမိဘများက ဆိုသည်။

မြန်မာနိုင်ငံတွင် အစိုးရကျောင်းများ၌ အထက်တန်းအထိ အခမဲ့ပညာသင်ကြားခွင့်ပြုထားသည်ဆိုသည့်ဥပဒေသည် တည်ဆဲဖြစ်နေသော်လည်း လက်တွေ့တွင် ကျောင်းသားမိဘများသည် ကျောင်းအတွက် အလှူငွေမျိုးစုံကို တနှစ်ထက်တနှစ်တိုး၍သာ ပေးနေခဲ့ကြဆဲဖြစ်ပြီး၊ ကျောင်းများတွင် အလှူငွေမကောက်ခံရ ကြေညာထားသောအာဏာပိုင်များ၏အမိန့်ကိုလည်း လက်တွေ့လိုက်နာသူမရှိဖြစ်နေသည်ဟု သတင်းများကဆိုသည်။

အစိုးရကျောင်းများတွင် အဆောက်အဦနှင့်ပရိဘောဂများပြင်ဆင်စရိတ်၊ အထွေထွေအသုံးစရိတ်များကို အစိုးရမှ နှစ်စဉ်ဘဏ္ဍာရေးအသုံးစရိတ်ချမှတ်ပေးရသော်လည်း လုံလောက်အောင်မပေးနိုင်သည့်အတွက် သက်ဆိုင်ရာကျောင်းအုပ်များနှင့် မိဘဆရာအသင်းများမှ လိုအပ်ချက်များကိုဖြည့်ဆည်းရန် အလှူငွေကောက်ခံခဲ့ကြရာမှတဆင့် အားကစားကြေး၊ သီတင်းကျွတ်ဆရာကန်တော့ကြေးစသည်ဖြင့် ကောက်ခံသည့်ခေါင်းစဉ်များ တိုးပွားများပြားလာခဲ့ခြင်းဖြစ်သည်။

ကျောင်းသားသစ်တယောက်အတွက် ကျောင်းဝင်ကြေးများမှာလည်း ကျောင်း၏ ကျော်ကြားသည့် ဂုဏ်သတင်းကိုလိုက်၍ ကြေးကြီးကြီးပေးကြရသည်။ ဒဂုံမြို့နယ် အမှတ် (၁) အထက်တန်းကျောင်းတွင် ပညာသင်ကြားလိုပါက ဝင်ခွင့်ရရန်အတွက် ကျပ် (၁၀) သိန်းအထိပေးနေပြီး ကျောင်းတချို့တွင်လည်း ကျောင်းဝင်ခွင့်အတွက် ကွန်ပျူတာ၊ ပန်ကာ၊ စသည်ဖြင့် ပစ္စည်းများကို အလှူကောက်ခံနေသည်ဟု သိရှိရသည်။

အသစ်တိုးထားသည့် ဝန်ထမ်းတဦး၏ အနိမ့်ဆုံးလစာငွေမှာ တလလျှင် လစာငွေကျပ်တသောင်းခွဲ (၁၅၀၀၀) သာဖြစ်သဖြင့် သားသမီးများသောဝန်ထမ်းများအတွက် ကလေးကျောင်းသွားနိုင်ရေးအတွက် အဆင်မပြေဖြစ်နေကြသည်။

❖

# ကျောင်းကြိုပို့ကားများ မလုံလောက် မကွေးစက်မှုကျောင်းသားများဆန္ဒပြ

ပြီးခဲ့သည့်လ (၉) ရက်နေ့က ကျောင်းကြိုပို့ကားများအား လျှော့ချခံလိုက်ရသည်ကို မကျေနပ်သော မကွေးမြို့ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများသည် မြို့ပြင်ရှိ ၎င်းတို့၏ ကျောင်းရှိရာသို့ ခြေလျင်ကျောင်းတက်ခြင်းဖြင့် ငြိမ်းချမ်းစွာဆန္ဒပြပွဲတရပ်ကို ဆင်နွှဲခဲ့ကြသည်။

မကွေးနည်းပညာတက္ကသိုလ်တွင် ကျောင်းတက်နေသော ကျောင်းသားပေါင်း (၁၃၀၀) ခန့်ရှိပြီး ကျောင်းသား (၃၀၀) ခန့်မှာ မြို့တွင်းမှ ကျောင်းကားများဖြင့် ကျောင်းတက်နေသူများဖြစ်သည်။ ထိုကျောင်းသားများကို မြို့ပြင်ကျောင်းသို့ ကြိုပို့လုပ်ပေးနေခဲ့ရာမှ ဧပြီလဆန်းက ဓာတ်ဆီဈေးကိုးဆတက်သွားသောအခါ ကားအရေအတွက်ကို လျှော့ချခဲ့ကြောင်းသိရသည်။

ကျောင်းကားခများမှာ တလလျှင် (၁၅၀၀) ကျပ်မှ (၂၇၀၀) ကျပ်အထိ နှစ်ဆနီးပါးတိုးမြှင့်သွားခဲ့သော်လည်း ကျောင်းကားအရေအတွက်ကိုမူ လုံလောက်စွာစီစဉ်ပေးနိုင်ခြင်းမရှိသည့်အတွက် ကျောင်းသား (၄၀) နီးပါးမှာ နေ့စဉ်နှင့်အမျှ လမ်းလျှောက်ကာကျောင်းတက်နေခဲ့ကြရသည်။

ကျောင်းသူကျောင်းသားပေါင်း (၂၅၀) ခန့်သည် မကွေးမြို့တွင်း သုခိတာလမ်းမအထက (၁) လမ်း၊ ထိုမှတဆင့် မြို့ပတ်လမ်းသို့ရောက်လာကြပြီးနောက် မကွေးမြို့ပြင်ရှိ နည်းပညာကောလိပ်အထိ (၇) မိုင်ခရီးကို ခြေလျှင်လမ်းလျှောက်ခြင်းဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။

ကျောင်းကားများကို လုံလောက်သည် အရေအတွက်တိုးပေးရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့သို့ (၃) ကြိမ်ထက်မနည်း တင်ပြခဲ့သော်လည်း ၎င်းတို့၏တာဝန်မယူမှုကြောင့် ဆန္ဒပြခဲ့ရခြင်းဖြစ်သည်ဟု ကျောင်းသားများကဆိုသည်။

ကျောင်းအုပ်ဆရာမကြီးက ကျောင်းတွင်းဆူပူမှုများ ဖြစ်လာမည်စိုးသည့်အတွက် စာသင်ခန်းတခါးများကိုပိတ်ထားခဲ့ပြီး ကျောင်းတွင်းရှိ ကျောင်းသားများကို အပြင်သို့ထွက်ခွင့်မပေးခဲ့ဘဲ အပြင်ရှိ ဆန္ဒပြကျောင်းသားများနှင့် ညှိနှိုင်းမှုများပြုခဲ့သည်။ နောက်တနေ့တွင် ကျောင်းကားလုံလောက်အောင် စီစဉ်ပေးခြင်းနှင့် ကျောင်းကားခများကိုလည်း မူလဈေးနှုန်းသို့ ပြန်လည်လျှော့ချပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ဖြေရှင်းပေးခဲ့ကြောင်းသိရသည်။

မြန်မာပြည်၏ တခုတည်းသော ရန်ကုန်စက်မှုတက္ကသိုလ်ကိုပိတ်၍ နယ်ကောလိပ်များအဖြစ် ခွဲထုတ်လိုက်ချိန်မှစ၍ မကွေးမြို့ပြင်တွင်လည်း နည်းပညာတက္ကသိုလ်တခုကို စစ်အစိုးရမှ အသစ်တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ကြိုပို့လုပ်ပေးနေသည့် ကားများမှာလည်း အစိုးရကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှ တီအီး (၁၁) ကုန်တင်ကားများဖြစ်ပြီး အလွန်ပင်အိုဟောင်းနေပြီဖြစ်ကြောင်းသိရှိရသည်။

❖

# ဇာဂနာ၏အနုပညာလုပ်ငန်းအားလုံး ပိတ်ပင်ခံရ

သကြင်္န်ကာလအတွင်းက ဘီဘီစီနှင့် အင်တာဗျူးတွင် လူရွှင်တော်ဟာသသရုပ်ဆောင်အဖြစ် လူသိများထင်ရှားသူ စွယ်စုံအနုပညာရှင်ဇာဂနာ၏ ပြောဆိုချက်များအပေါ် မနှစ်သက်၍ နအဖအာဏာပိုင်များက သူ၏ အနုပညာလုပ်ပိုင်ခွင့်အားလုံးကို ပိတ်ပင်လိုက်ကြောင်းသိရှိရသည်။

ဘီဘီစီနှင့် အင်တာဗျူးတွင် ဇာဂနာက လူငယ်များ အရက်သောက်အောင် သကြင်္န်ကာလတွင် အရက်ကုမ္ပဏီများကို စပွန်ဇာပေးနေကြောင်း၊ သကြင်္န်သံချပ်များကို ပိတ်ပင်ထားခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို ပိတ်ပင်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့် ယခုကဲ့သို့ အရေးယူခံခဲ့ရသည်အပေါ် နားမလည်နိုင်ဖြစ်ရသည်ဟုဆိုသည်။

ထို့အပြင် စက်မှု (၁) မှ စပီရိုလိုင်းနား (ခေါ်) ပရိဗီမင်ဆေးကြော်ငြာတွင် စပီရိုလိုင်းနား ရေညှိထွက်သည့်နိုင်ငံအမည်များကို ရွတ်ပြရာ၌ "ထိုင်ဝမ်"ကို နိုင်ငံအဖြစ် သုံးနှုန်းလိုက်သည့်အပေါ်တွင်လည်း အာဏာပိုင်များက နိုင်ငံခြားရေးမူဝါဒနှင့် ကိုက်ညီမှုမရှိဟုဆိုကာ သူ့အား အနုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုခွင့်ကို ပိတ်ပင်လိုက်သည်ဟု ဇာဂနာက သတင်းဌာနများသို့ရှင်းပြသည်။

ဤသို့ပိတ်ပင်ရာတွင် ဇာဂနာအမည်နှင့်သာမက အမည်ရင်း မောင်သူရအမည်ကိုပါ သုံးခွင့်ပြုလိမ့်မည်မဟုတ်ကြောင်းကို ညွှန်မှူးအဆင့်ရှိသူများက ခေါ်ယူပြောကြားခဲ့ကြောင်း သတင်းများကဆိုသည်။ ထို့အပြင် အခြားစာရေးဆရာနှင့် ဆောင်းပါးရှင်များသည်လည်း ဇာဂနာဆိုသောအမည် တလုံးတလေကိုသုံး၍ ဆောင်းပါး၊ ဝတ္ထုများရေးသားပုံနှိပ်ထုတ်ဝေခြင်းကိုပါ ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ဇာဂနာသည် သွားဖက်ဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသားဘဝကပင် လူရွှင်တော်အဖြစ် စတင်ကျော်ကြားလာခဲ့ပြီး သူ၏ ပြောင်မြောက်သော နိုင်ငံရေးပြက်လုံးများက (၈၈) အရေးအခင်း မတိုင်ခင်ကာလများအတွင်း လူတန်းစားအလွှာအသီးသီးကြားတွင်ရေပန်းစားထင်ရှားလာခဲ့သည်။


ဇာဂနာ

အစိုးရကိုသရော်သော အငြိမ့်ပြက်လုံးများကြောင့် (၈၈) တွင်တကြိမ်၊ ပြန်လွတ်ပြီးနောက် (၈၉) တွင်တကြိမ် ထောင်ကျခဲ့သောဇာဂနာသည် (၁၉၉၄) ခုနှစ်တွင် ထောင်မှ ပြန်လွတ်လာခဲ့သော်လည်း အငြိမ့်ပြန်ကခွင့်မရခဲ့ပေ။

ဇာဂနာအမည်ဖြင့် လူရွှင်တော်ဖြစ်ခွင့်မရတော့သည့်အတွက် အမည်ရင်းမောင်သူရဖြင့် ရုပ်ရှင်နှင့်ဗွီဒီယိုဇာတ်ညွှန်းများရေးခြင်းနှင့် ရုပ်ရှင်လောကနှင့် စာပေလောကတို့တွင်ရပ်တည်အသက်မွေးခဲ့သူ ဇာဂနာသည် အကြောင်းပြချက်ရေရာမှုမရှိဘဲနှင့် (၁၉၉၆) မှ (၂၀၀၀) ခုနှစ်အထိလည်း သူ၏ အနုပညာလုပ်ငန်းများလုပ်ကိုင်ခွင့်ကို အပိတ်ခံခဲ့ရပြီးဖြစ်သည်။

ထိုသို့အပိတ်ခံရသည်မှာ သူ့အတွက် အထူးအဆန်းမဟုတ်သော်လည်း ထောင်ထဲတွင်နေခဲ့သော (၅) နှစ်နှင့် (၉၄) ခုနှစ်ထောင်မှလွတ်လာပြီး ကတည်းက (၁၂) နှစ် စုစုပေါင်း (၁၇) နှစ်တာကာလလုံး ကခွင့်မရခဲ့သည့်အငြိမ့်ကို အခုမှလာပြီးပိတ်ပင်လိုက်သည်ဟုပြောခြင်းကိုမူ လုံးဝနားမနိုင်ဖြစ်ရသည်ဟု ဇာဂနာကပြောသည်။

လွန်ခဲ့သောနှစ်များက မြန်မာပြည်မှ ထုတ်ဝေသော မဂ္ဂဇင်းတစောင်နှင့်အင်တာဗျူးတွင် လုပ်ချင်တာလုပ်ခွင့်မရှိခြင်းများကြောင့် မွန်းကျပ်နေသည့်စိတ်ဖြင့် မကြာခဏနေမကောင်းဖြစ်ရကြောင်းနှင့် သူ၏ အာရုံကြောများကို ထိခိုက်စေကြောင်း ပြောသွားခဲ့ဖူးသည်။❖

# အင်တာနက်ခေတ်၏ ရန်သူစာရင်းတွင် အာဏာရှင်နှစ်နိုင်ငံထိပ်ဆုံးကပါဝင်

နာမည်ဆိုးဖြင့်ကျော်ကြားသော မြန်မာနိုင်ငံမှ နအဖအုပ်စုသည် သတင်းနှင့်အင်တာနက်ခေတ်၏ အကြီးဆုံးရန်သူဖြစ်နေပြီဟု နိုင်ငံတကာအဖွဲ့အစည်းများ၏ ယခုနောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

နယူးယောက်အခြေစိုက် သတင်းထောက်များကာကွယ်ရေးအဖွဲ့ (စီပီဂျေ)၏ မတ်လ (၃) ရက်နေ့ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် မြောက်ကိုးရီးယားပြီးလျှင် ကမ္ဘာပေါ်တွင် ဆင်ဆာဖြတ်တောက်မှု အဆိုးဆုံးနိုင်ငံဖြစ်သည်ဟု ဖော်ပြထားသည်။

နိုင်ငံတကာသတင်းလွတ်လပ်ခွင့်နေ့တွင်ထုတ်ပြန်သော စီပီဂျေ၏အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် မြန်မာ့အလင်း၊ ကြေးမုံစသော နေ့စဉ်သတင်းစာအားလုံးအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုင်း (၃) ခုစလုံး စစ်အစိုးရ၏ထိန်းချုပ်မှုကို ခံထားရပြီး၊ မဂ္ဂဇင်းစာစောင်များအားလုံးလည်း စာပေစိစစ်ရေးအဖွဲ့ဖြင့် တင်းကြပ်ခံထားရသည်ဟု ဖော်ပြထားသည်။

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (အာရ်အက်ဖ်) ကလည်း အလားတူ အစီရင်ခံစာတစောင်ထုတ်ပြန်ရာတွင် နအဖအုပ်ချုပ်သော မြန်မာနိုင်ငံသည် အာဏာရှင်မြောက်ကိုးရီးယားနိုင်ငံနှင့်အတူ အင်တာနက်ရန်သူများစာရင်းတွင် ထိပ်ဆုံးမှစာရင်းပေါက်ခဲ့သည်။

အာရ်အက်စ်အက်ဖ်၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် အတိုက်အခံအင်အားစုများ၏ ဝက်ဆိုဒ်များအပါအဝင် အင်တာနက်ဝက်ဆိုဒ် အမြောက်အမြားကို အပိတ်ထားပြီး၊ အင်တာနက်အသုံးပြုသူများသည် အသုံးပြုနေစဉ်တွင် (၅) မိနစ်တခါ ထောက်လှမ်းခံနေရသည်ဟု ဖော်ပြထားသည်။

မြန်မာတနိုင်ငံလုံးတွင် အင်တာနက်ဆိုင်ဆယ်ဂဏန်းခန့်ရှိပြီး ဝက်ဆိုဒ် ဘီဘီစီ၊ ဗွီအိုအေအပါအဝင် နာမည်ကြီးသတင်းဌာနများနှင့် မြန်မာနိုင်ငံအကြောင်းရေးသားထားသော အင်တာနက်စာမျက်နှာများ အတော်များများကို ပိတ်ပင်ထားကြောင်း ရန်ကုန်မှအင်တာနက်အသုံးပြုတဦးကပြောသည်။ ❖

# နအဖဝန်ကြီး (၂) ဦးဖြုတ်၊ (၄) ဦးခန့်

နအဖစစ်အစိုးရက မြို့တော်ကို ပျဉ်းမနားသို့ရွှေ့ပြောင်းပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ဝန်ကြီး (၂) ဦးနှင့် ဒု–ဝန်ကြီးတဦးကို တာဝန်မှ အနားပေးလိုက်ပြီး ဝန်ကြီး (၄) ဦးကို အသစ်ခန့်အပ်လိုက်ကြောင်း မေလ ( ) ရက်နေ့တွင် နအဖက ကြေညာသည်။

အတွင်းရေးမှူး (၁) ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး ပြန်လည်နေရာချထားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပူးတွဲဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့နှစ်ဦးအပြင် လူဝင်မှုကြီးကြပ်ရေးဌာန၏ ဒု–ဝန်ကြီး ဦးမောင်အောင်ကိုလည်း တာဝန်မှ အနားပေးလိုက်ကြောင်းဖော်ပြထားသည်။

ဗိုလ်ချုပ်စိန်ထွား၏နေရာတွင် ဗိုလ်ချုပ်မောင်အေး၏ယောက်ဖ ကမ်းရိုးတန်းစစ်တိုင်းဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေအားလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏နေရာတွင် ဗိုလ်ချုပ်ခင်အောင်မြင့်အားလည်းကောင်း အသီးသီးခန့်အပ်ခဲ့သည်။

ထို့အပြင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်အား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သော အမှတ် (၂) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း၊ သမဝါယမဝန်ကြီးဖြစ်သူ ဗိုလ်မှူးကြီးဇော်မင်းအား အမှတ် (၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးနှင့် လက်ရှိ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်အား သမဝါယမဝန်ကြီးအဖြစ် နေရာချင်းပြောင်းလဲခန့်အပ်ခဲ့သည်။

ဒု–ဝန်ကြီး (၄) ဦးကိုလည်း အသစ်ခန့်အပ်ခဲ့ရာ ဗိုလ်ချုပ်အောင်ကြည်အား လူဝင်မှုနှင့်လူအင်အားဝန်ကြီးဌာန၊ ဒေါက်တာပိုင်စိုးအား ကျန်းမာရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကြည်ဝင်းနှင့် ဗိုလ်ချုပ်အေးမြင့်တို့အား ကာကွယ်ရေးဝန်ကြီးဌာနများတွင်တာဝန်ပေးအပ်ခဲ့သည်။

ထို့အပြင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် (၄) ဦးအဖြစ် ဗိုလ်မှူးချုပ်ဝင်းအောင်၊ ဗိုလ်မှူးချုပ်စိုးဦး၊ ဗိုလ်မှူးချုပ်ညီထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်အောင်တို့ကို ခန့်အပ်လိုက်သည်။ အရှေ့ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကို စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့ အကြီးအကဲအဖြစ်ခန့်အပ်ခဲ့သည်။

တိုင်းမှူးအသစ် (၆) ဦးကိုလည်း ခန့်အပ်ခဲ့ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထဋ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်၊ ကမ်းရိုးတန်းတိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နေပြည်တော်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းတို့ဖြစ်သည်။

၎င်းရာထူးအပြောင်းအလဲများအား နေပြည်တော်မြို့သစ်ရှိ စစ်ရုံးချုပ်တွင် မေလ (၁၃) ရက်နေ့က ကျင်းပသော တိုင်းမှူးတပ်မမှူးများ၏ (၄) လပတ် အစည်းအဝေးအတွင်းပြုလုပ်ခဲ့ပြီး အထိအနာဆုံးဖြစ်သွားရသူမှာ ဝန်ကြီးချုပ် စိုးဝင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းကဆိုသည်။ ၎င်းသည် လက်ရှိရာထူးဖြစ်သော လေကြောင်းရန်ကာကွယ်ရေးဦးစီးချုပ် ရာထူးကိုစွန့်လွှတ်ခဲ့ရပြီး ဝန်ကြီးချုပ်အဖြစ်ရှိနေစဉ် စစ်တပ်အတွင်း ရာထူးလက်ကိုင်မရှိဖြစ်ခဲ့ရသည်ဟု သတင်းတွင်ဖော်ပြထားသည်။

❖

# ဗိုလ်ချုပ်ခင်ညွန့်၏ ဌာနချုပ်ကို ငှားရမ်းလိုက်ကြပြီ

ရန်ကုန်မြို့ (၈) မိုင်လမ်းဆုံရှိ စစ်ထောက်လှမ်းရေးဌာနချုပ်အဖြစ် ဖွင့်လှစ်ခဲ့သော အဆောက်အဦးများကို ပုဂ္ဂလိကကုမ္ပဏီတခုဖြစ်သော (Myanmar Emperor) ကုမ္ပဏီသို့ တလလျှင် ကျပ်သိန်းနှစ်ဆယ်ဖြင့် အနှစ်သုံးဆယ်စာချုပ်ချုပ်ဆိုကာ ငှားရမ်းလိုက်ပြီဖြစ်ကြောင်း ပြည်တွင်း (Seven Eleven) စာစောင်တွင်ဖော်ပြထားသည်။

ရှစ်မိုင်လမ်းဆုံ၊ မြိုင်ဟေဝန်ပန်းခြံနှင့် မျက်နှာချင်းဆိုင်တည်ရှိသော အဆိုပါ အဆောက်အဦးများကို ယခင် ဗိုလ်ချုပ်ခင်ညွန့်တန်းခိုးထွားစဉ်က စစ်အုပ်စုအတွက် ထောက်လှမ်းရေးဌာနချုပ်ဖြစ်ခဲ့ပြီး၊ (၂၀၀၄) အောက်တိုဘာ ဗိုလ်ချုပ်ခင်ညွန့်ကို ဖမ်းဆီးကာ စစ်ထောက်လှမ်းရေးယန္တယားကို ဖျက်ဆီးပစ်လိုက်သောအခါ ထောက်လှမ်းရေးရုံးများကိုလည်း ပိတ်ပစ်ခဲ့ခြင်းဖြစ်သည်။

လေ့လာဆန်းစစ်သူတဦးက ယခု ငှားရမ်းမှုသည် နအဖ၏ကြပ်ပြေးတည်ဆောက်ရေးလုပ်ငန်းတွင် ငွေကြေးလိုအပ်ချက်များကိုကာမိစေရန် ရည်ရွယ်လုပ်ဆောင်ဖြစ်သည်ဟုသုံးသပ်သည်။

ယခု ငှားရမ်းလိုက်သော ထောက်လှမ်းရေးဌာနချုပ်ဟောင်း အနီးအနားတွင်လည်း မြိုင်ဟေဝန်အိမ်ရာ၊ (Junction 8)၊ စသော အထပ်မြင့် အဆောက်အဦများတည်ရှိသည်။

❖

# နအဖစစ်တပ်၏ ရာဇဝတ်ကျူးလွန်မှုများကို အဆင်မြင့်ဂြိုလ်တုနည်းပညာဖြင့်ဖော်ထုတ်မည်

ဝါရှင်တန်အခြေစိုက် သိပ္ပံတိုးတက်ရေးဆိုင်ရာအမေရိကန်အဖွဲ့တဖွဲ့က စစ်အုပ်စု၏ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို တလအတွင်း ဂြိုလ်တုမှတ်တမ်းရိုက်ကူး၍ စုံစမ်းဖော်ထုတ်သွားမည်ဟု ဇွန်လ (၂) ရက်နေ့ထုတ် ဧရာဝတီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံအခြေစိုက် ဧရာဝတီဌာန၏ အဆိုအရ အဆိုပါ အမေရိကန်သိပ္ပံအဖွဲ့သည် အမေရိကန်အခြေစိုက် ( US Campaign for Burma) အဖွဲ့နှင့်ပူးပေါင်း၍ နအဖတပ်က ကရင်ရွာတွင်း ရွာများတွင် ကျူးလွန်သောရွာများအားမီးရှို့ခြင်း၊ စိုက်ခင်းများအား ဖျက်ဆီးခြင်းအပါအဝင် လူသတ်မှု၊ မုဒိမ်းမှုစသော လူမဆန်မှုများကို သက်သေအထောက်အထားများ ရှာဖွေသွားမည်ဟု သိရှိရသည်။

လောလောဆယ်တွင် သိပ္ပံတိုးတက်ရေးဆိုင်ရာ အမေရိကန်အဖွဲ့ကြီးသည် ကရင်ပြည်နယ်အတွင်းက မီးရှို့ခံကျေးရွာများကို တိတိကျကျသိရှိနိုင်ရန်အတွက် နာမည်ကျော် အမျိုးသားလေကြောင်းနှင့် အာကာသဌာန (NASA) တွင်ရှိသော ဂြိုလ်တုဓာတ်ပုံများကို စတင်လေ့လာပြီး၊ သေချာသည်နှင့် (Quickbird) အမည်ရှိ ဂြိုလ်တုမှ လတ်တလောရိုက်ကူးထားသည့် ဓာတ်ပုံများကိုရယူမည်ဖြစ်သည်ဟုလည်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

(Quickbird) သည် အလွန်ကြည်လင်ပြတ်သားသောဓာတ်ပုံများကို ရိုက်ကူးပေးနိုင်သည့် အစွမ်းအထက်ဆုံးစီးပွားရေးဆိုင်ရာဂြိုလ်တုဖြစ်သည်။

ပထမတွင် ၎င်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များကို အဓိကထားဖော်ပြရန်ကြံရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာများ အဖျက်ဆီးခံနေရသည့်အကြောင်းကို မှတ်တမ်းတင်ရန်ဆုံးဖြတ်ခဲ့သည်။

အလားတူနည်းပညာမျိုးကို ဇင်ဘာဘွေနိုင်ငံအတွင်းက အရပ်သားနေအိမ်ရပ်ကွက်များ အဖျက်ဆီးခံရပုံအား မှတ်တမ်းတင်ရာတွင် အသုံးပြုခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

❖

# ကရင်ရွာများအား နအဖတပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ပေးရန် အမေရိကန်တောင်းဆို



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က မြန်မာနအဖအနေဖြင့် ကရင်တိုင်းရင်းသားများအပေါ် တိုက်ခိုက်နေမှုများကိုအဆုံးသတ်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ရန်တိုက်တွန်းလိုက်သည်။

မေလ (၃၀) ၊ ဒီပဲယင်း အကြမ်းဖက်ခံရခြင်း (၃) နှစ်ပြည့်တွင် ပြောကြားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မိန့်ခွန်းတွင် နအဖအနေဖြင့် ကရင်ရွာသား (၁၂၀၀၀) ကျော် အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော တိုက်ခိုက်နေမှုများကို အဆုံးသတ်ရန်တိုက်တွန်းခဲ့သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ကမ်းလှမ်းချက်ကို သည်ငြိမ်းချမ်းရေးအတွက်ဆွေးနွေးရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ရှေ့ရှုသဖြင့် နအဖအနေဖြင့် လက်ခံရန်အချိန်အခါရောက်နေပြီဟုပြောသည်။

"နအဖအနေနဲ့ အကောင်းဘက်ကို ဦးတည်တဲ့နိုင်ငံရေးခြေလှမ်းကို လှမ်းမည်ဆိုလျှင် နိုင်ငံတကာအသိုင်းအဝိုင်းဆီက ကောင်းမွန်သော တုံ့ပြန်မှုကိုရမှာမလွဲပါဘူး" ဟု မစ္စရိုက်ကဆိုသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာလူထုသည် လွန်ခဲ့သော (၁၆) တာကာလအတွင်း ဖိနှိပ်သောအစိုးရအောက်တွင်နေခဲ့ရသော်လည်း ဒီမိုကရေစီလိုလားသောဆန္ဒမှာ ရင့်သန်နေဖြစ်သလိုရဲစွမ်းသတ္တိလည်း ယခုတိုင် လျော့ရဲသွားခြင်းမရှိကြောင်း၊ ပြည်သူများ၏ ဂုဏ်သိက္ခာရှိမှုနှင့် ငြိမ်းချမ်းရေးမျှော်မှန်းချက်များသည် အာဏာရှင်စစ်တပ်ထက် အဆမတန်အင်အားကြီးမားကြောင်း ထည်သွင်းပြောကြားခဲ့သည်။

"မြန်မာပြည်သူလူထုကိုပြောချင်တာက သင်တို့ရဲ့ ဒီမိုကရေစီဆန္ဒတွေရှိနေသမျှကာလပတ်လည်း အမေရိကန်ပြည်ထောင်စုဟာ သင်တို့နှင့်အတူရပ်တည်နေမှာဖြစ်တယ်။ သင်တို့ရဲ့ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးဆန္ဒတွေပြည့်မြောက်တဲ့အထိ အမေရိကန်ပြည်ထောင်စုက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်။"ဟု ပြောကြားခဲ့သည်။

ထို့အပြင် စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား ကိုယ်ထိလက်ရောက်တိုက်ခိုက်ခဲ့သော ဒီပဲယင်အဖြစ်အပျက်အတွက် တရားမျှတသောစုံစမ်းမှုများဆောင်ရွက်ရန် မစ္စရိုက်စ်က တိုက်တွန်းခဲ့သည်။❖

# ဒေါ်အောင်ဆန်းစုကြည်ကို မတရား ချုပ်နှောင်မှုသက်တမ်းတိုးလိုက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အဲန်စီယူဘီ)က ကြေညာချက်ထုတ်ပြန်

၁။ ၁၉၉၀–မေလ ရွေးကောက်တွင် ပြည်သူလူထုက တခဲနက်ရွေးချယ်တင်မြှောက်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို မတရားဖမ်းဆီးချုပ်နှောင်ထားခြင်းအား နောက်ထပ်သက်တမ်းတိုးလိုက်ခြင်းသည် ပြည်တွင်းပြည်ပနှစ်ရပ်စလုံး၏ ပြင်းပြသောဆန္ဒကို ပြောင်းပြောင်းတင်းတင်းဆန့်ကျင်စော်ကားလိုက်ခြင်းဖြစ်သည်။ နအဖစစ်အုပ်စု၏ ဤဆိုးဝါးသည့်လုပ်ရပ်ကို အဲန်စီယူဘီက ပြင်ထန်စွာကန့်ကွက်ရှုံ့ချလိုက်သည်။

၂။ ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားချုပ်နှောင်မှုအား သက်တမ်းတိုးလိုက်ခြင်းသည် တိုင်းပြည်၏အခြေခံနိုင်ငံရေးပြဿနာများကို တရားမျှတအေးချမ်းစွာ ဆွေးနွေးဖြေရှင်းရေးလမ်းကြောင်းကိုဆန့်ကျင်၍ စစ်အုပ်စု၏ မူလအပြုတ်တိုက်ရေးလမ်းစဉ်ကို ဆက်လက်ကျင့်သုံးသွားမည်ဟု အတိအလင်းဖော်ပြလိုက်ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် လူမျိုးစုံပြည်သူများ စစ်အာဏာကြီးစိုးမှုဆန့်ကျင်ရေးအင်အားစုများအနေဖြင့် နအဖစစ်အုပ်စု၏ ဤပြုတ်တိုက်ရေးပေါ်လစီကို ရဲရင့်စွာရင်ဆိုင်တိုက်ဖျက်သွားကြရမည်ဖြစ်သည်။

၃။ ဒေါ်အောင်ဆန်းစုကြည်သည် ရိုးသားဖြောင့်မတ်သည့် ကိုယ်ကျိုးစွန့်အနစ်နာခံသည့် နိုင်ငံရေးရပ်တည်ချက်ခိုင်မာပြတ်သားသည့် သူရသတ္တိနှင့်ပြည်စုံသည့် ပြည်သူတရပ်လုံး ထောက်ခံယုံကြည်သည့် တိုင်းပြည်ကိုရှေ့ဆောင်ရန်ဥာဏ်ပညာနှင့်ပြည့်စုံသည့် နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို တခဲနက်ထောက်ခံကြရမည်။ ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေး၊ ဒေါ်အောင်ဆန်းစုကြည်၏ လွတ်မြောက်ရေးအတွက်တိုက်ပွဲဝင်ကြရမည်။ တိုင်းပြည်လွတ်မြောက်ရေးအတွက်တိုက်ပွဲဝင်ကြရမည်။

၄။ ယနေ့တိုင်းပြည်၏ အခြေအနေသည် နအဖစစ်အုပ်စုအပေါ် အသနားခံရမည့်ကာလ၊ တိုင်းပြည်အပေါ် နအဖစစ်အုပ်စု၏ တရားစီရင်ချက်ချမှတ်မည့်ရက်ကို ထိုင်စောင့်ကြရမည့်ကာလမဟုတ်ချေ။ တိုင်းပြည်ကို အဆုံးစွန်ဖျက်ဆီးပစ်ခဲ့သည့် ဤနအဖစစ်အုပ်စုကို ဘက်ပေါင်းစုံတိုက်ပွဲဆင်ရမည့်ကာလ၊ စစ်အာဏာကြီးစိုးမှုကိုဖျက်သိမ်းပစ်ရေး၊ တိုင်းပြည်ကယ်တင်ရေး၊ တိုင်းပြည်လွတ်မြောက်ရေးအတွက် အပြင်းအထန်တိုက်ပွဲဝင်ကြရမည့်ကာလဖြစ်သည်။

၅။ နိဂုံးချုပ်အနေဖြင့် ကမ္ဘာပေါ်တွင် အကျည်းတန်စွာဖြစ်တည်လာခဲ့ကြသည့် အာဏာရှင်ကြီးစိုးမှုအားလုံးသည် အလိုအလျောက်အာဏာစွန့်သွားကြသည့် သာဓကမျိုးမရှိချေ။ ပြင်းထန်သောတိုက်ပွဲဖြင့်သာ အာဏာစွန့်သွားကြခြင်းဖြစ်သည်။ အထူးသဖြင့် သက်ဆိုင်ရာနိုင်ငံမှ လူမျိုးစုံပြည်သူတို့၏ ပြင်းထန်သောတိုက်ပွဲဖြင့်သာ အာဏာစွန့်သွားကြသူများဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ ရဲစွမ်းသတ္တိမျိုး၊ မစုစုနွေး၏ သတ္တိမျိုး၊ ပါမောက္ခဆလိုင်းထွန်းသန်း၏ သတ္တိမျိုးကိုမွေးပြီး ယနေ့မှစ၍ တဆင့်တက်တိုက်ပွဲဝင်သွားကြရန် လူမျိုးအားလုံး၊ ပြည်သူအားလုံး၊ နိုင်ငံရေးပါတီအဖွဲ့အစည်းအာလုံးနှင့် ဗမာတပ်မတော်အတွင်းမှ မျိုးချစ်ပြည်ချစ်တပ်မှူး၊တပ်သား၊ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအားလုံး ပါဝင်သည့် လူထုတိုက်ပွဲတရပ်ဖော်ဆောင်ရန်လိုအပ်လာပြီဖြစ်ကြောင်း တပ်လှန့်နှိုးဆော်လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီဂျီယူဘီ)
နေ့စွဲ– ၂၀၀၆ခုနှစ်၊ မေလ (၂၉)ရက်။

# မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(တာဝန်သိမှု၊ အခွင့်အရေး)

## အိုင်အယ်လ်အိုမှ နအဖစစ်အုပ်စုအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးယူရန်တိုက်တွန်းချက်

မိတ်ဆွေများခင်ဗျား။

၁။ (၂၀၀၀) ပြည့်ခုနှစ် ဇွန်လတွင် အိုင်အယ်လ်အိုညီလာခံကြီးမှ မြန်မာစစ်အုပ်စုသည် အိုင်အယ်လ်အိုတွင် သဘောတူလက်မှတ်ရေးထိုးထားသည့် အဓမ္မအလုပ်စေခိုင်းခြင်းမပြုရ ပြဋ္ဌာန်းချက်အမှတ် (၂၉) နှင့် လွတ်လပ်စွာအသင်းအဖွဲ့များဖွဲ့စည်းပိုင်ခွင့်၊ စုရုံးပိုင်ခွင့်ပြဋ္ဌာန်းချက်အမှတ် (၈၇) တို့ကို စနစ်တကျချိုးဖောက်နေခြင်းတို့ကြောင့် စစ်အုပ်စုအပေါ်တွင် အရေးယူအပြစ်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၂။ ထိုဆုံးဖြတ်ချက်တွင် အိုင်အယ်လ်အို ပုဒ်မ (၃၃) နှင့်အညီ အရေးယူဆောင်ရွက်သွားရန်ချမှတ်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့်ပတ်သက်၍ “စီးပွားရေးနှင့်လူမှုရေးကောင်စီ ” (ECOSOC) သို့ တင်သွင်းရန်၊ အိုင်အယ်လ်အိုစုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များကို မြန်မာနိုင်ငံမှ လက်တွေ့အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းနှင့်ပတ်သက်၍ အစီအစဉ်တခုအနေဖြင့် ၎င်း၏လုပ်ငန်းအစီအစဉ်တွင်ထည့်သွင်းပေးရန်၊ မေတ္တာရပ်ခံပေးရန်နှင့် အစိုးရများနှင့် အခြားအထူးအေဂျင်စီအဖွဲ့အစည်းများမှ အကြံပြုတိုက်တွန်းချက်များကို လက်ခံကျင့်သုံးရန် ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC ) သို့မဟုတ် ကုလသမဂ္ဂအထွေထွေညီလာခံ သို့မဟုတ် နှစ်ဖွဲ့စလုံးမှနေ၍ ညွှန်ကြားပေးရန်နှင့် အဆိုပြုထားသောတောင်းခံချက်များကို ထည့်သွင်းပေးရန်တို့ပါဝင်သည်။

၃။ စစ်အုပ်စုသည် (၂၀၀၀) ခုနှစ် ဆုံးဖြတ်ချက်ကို လိုက်နာခြင်းမရှိသည့်အပြင် အဓမ္မအလုပ်စေခိုင်းခြင်းကို စနစ်တကျဆက်လက်လုပ်ကိုင်နေပြီး အဓမ္မအလုပ်စေခိုင်းခြင်းကိစ္စများနှင့်ပတ်သက်၍ ရန်ကုန်ရှိအိုင်အယ်လ်အိုဆက်သွယ်ရေးရုံးသို့ ဆက်သွယ်အကြောင်းကြားခဲ့သည့် မစုစုနွေးနှင့်ဦးအေးမြင့်အပါအဝင် အိုင်အယ်လ်အိုနှင့်ပတ်သက်သည့်သူများအား မတရားဖမ်းဆီးထောင်ချခြင်းတို့ကိုပြုလုပ်ခဲ့သည်။ ထို့ကြောင့် ၂၀၀၄–၂၀၀၅ ခုနှစ်များတွင် အိုင်အယ်လ်အိုညီလာခံမှထပ်မံ၍ ဆုံးဖြတ်ချက်ချခဲ့သည်မှာ အပြည်ပြည်ဆိုင်ရာမှအစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားအဖွဲ့များ၊ သမဂ္ဂများမှ မြန်မာစစ်အုပ်စုအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဆက်ဆံမှုများကိုပြန်လည်သုံးသပ်ရန်နှင့် အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့မှ ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC)ထံတင်သွင်းရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၄။ (၂၀၀၆) ခုနှစ် မတ်လတွင် အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့မှ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရာတွင် စစ်အုပ်စု၏ ဆက်လက်ချိုးဖောက်နေမှုများအား စီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC) မှ လက်ခံအတည်ပြုလိုက်ပြီဖြစ်သည်။ ထိုမှတဆင့် ယခုကျင်းပနေသောညီလာခံကြီးမှ အပြည်ပြည်ဆိုင်ရာတရားခုံရုံး ( International Court of Justice –ICJ ) သို့ ခုံရုံးတင်သွင်းရန် ဆောင်ရွက်မည်ဖြစ်သည်။ (ICJ) အနေဖြင့် စစ်အုပ်စုက အိုင်အယ်လ်အိုဆုံးဖြတ်ချက်များကိုလိုက်နာစေရန်နှင့် အဓမ္မအလုပ်စေခိုင်းခြင်းကိစ္စများအား အိုင်အယ်လ်အိုသို့ဆက်သွယ်အကြောင်းကြားသူများကို ဖမ်းဆီးနေမှုနှင့်ပတ်သက်၍ စစ်အုပ်စုအားအရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) အား တိုက်ရိုက်ဆက်သွယ်တောင်းဆိုခွင့်ရှိနေပါသည်။ ယခုလာမည့် (၂၀၀၆) ခုနှစ် ဇွန်လ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံကြီးတွင် မြန်မာ့အရေးသည် အထူးအစီအစဉ်တခုအနေဖြင့် ဆောင်ရွက်ရန်ရှိနေပေသည်။

သို့ဖြစ်၍ မိမိတို့အင်အားစုများမှ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲမှုမရှိသမျှ ယခုကိစ္စသည် ဆက်လက်ဖြစ်ထွန်းနေမည်ဖြစ်ကြောင်း၊ အိုင်အယ်လ်အို၏ဆောင်ရွက်နေမှုအပေါ် ထောက်ခံကြောင်း၊ အိုင်အယ်လ်အိုနှင့် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ မိမိတို့အဖွဲ့အစည်းများမှ ထောက်ခံတိုက်တွန်းသည့်စာများရေးသားပေးပို့ရန်၊ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) သို့ဆက်လက်တင်သွင်း၍ အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်သည်အထိ တိုက်တွန်းမှုများပြုလုပ်ကြရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်
မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်။
၂၀၀၆ ခုနှစ် ဇွန်လ (၁) ရက်။

လိပ်မူတပ်ရန်။

Mr. Juan Somavia
Director – General

International Labour Office
4, route des Morillons
CH – 1211 Geneva 22
Switzerland

ပေးပို့ရန်လိပ်စာများ

Mr. Francis MAUPAIN
Special Adviser to the
Director-General
Tel.+ 41 22 7996520
Fax.+ 41 22 799 85 33
E-mail: maupain@ilo.org

Mr.Kari Tapiola
Executive Director
Telephone: (+ 41.22) 799.6324
E-mail: ednorm@ilo.org

# အခြေခံကျောင်းကျန်းမာရေးသင်တန်းဆင်းပွဲ ထိုင်း-မြန်မာနယ်စပ်တွင် ပထမဆုံးအကြိမ်ကျင်းပ

ထိုင်း-မြန်မာနယ်စပ် မယ်တော်ဆေးခန်းမှ ကျောင်းကျန်းမာရေးအဖွဲ့နှင့် နယ်စပ်အခြေစိုက် မြန်မာရွှေ့ပြောင်းအလုပ်သမားပညာရေးကော်မတီနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများပညာရေးကော်မတီ (BMWEC) တို့ ပူးပေါင်းဖွင့်လှစ်သော ပထမဆုံးအခြေခံကျောင်းကျန်းမာရေး သင်တန်းဆင်းပွဲကို ထိုင်း-မြန်မာနယ်စပ်တနေရာတွင် မေလ (၂) ရက်နေ့က ကျင်းပခဲ့သည်။



အခြေခံကျောင်းကျန်းမာရေးသင်တန်းဆင်းပွဲအခမ်းအနား

ဧပြီလ (၁၉) ရက်နေ့မှစ၍ (၆) ပတ်ကြာပြုလုပ်သောသင်တန်းသို့ မဲဆောက်ပတ်ဝန်းကျင်ကျောင်းများမှ ဆရာဆရာမများ၊ ထိုင်းနယ်စပ်နှင့်ကပ်လျက် ဝေးလံသောဒေသများရှိ ကိုယ်ထူကိုယ်ထကျောင်းများမှ ဆရာ၊ ဆရာမစုစုပေါင်း (၂၅) ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းကျင်းပရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ မယ်တော်ဆေးခန်း၊ ကျောင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာသီဟမောင်က "မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေအရ နယ်စပ်ကိုရောက်ရှိလာတဲ့ မြန်မာပြည်သား၊ တိုင်းရင်းသားလူထုရဲ့ အခြေခံကျန်းမာရေး၊ ပညာရေး လိုအပ်ချက် အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ စစ်ဘေးကြောင့် ထွက်ပြေးလာတဲ့ မြန်မာပြည်က တိုင်းရင်းသားလူထုတွေရဲ့ ကလေးတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ကဏ္ဍကို မြှင့်တင်ပေးဖို့ဖြစ်တယ်" ဟု ပြောကြားသွားသည်။

သင်တန်းတွင် ကြက်တုပ်ကွေး၊ငှက်ဖျား၊ တီဘီစသော ကူးစက်ရောဂါများဆိုင်ရာ ဗဟုသုတများအပြင် စိတ်ကျန်းမာရေး၊ အာဟာရနှင့်ပတ်သက်သော ဗဟုသုတများနှင့်ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို သင်ကြားပေးခဲ့ကြောင်းသိရှိရသည်။

သင်တန်း၏တာဝန်ရှိသူ ဒေါက်တာသီဟမောင်က "ဆရာဆရာမတွေကို ကျနော်တို့က ရှေ့တန်းတိုက်စစ်မှုးအဖြစ်နဲ့ အားထားပါတယ်။ သူတိုကတဆင့် (Community) မှာရှိတဲ့ ကျောင်းသားတွေနဲ့လူထုကိုဖြန့်ဖြူးပေးဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းသို့ တက်ရောက်လာသော ဆရာမတဦးက သင်တန်းကပို့ချလိုက်သော အတွေ့အကြုံများဖြင့် ၎င်းနေထိုင်သော အသိုင်းအဝိုင်းတွင် ကျန်းမာရေးဗဟုသုတများဖြန့်ဖြူးပေးသွားမည်ဟု မိုးကြိုးသတင်းဌာနသို့ ပြောကြားသွားသည်။

မြန်မာပြည်ဘက်အခြမ်း ကိုယ်ထူကိုယ်ထ ကျောင်းတကျောင်းမှ ဆရာမတဦးက "ကူးစက်ရောဂါတွေကို လုံးဝပပျောက်သွားအောင် လုပ်လို့မရပေမယ့် သင်တန်းကပေးလိုက်တဲ့ အတွေ့အကြုံနဲ့ လျော့နည်းသွားအောင်လုပ်နိုင်မှာပါ"ဟုဆိုသည်။

ယခုသင်တန်းသည် နယ်စပ်တွင် ပထမဆုံးဖွင့်လှစ်သော ကျောင်းကျန်းမာရေးသင်တန်းဖြစ်ပြီး အလားတူသင်တန်းမျိုးဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

❖

# ထိုင်းနိုင်ငံရောက်မြန်မာများကို ဥပဒေရေးရာအကြံပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက မဲဆောက်တွင်သီးခြားရုံးဖွင့်

ထိုင်းနိုင်ငံသို့ပြောင်းရွှေ့ရောက်ရှိလာသော မြန်မာများ၏ဥပဒေရေးရာအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက ထိုင်း-မြန်မာနယ်စပ်မဲဆောက်မြို့တွင် ဥပဒေရေးရာအထောက်အကူပြုရုံးကို ဇွန်လဆန်းတွင် စတင်ဖွင့်လှစ်လိုက်သည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ ဒုက္ခသည်များပြည်သူများ၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းသူများ၏ ဥပဒေဆိုင်ရာအခက်အခဲများကို အကူအညီပေးနိုင်ရန် (Legal Clinic) ခေါ် မြန်မာနိုင်ငံသားများ ဥပဒေရေးရာအကူအညီပေးရေးဌာနကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ဗဟိုကော်မီတီဝင် ဦးမြင့်သိန်းကပြောသည်။

မဲဆောက်မြို့ အစ္စလာမ်ဘမ်မရွမ်းလမ်းတွင်ဖွင့်လှစ်ထားသော ဥပဒေအထောက်အကူပြုရုံးတွင် ထိုင်းနိုင်ငံအတွင်းဖြစ်ပွားသော လူကုန်ကူးခံရမှု၊ လူသတ်မှု၊ ခိုးမှု၊ မုဒိမ်းမှုစသော အမှုအခင်းများကို စနေ၊ တနင်္ဂနွေမှလွဲ၍ ရုံးချိန်အတွင်းလက်ခံဆောင်ရွက်ပေးသွားမည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီကဖြန့်ဝေသော လက်ကမ်းစာစောင်တွင်ဖော်ပြထားသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြားဖြစ်ပွားသောပြဿနာများနှင့် အခြားအလုပ်သမားအခွင့်အရေးပြဿနာများကို သက်ဆိုင်ရာအလုပ်သမားအခွင့်အရေးလုပ်ရှားနေသော အဖွဲ့အစည်းများသို့လွှဲပြောင်းပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို လူ့အခွင့်အရေးအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်ဖြေရှင်းပေးခြင်းများကိုလည်း အဆိုပါဌာနက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဟုလည်း သိရှိရသည်။

> ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးဆုံးရှုံးနေခြင်း၊ အဓမ္မပြုခြင်းခံရခြင်း နှင့် မိမိတို့၏လုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်းများနှင့် ရင်ဆိုင်နေရသော်လည်း အများစုမှာဘာသာစကားအခက်အခဲနှင့် ဥပဒေရေးရာဗဟုသုတနည်းပါးသဖြင့် အလုပ်ရှင်များ၏ မတရားမှုမှန်သမျှကို....

ထို့အပြင် ဥပဒေရေးရာအထောက်အကူပြုဌာနသည် ထိုင်းနိုင်ငံ၏တည်ဆဲဥပဒေများ၊ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာဥပဒေများကို ရွှေ့ပြောင်းအလုပ်သမားအကြားတွင် အလုပ်ရုံဆွေးနွေးပွဲနှင့် ပညာပေးစာစောင်များဖြန့်ဝေခြင်းဖြင့် ပညာပေးဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်သည်။

တရားဝင်မှတ်ပုံတင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမား (၄၅,၀၀၀) အလုပ်လုပ်နေသော မဲဆောက်မြို့တွင် အလုပ်သမားများသည် ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးဆုံးရှုံးနေခြင်း၊ အဓမ္မပြုခြင်းခံရခြင်းနှင့် မိမိတို့၏လုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်းများနှင့်ရင်ဆိုင်နေရသော်လည်း အများစုမှာ ဘာသာစကားအခက်အခဲနှင့် ဥပဒေရေးရာဗဟုသုတနည်းပါးသဖြင့် အလုပ်ရှင်များ၏ မတရားမှုမှန်သမျှကို ခေါင်းငုံခံနေကြသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် –
၀၅၅ ၅၃၁ ၆၅၅ ၊ ၀၅၅ ၅၆၆ ၃၀၁၊
၀၅၅ ၅၃၁ ၆၅၅
အီးမေးလ်လိပ်စာ –
legal_clinic06@yahoo.com

❖

# လုံခြုံရေးကောင်စီက နအဖကို အရေးယူသင့်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကထောက်ဆို

မြန်မာနအဖ၏ နှစ်ပေါင်းအတန်ကြာ အကြီးအကျယ်ကျူးလွန်နေသော လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာဥပဒေချိုးဖောက်မှုများအဆုံးသတ်စေရန်အတွက် လုံခြုံရေးကောင်စီအနေဖြင့် နအဖကို အရေးယူရန်အချိန်ရောက်ပြီဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေလ (၁၁) ရက်နေ့တွင်တိုက်တွန်းလိုက်သည်။

Amnesty International (ခေါ်) နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ကြေညာချက်တွင် လုံခြုံရေးကောင်စီသည် ယမန်နှစ်က မြန်မာ့အရေးကို ကြားနာပွဲတရပ်ပြုလုပ်ခဲ့သော်လည်း နအဖသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေသလို နယ်စပ်ဒေသများတွင် မိမိနေရပ်က ထွက်ပြေးတိမ်းရှောင်နေရသော ဒုက္ခအရေအတွက်သည်လည်း သိသိသာသာ တိုးပွားလာကြောင်း ဖော်ပြထားသည်။

ယင်းကြေညာချက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ကျော်ရှိနေခြင်း၊ နအဖ၏လူထုအပေါ် နှိပ်စက်ညှင်းပမ်းမှုနှင့် ဥပဒေမဲ့သတ်ဖြတ်မှုများဆက်ရှိနေခြင်းကိုလည်း (AI) အဖွဲ့ကြီးက ဖော်ပြထားသည်။

ထို့အပြင် အဖွဲ့ကြီးက နအဖသည် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်က အဓမ္မခိုင်းစေမှုအဆုံးသတ်ရေးအတွက် ချမှတ်ပြဋ္ဌာန်းချက်နှင့် ကုလသမဂ္ဂအထွေထွေညီလာနှင့် လူ့အခွင့်အရေးကော်မရှင်၏ ဆုံးဖြတ်ချက်ပေါင်းများစွာကိုလည်း ဥပေက္ခာပြုနေသည်ဟု ဖော်ပြထားသည်။

❖

# မြန်မာလူထုအတွက် အကူအညီများ အရေးတကြီးလိုအပ်

Refugees International (ခေါ်) ဒုက္ခသည်ဆိုင်ရာ နိုင်ငံတကာအဖွဲ့က မြန်မာပြည်မှဒုက္ခရောက်နေသောလူထုသည် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အရေးတကြီးလိုအပ်နေသည်ဟု ယခုလ (၁) ရက်နေ့တွင် ပြောဆိုလိုက်သည်။

Ending the Waiting Game 'စောင့်ဆိုင်းပွဲကို အဆုံးသတ်ခြင်း' ဟု အမည်ပေးထားသော အစီရင်ခံစာတွင် (RI) အဖွဲ့ကြီးက မြန်မာပြည်ရှိလူထုသည် ဆိုးဆိုးရွားရွားဒုက္ခရောက်လွှန်နေဖြင့် ပြင်ပမှအကူအညီကို အချိန်ကြာကြာတောင့်ပြီး မစောင့်နိုင်တော့ဟု ဖော်ပြထားသည်။

အစီရင်ခံစာပြုစုသူ ကာဗီတာရှုခလာ (Kavita Shukla) က မြန်မာပြည်မှ (၅၂) သန်းသော ပြည်သူလူထုသည် အမျိုးသားရင်ကြားစေ့ရေးဖြစ်မြောက်ပြီး နိုင်ငံရေးပြဿနာပြေလည်သည်အထိ မစောင့်နိုင်တော့ဟုပြောသည်။

သူမက "အမျိုးသားရင်ကြားစေ့ရေးဘယ်တော့ဖြစ်မယ်ဆိုတာ ဘယ်သူမှမခန့်မှန်းနိုင်ဘူးလေ။ မြန်မာပြည်သူလူထုရဲ့ အခြေအနေက အရပ်သားအစိုးရအဖွဲ့တခု ပေါ်ပေါက်တဲ့ထိ စောင့်နေနိုင်တဲ့အခြေအနေမဟုတ်ပါဘူး"ဟုဆိုသည်။

ထို့အပြင် မြန်မာစစ်အစိုးရအပေါ် အမေရိကန်၏ ဒဏ်ခတ်အရေးယူမှုများသည် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို အဟန့်အတားဖြစ်နေသည်ဟုလည်း ဖော်ပြထားသည်။❖

# မြန်မာမှောင်ခိုသစ်များ တရုတ်ကတားမြစ်

မြန်မာနိုင်ငံမြောက်ဘက်ခြမ်းမှ တရုတ်နိုင်ငံသို့ တရားမဝင်သစ်ခိုးသွင်းမှုများကို တားဆီးသည့်အနေဖြင့် မြန်မာဘက်မှသစ်ကားများဝင်ရောက်ရာ နယ်စပ်လမ်းကြောင်းများကို တရုတ်ကပိတ်ထားကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာအဖွဲ့တခုက ကြေညာသည်။

အင်္ဂလန်အခြေစိုက် (Global Witness) အဖွဲ့၏ မေလ (၁၁) ရက်နေ့ ကြေညာချက်တွင် နယ်စပ်တလျှောက် တင်းကြပ်မှုများလုပ်ပြီး မြန်မာနိုင်ငံမှ တရုတ်သစ်ကုန်သည်များကို ပြန်ထွက်ရန်အမိန့်ပေးခြင်းအားဖြင့် တရုတ်နိုင်ငံ၏အမြော်အမြင်တိုးတက်လာကြောင်းကို ပြသရာရောက်ကြောင်းဖော်ပြထားသည်။ တနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံဖက်ကို အမေရိကန်ဒေါ်လာသန်း (၃၀၀) ကျော်တန်ဖိုးရှိသော တရားမဝင်သစ်များတင်သွင်းခဲ့ကြောင်း (Global Witness) က ခန့်မှန်းထားသည်။

ပြီးခဲ့သည့်ရက်များအတွင်းက မြန်မာနိုင်ငံမှ သစ်ခိုးဝင်ရာလမ်းကြောင်းတလျှောက် တရုတ်နယ်စပ်ဂိတ်အားလုံးကို ပိတ်ပစ်ခဲ့သည်။

မြန်မာသစ်များသည် တရုတ်ဘက်ကို အခြားလမ်းသွယ်များမှ ဝင်ရောက်လျက်ရှိသော်လည်း ယခင်ကထက်လျော့ကျသွားသည်ဟု (Global Witness) က ဆိုထားသည်။❖

# မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ) အနေဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းဖြင့်မရလျှင် စစ်ရေးနည်းလမ်းဖြင့်ဆက်လက်တိုက်ပွဲဝင်မည်

## မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ) အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွှန့်နှင့် မိုးကြိုးအင်တာဗျူး

*မေး။ ။ (မ.ဒ.မ.ခ) ဟာ (၁၉၈၈) ခုနှစ်မှာ နောက်ပိုင်းမှ ဒီဘက်ကိုရောက်လာတဲ့ဒီမိုကရေစီအင်အားစုတွေနဲ့ နဂိုကရှိနှင့်ပြီးသား တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေနဲ့ စုစည်းဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ အဓိကဦးတည်ချက်တွေကို အကျဉ်းချုပ်သိပါရစေ။*

မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မ.ဒ.မ.ခ) ရဲ့ နိုင်ငံရေး ဦးတည်ချက်တွေကတော့–

(က) စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး၊

(ခ) ဒီမိုကရေစီရေးနှင့် အခြေခံလူ့အခွင့်အရေးများ ပြန်လည်တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဗမာလူမျိုးစု၊ လူမျိုးစုံပြန်လည်ပေါင်းစည်းရေး၊ (အမျိုးသားပြန်လည်သင့်မြတ်ရေး)

(ဃ) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ အဓိကအချက်ကြီး (၄) ချက်ကိုမူတည်ထားရှိပါတယ်။ ဒီနိုင်ငံရေးဦးတည်ချက်တွေကိုရရှိဖို့ အကောင်အထည်ဖော်နိုင်ဖို့ အတွက် နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနှင့် လူထုစည်းရုံးရေးလုပ်ငန်းစဉ်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်တဲ့နေရာမှာ နဂိုကတည်ရှိထားတဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) နှင့် အဖွဲ့ဝင်အဖွဲ့စည်းများက တဖွဲ့ချင်းအနေအထားဖြင့်ပါဝင်ကြပြီး ရှစ်လေးလုံးမတိုင်မီကနှင့် (ဂ) လေးလုံးကာလအတွင်းမှာ နယ်စပ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးနယ်မြေကို ရောက်ရှိလာတဲ့ ဒီမိုကရေစီအင်အားစုများ၊ အဖွဲ့အစည်းများစုပေါင်းပြီး (မ.ဒ.မ.ခ) ကို ဖွဲ့စည်းပြီး ကျယ်ပြန့်တဲ့တပ်ပေါင်းစုတရပ်အဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ (မ.ဒ.မ.ခ) စတင်ဖွဲ့စည်းစဉ်က အဓိကမဟာ မိတ်တပ်ပေါင်းစုတရပ်ဖြစ်တဲ့ (မ.ဒ.တ) ရဲ့ လုပ်ငန်းစဉ်တွေအပေါ် ဆက်လက်ပြီးတော့ အားဖြည့်လုပ်ဆောင်ခဲ့တဲ့ အနေအထားလည်းရှိပါတယ်။ ဒီတော့ ကျနော်တို့ (မ.ဒ.မ.ခ) အဖွဲ့ချုပ်ဟာ သီးသန့်ပေါ်ပေါက်လာတဲ့အဖွဲ့အစည်းမဟုတ်ဘဲနဲ့ တကယ်ကို ပြည်ထောင်စုမှာ အခြေခံကျတဲ့အဲန်ဒီအက်ဖ် (မ.ဒ.တ) ရဲ့ အခြေခံလုပ်ငန်းစဉ်တွေအပေါ်မှာ ဆက်ပြီး ဆောင်ရွက်လာတဲ့အဖွဲ့အစည်းဖြစ်တယ်လို့ အလေးအနက်ပြောချင်တယ်။ (ဂ) လေးလုံးအင်အားစုတွေကြတော့ တနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီဖြစ်ထွန်းရေးဆိုတဲ့အပေါ်မှာ ဦးတည်လာပြီးတော့ အမျိုးသားတန်းတူရေးဆိုတဲ့စစ်မှန်တဲ့ လူတိုင်းရသင့်ရထိုက်တဲ့ တိုင်းရင်းသားဌာန လူမျိုးတိုင်းရသင့်တဲ့အခွင့် အရေးအပေါ်မှာ သက်ဝင်ယုံကြည်မှုရှိရှိနဲ့သဘောတူညီပြီးတော့ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးကို ကျနော်တို့ (မ.ဒ.မ.ခ) ရဲ့ ဦးတည်ချက်အဖြစ် ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ချုပ် (မ.ဒ.မ.ခ) ရဲ့ ရည်မှန်းချက်တွေဟာ အားလုံးလိုက်ပါနိုင်တဲ့ အနေအထားမှာရှိတယ် လို့မြင်ပါတယ်။ ကျနော်တို့ဟာ မြန်မာနိုင်ငံရဲ့ အဓိကပြဿနာကြီးနှစ်ရပ်ဖြစ်တဲ့ ဒီမိုကရေစီရေးတည်ဆောက်မှုနှင့် တရားသဖြင့်ရထိုက်တဲ့အမျိုးသားများဆိုင်ရာတန်းတူညီမျှမှုတို့ကို တပြိုက်နက်တည်း တပေါင်းတည်းဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားအင်အားစုအားလုံး အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေး၊ ဖက် ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွေမှာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနဲ့အဖြေရှာရေးအပေါ်မှာ ရပ်တည်မှုပြုလုပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နအဖစစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်ဟာ အဓိကအဟန့်အတား ဖြင့်တည်ရှိနေပါတယ်။ ကျနော်တို့တွေဟာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖို့ စစ်အုပ်စုကို အကြိမ်ကြိမ်တိုက်တွန်းပေမယ့် စစ်အုပ်စုကတော့ သူတို့ရဲ့မျှော်လင့်ချက်ကြီးနဲ့အတိုင်း အဆမရှိ စစ်အင်အားကိုတိုးချဲ့ပြီး သူတို့ရဲ့စစ်အင်အားကို အလေးထားပြီး တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းကို တက်ရောက်လာခြင်းမရှိပါဘူး။ ကျနော်တို့ဟာ ဖြစ်နိုင်သမျှ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာဖို့ ကြိုးပမ်းမှာပဲဖြစ်တယ်။ ဒါပေမယ့် တပိုင်းကလည်း ကျနော်တို့အဖွဲ့အစည်းဝင် အဖွဲ့အစည်းများရဲ့ နယ်မြေတွင်းမှာရှိတဲ့ ပြည်သူလူထုတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ခုခံကာကွယ်တဲ့စစ်ပွဲကို ဆင်နွှဲတာဖြစ်တယ်။ ကျနော်တို့ဟာ လိုအပ်တဲ့အခါ အင်အားကို အသုံးပြုပြီး ခုခံမှုကိုလုပ်ရတဲ့အတွက် လက်နက်ကိုင်ခုခံဆန့်ကျင်ရေး လမ်းကြောင်းပေါ်မှာ ရှိပါတယ်။

*မေး။ ။ (မ.ဒ.မ.ခ) ရဲ့ လက်ရှိအနေအထားနဲ့ စစ်ရေးလှုပ်ရှားမှုအခြေအနေကိုလည်းသိပါရစေ။*

ဖြေ။ ။ လက်ရှိမှာ (မ.ဒ.မ.ခ) အနေဖြင့် စစ်ရေးအရ လှုပ်ရှားနိုင်မှုထက် နိုင်ငံရေးအရ လှုပ်ရှားမှုကိုတွန်းအားပေးနေပါတယ်။ နအဖ အပေါ်မှာလည်း တစုံတရာပျော့ပျောင်းပြီး လူထုနဲ့အတူလိုက်ပါလာမလားဆိုတဲ့ မျှော်လင့်ချက်ကလည်း အင်အားစုတချို့မှာရှိနေပါတယ်။ ဒီအပေါ်မှာ မတူကွဲပြားတဲ့အမြင်တွေပေါ်မှာ လေးစားမှုပေးတဲ့အနေနဲ့ ကျနော်တို့လုပ်ငန်းတခုကို ခေတ္တဆိုင်းငံထားတာရှိပါတယ်။ တကယ်တမ်းရှင်းသွားပြီး နအဖက လူထုဆန္ဒမလိုက်လျောတော့ဘူးဆိုတဲ့ အနေအထားမှာ ကျနော်တို့လုပ်သင့်လုပ်ထိုက်တာကို လုပ်သွားမှာဖြစ်ပါတယ်။ လူထုကို အကာအကွယ်ပေးရုံသက်သက်မဟုတ်ဘဲနဲ့ မိမိကိုယ်ကို အရည်အချင်းမြှင့်တင်ရေးနဲ့ နအဖကိုဆုံးမနိုင်ဖို့အတွက်၊ ဖယ်ရှားနိုင်ဖို့အတွက်၊ ကျနော်တို့တွေဟာ ထိရောက်တဲ့စစ်ရေးလုပ်ငန်းစဉ်တွေကိုလုပ်မှာဖြစ်ပါတယ်။ ကျနော်တို့ဟာ နအဖကစွပ်စွဲသလို ဟိုနားဗုံးဖောက်၊ ဒီနားဗုံးဖောက်ဆိုတာမျိုးကိုမလုပ်ပါဘူး။ လုပ်ပြီးဟော့ ဆိုရင်လည်း လူထုကိုထိခိုက်မှုမရှိဘဲ ရန်သူကိုသာ တိုက်ရိုက်ထိခိုက်စေမယ့် စစ်ရေးပစ်မှတ်တွေကိုပဲ ထိထိရောက်ရောက်လုပ်မှာဖြစ်တယ်။ ဒီလိုပဲကျနော်တို့ခံယူတယ်။

စစ်ရေးလုပ်ငန်းမှာ နိုင်ငံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေမဲ့ စစ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ခွင့်ရှိပါတယ်။ ရန်သူက စစ်အင်အားကိုတိုးချဲ့လာတဲ့အလျောက် အဲဒီအခြေအနေတွေကို မျက်ခြေမပြတ် စောင့်ကြည့်လေ့လာရင်းနဲ့ မိမိအင်အားစုရဲ့ အားနည်းချက်တွေကိုဖြည့်တင်းပေးပြီး လူထုကိုအကာအကွယ်ပေးတဲ့တပ်၊ လူထုရဲ့ ချစ်ကြည်အားထားမှုကိုရတဲ့တပ်ဖွဲ့များအဖြစ် ဦးဆောင်နိုင်ဖို့ပဲဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ခုခံဆန့်ကျင်ရေးတပ်သားတွေကို လေ့ကျင့်မှုပြုလုပ်ရပါတယ်။ အဓိကလေ့ကျင့်မှု (၃) ရပ်က–

၁။ ပဋိပက္ခနယ်မြေတွေမှာရှိတဲ့ အရပ်သားပြည်သူတွေရဲ့ အခွင့်အရေးတွေကိုမိမိရဲ့ တပ်ဖွဲ့များက လေးစားလိုက်နာမှုနဲ့ရန်သူတပ်ဖွဲ့ရဲ့ချိုးဖောက်မှုတွေကို ဟန့်တားနိုင်ဖို့နဲ့ဖြစ်ပေါ်လာရင် ထိရောက်စွာအရေးယူဖို့ လေ့ကျင့်ပညာပေးဖို့ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခမှာ ပါဝင်နေတဲ့ဘက်ပေါင်းစုံက လေးစားလိုက်နာလာမယ်ဆိုရင် ပြည်သူတွေရဲ့အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုလျော့နည်းသွားမှာဖြစ်ပါတယ်။ မိမိပြည်သူများကလည်း မိမိတို့မှာရှိတဲ့အခွင့်အရေးကိုသိရှိကြပြီး မိမိတို့ရဲ့နစ်နာမှုများကို နိုင်ငံတကာပြည်သူအများ အမြန်ဆုံးသိရှိဖို့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

၂။ စစ်ပွဲတွေမှာ နိုင်ငံတကာဆိုင်ရာ ဥပဒေတွေဖြစ်တဲ့ စစ်မြေပြင်ဆိုင်ရာဥပဒေတွေကို လေးစားလိုက်နာရမဲ့စံများကို ကျနော်တို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိထားဖို့လိုပါတယ်။ လိုက်နာဆောင်ရွက်ဖို့လည်းဖြစ်ပါတယ်။ စစ်မြေပြင်ဆိုင်ရာ ဂျီနီဗာသဘောတူညီချက်များဟာ နိုင်ငံတကာစစ်ပွဲမှာကော ပြည်တွင်းစစ်မှာပါ လိုက်နာရမဲ့စစ်မြေပြင် ဆိုင်ကျင့်ထုံးကျင့်ဝတ်ဖြစ်ပါတယ်။ ပဋိပက္ခမှာပါဝင်တဲ့ နှစ်ဖက်စလုံးအတွက် လူသားပီသစွာလိုက်နာရမဲ့ ကျင့်ဝတ်ပဲဖြစ်ပါတယ်။

၃။ စစ်မြေပြင်မှာ ဒဏ်ရာရှိသူများထဲမှာ မြေဇာပင်တွေဖြစ်တဲ့အရပ်သားတွေ ထိခိုက်မှုနှုန်းကပိုများပါတယ်။ ဘေးအန္တရာယ်ကျရောက်တဲ့အနေအထားမျိုး ဥပမာ–ရန်သူစစ်ကြောင်းကိုရှောင်တိမ်း၍ဖြစ်စေ၊ မိမိမိသားစုအတွက် ရိက္ခာရှာဖွေရင်းဖြစ်စေ၊ မတော်တဆ မြေမြှုပ်မိုင်းနင်းမိတဲ့အခါတွေမှာ အဲဒီထိခိုက်ခံရတဲ့ ရွာသားရဲ့အသက်ကိုကယ်ဆယ်ဖို့နဲ့ ထိခိုက်ပျက်စီးတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်၊ ထို့အတူ တောတောင်သဘာဝထဲမှာ ရှောင်တခင်ဖြစ်ပွားတတ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို ဒေသခံပြည်သူတွေဟာ တွေ့ရကြုံရဖန်များတဲ့အတွက် ဘေးအန္တရာယ်လို့မမြင်တော့ဘဲ ကံကိုပဲရိုမယ်ဖွဲ့လေ့ရှိပါတယ်။ ဒါပေမယ့် အဲဒီအကြောင်းနှစ်ရပ်စလုံးကြောင့် ထိခိုက်ဆုံးရှုံးမှုက အလွန်များပြားပါတယ်။ ဒါကြောင့် ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရာမှာ မိမိအဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍနှင့် မိမိပြည်သူများပါဝင်နိုင်တဲ့အခန်းကဏ္ဍတို့ကို ခွဲခြားသတ်မှတ်ပြီး လိုအပ်တဲ့လေ့ကျင့်မှုတွေပြုလုပ်ရမှာဖြစ်ပါတယ်။ ဒီကိစ္စကလည်း အကာအကွယ်မဲ့နေတဲ့ လူထုကို အကာအကွယ်ပေးနိုင်တဲ့ စွမ်းအားတပ်ဆင်မှုလည်းဖြစ်ပါတယ်။

*မေး။ ။ (မ.ဒ.မ.ခ) က သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးအပေါ်မှာ ရပ်တည်လှုပ်ရှားနေတယ်ဆိုတော့ NLD က ထုတ်တဲ့ ၁/၂၀၀၆ ကြေညာချက်အပေါ်မှာရော ဘယ်လိုသဘောထားပါသလဲ။*

ဖြေ။ ။ အဲန်အယ်လ်ဒီရဲ့ ထုတ်ပြန်ချက်ဟာ သူတို့ရဲ့ပကတိအခြေအနေအပေါ်မှာ မူတည်ပြီး ထုတ်ပြန်တာဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျနော်တို့သုံးသပ်တာက ဒါ နအဖကို အဓိကထွက်ပေါက်ပေးလိုက်တာပါပဲ။ တနည်းအားဖြင့် အနိုင်ရပါတီတရပ်က လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို လုပ်တယ်လို့ပဲကျနော်တို့မြင်ပါတယ်။ အဲဒီအခြေခံအပေါ်မှာ တိုးတက်ဖြစ်ထွန်းခဲ့မယ်ဆိုရင်လည်း သုံးပွင့်ဆိုင်ဆွေးနွေးရေးကို မလွှဲမသွေလုပ်မှာဘဲဖြစ်ပါတယ်။ NLD က လမ်းကြောင်းကိုရှာတယ်။ လမ်းကြောင်းကို စတယ်လို့မြင်ပါတယ်။ လမ်းကြောင်းကို ဖော်ထုတ်လာလို့ရလာတဲ့အနေအထားမှာ NLD ဟာ တပြည်လုံးကို ကိုယ်စားပြုနိုင်တဲ့အနေအထားရှိတာတောင် တိုင်းရင်းသားအနိုင်ရပါတီတွေကို ဖိတ်ခေါ်မဲ့အနေအထားရှိတယ်လို့ မြင်ပါတယ်။

*မေး။ ။ ပြည်ထောင်မြန်မာနိုင်ငံအမျိုးသားကောင်စီရဲ့ အဓိကထောက်တိုင် (၄) ခုမှာ (မ.ဒ.မ.ခ) ဟာ အဓိကဒေါက်တိုင်တခုလို့ သိရပါတယ်။ အဲဒီအနေအထားကိုလည်း ပြောပြပေးပါခင်ဗျာ။*

ဖြေ။ ။ အဲန်စီယူဘီမှာ (မ.ဒ.မ.ခ) ကတော့ အဓိကဒေါက်တိုင်ကြီး (၄) ခုထဲက တခုအနေနဲ့ ဆောင်ရွက်တာဖြစ်တယ်။ (မ.ဒ.မ.ခ) မှာ လက်ရှိအဖွဲ့ဝင်ပေါင်း (၂၄) ဖွဲ့ပါဝင်တော့ လူထုနဲ့ထိတွေ့မှုအားပိုပြီးများတဲ့ အနေအထားဖြစ်ပါတယ်။ ထောင့်တိုင်တွေထဲမှာတော့ လူထုနဲ့ထိတွေ့မှုအားအများဆုံးနေရာ၊ အဲဒီအပေါ်မှာမူတည်ပြီးတော့ ပြည်တွင်းနဲ့ နယ်စပ်တလျှောက်မှာရှိတဲ့ လူထုကိုဖြစ်စေ အပြင်ကိုလျှံထွက်လာတဲ့ (Migrants) တွေကိုဖြစ်စေ ပညာပေးစည်းရုံးမှုအစီအစဉ်တွေရှိပါတယ်။ ပြည်တွင်းဆိုရင် ကရင်ပြည်နယ်နဲ့တြိဂံဒေသကိုစေလွှတ်နိုင်ပါတယ်။ နောက်ထပ်စေလွှတ်ရမယ့်နေရာတွေရှိပါတယ်။

ပြီးခဲ့တဲ့ညီလာခံသက်တမ်း (၂၀၀၁–၂၀၀၄) မှာ ကျနော်တို့ (မ.ဒ.မ.ခ) စည်းရုံးရေးဌာနကနေ တက်တက်ကြွကြွဆောင်ရွက်ခဲ့တဲ့လုပ်ငန်းအတွေ့အကြုံနဲ့ ယခုညီလာခံသက်တမ်းက အကောင်ဖော်နိုင်တဲ့အတွေ့အကြုံတွေကို ပေါင်းစပ်သုံးသပ်လိုက်တဲ့အခါမှာ လူထုလှုပ်ရှားမှုဖြစ်ပေါ်လာဖို့ဆိုရင် ကျနော်တို့နဲ့အတူရှိနေတဲ့ လူထုတွေရဲ့ရေချိန်ကိုသုံးသပ်တတ်ဖို့လိုပါတယ်။ နအဖရဲ့စဉ်ဆက်မပြတ် စိတ်ဓာတ်စစ်ဆင်ရေးနှင့် ခြိမ်းခြောက်မှုတွေကြောင့် ပြည်သူအများစုအနေအထားဟာ အကာအကွယ်မဲ့နေတဲ့အနေအထား (Vulnerability) ဖြစ်ပါတယ်။ နအဖကလည်း ထောင်တွင်းမှာကော ထောင်ပြင်မှာပါ စစ်အာဏာရှင်ကိုဆန့်ကျင်တဲ့အင်အားစုတွေကို နှိပ်စက်ပြု၊ သတ်ပြု၊ လက်ရဲဇက်ရဲလုပ်ပြပြီး အကြောက်

စာမျက်နှာ (၁၂) သို့...


(မ.ဒ.မ.ခ) အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွှန့်

တရား (Terror) ကို လူထုထဲမှာ ဖန်တီးထားပါတယ်။ အဲဒီလူတွေကို စွမ်းအင်ပိုတပ်ဆင်ပေးနိုင်ဖို့ ဘယ်လိုလုပ်ရမလဲဆိုတဲ့ စဉ်းစားချက်တွေ ရှိဖို့လိုပါတယ်။ အဲဒီအတွက် (မ.ဒ.မ.ခ) ကတော့ မိမိအဖွဲ့အစည်းများသာမကဘဲ လူထုစည်းရုံးရေးလှုပ်ရှားမှုလုပ်ငန်းစဉ်တွေရှိတဲ့ တခြားအဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်ညှိနှိုင်းဆွေးနွေးပြီးတော့ စည်းရုံးရေးနည်းနာနဲ့ပတ်သက်ပြီးတော့ မဟာဗျူဟာတရပ်ချမှတ်ပေးဖို့ရှိပါတယ်။

*မေး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေက လူထုလှုပ်ရှားမှုတွေပေါ်လာစရာရှိလားခင်ဗျ။*

ဖြေ။ ။ လူထုလှုပ်ရှားမှုက နှစ်ပိုင်းရှိပါတယ်။ တပိုင်းကတော့ လူထုထဲမှာ နိုင်ငံရေးဆိုတာထက် ကိုယ့်ရဲ့စားဝတ်နေရေးမပြေလည်တဲ့ကိစ္စရပ်တွေ အထူးသဖြင့် လွန်ခဲ့တဲ့ကာလတွေကနေ အခုထိဖြစ်နေတာက ဆန်စပါးပြတ်လပ်တာကြောင့် ရပ်ရွာနေအိမ်တွေမှာ ချက်ပြုတ်ပြီးသား ထမင်းအိုးကိုတက်ယူတာမျိုး ဒါမှမဟုတ် အသေးစားခိုးမှုတွေ နိုင်ငံအနှံ့အပြားမှာဖြစ်လာနေတယ်။ နောက်ဆက်တွဲအနေနဲ့ ဘုရားကျောင်းကန်နဲ့ လူစည်ကားရာအရပ်တွေမှာ တောင်းစားသူများပြားလာတယ်။ ကျနော်မိတ်ဆွေတဦးပြီးခဲ့တဲ့လတွေက ရွှေစက်တော်ဘုရားဖူးသွားတယ်။ စောင်းတန်းတဘက်တချက်လမ်းတွေမှာ အသက်အရွယ်မျိုးစုံခွက်တွေကိုရှေ့မှာချပြီး တောင်းရမ်းနေလို့ တော်တော်စိတ်မကောင်းဖြစ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူလာခဲ့တယ်။ အောက်ခြေပြည်သူအများစုမှာ ငတ်ပြတ်နေပါတယ်။ ဆင်းရဲမွဲတေမှုဒဏ်ကို အကြီးအကျယ်ခံစားနေရတယ်။ ထို့အတူ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှာ ရာဇဝတ်မှု ထူပြောလာတဲ့အပိုင်း၊ တပိုင်းကလည်း ချဲ၊ ထီလိုကိစ္စမျိုး၊ လောင်းကစားကိစ္စမျိုး၊ ရေနံဆီ၊ ဓာတ်ဆီ၊ မှောင်ခိုကိစ္စမျိုးစတာတွေနဲ့ ထောင်နဲ့ရဲဘက်ကို လူအများအပြားရောက်ရှိနေတယ်။ လက်ရှိအကျဉ်းထောင်အရေအတွက်က လက်ခံနိုင်တာထက် ထောင်ကျခံရသူဦးရေ အဆမတန်များပြားနေတယ်။ ဝန်ထမ်းပိုင်းနဲ့ စီးပွားရေးအပိုင်းတွေမှာ အကျင့်ပျက်မှုခြစားမှုတွေကြောင့် ဖြစ်တဲ့ကိစ္စရပ်တွေလည်း မနည်းဘူး။ ပြန်ကြည့်မယ်ဆိုရင် ဒါတွေဟာ တဦးချင်း၊ မိသားစုတခုချင်း လိုအပ်ချက်တွေမပြည့်မီလို့ ဖြစ်လာတဲ့ကိစ္စတွေဖြစ်တယ်။ ဒီအပေါ်မှာ နိုင်ငံရေးအရ အမြင်နဲ့ပြောင်းလဲနိုင်ဖို့အတွက် ကျနော်တို့ဘက်က ဘယ်လောက် ပညာပေးစည်းရုံးသွားနိုင်မလဲဆိုတာ မူတည်ပါတယ်။ လူထုလှုပ်ရှားမှုဆိုတာက အကန့်အသတ်နဲ့ဖြစ်နိုင်သလို တနေ့ချင်းမှာလည်းဖြစ်နိုင်ပါတယ်။ လူထုက သူ့အတိုင်းအတာအရ သဏ္ဍာန်ဆောင်တာဖြစ်တဲ့အတွက် ဒီအပေါ်မှာ နိုင်ငံရေးအရ ဦးလှည့်ပေးရမယ့်တာဝန်က နိုင်ငံရေးအသိရှိတဲ့ လူတွေရဲ့တာဝန်ပဲဖြစ်ပါတယ်။ လူထုလှုပ်ရှားမှုကတော့ရှိနေမှာပဲ။ လူထုလှုပ်ရှားမှုမှန်သမျှက ကျနော်တို့အနေနဲ့ မျက်ခြေမပြတ်ဘဲနဲ့ ကျနော်တို့ဘက်က တာဝန်ရှိမှုအရ ဆောင်ရွက်နိုင်မယ့်အချက်ကို ကျနော်တို့ သဘောပေါက်ထားရင် လူထုလှုပ်ရှားမှုဟာ မှန်ကန်တဲ့လမ်းကြောင်းနဲ့အတူပေါ်လာပြီး ရန်သူဟာ လူထုအားကိုမခံနိုင်ဘဲနဲ့ အရှုံးပေးရမှာဘဲဖြစ်တယ်။

ဒုတိယအပိုင်းကတော့ မိမိအင်အားစုတို့ရဲ့ စည်းရုံးရေးကွန်ယက်ဖြန့်ကျက်နိုင်မှုနဲ့ အတူဖြစ်ထွန်းလာတဲ့အခြေအနေတရပ်ရပ်ကို ကိုင်စွဲပြီး ပြည်သူတွင်းမှာ နိုင်ငံရေးရေချိန်ကို မြှင့်တင်ပေးနိုင်ဖို့ဖြစ်တယ်။ အဲဒီလိုဖြစ်နိုင်ဖို့ အဓိကလိုအပ်ချက်က ကျယ်ပြန့်တဲ့အင်အားစုတွေကို စုစည်းထားတဲ့ ကျစ်လျစ်တဲ့ဦးဆောင်မှုတပ်ဦး ရှိဖို့လိုပါတယ်။ အကြမ်းမဖက်နှလုံးရည်နဲ့ ငြိမ်းချမ်းစွာခုခံဆန့်ကျင်သူများရဲ့ နည်းလမ်းဖြစ်ပါတယ်။ အစိုးရယန္တရားတွေကို အပိုင်းလိုက်အပိုင်းလိုက်ဖြတ်တောက်ပြီး ယန္တရားတရပ်လုံးရပ်ဆိုင်းသွားတဲ့အထိ စိမ့်ခေါ်နိုင်တဲ့အနေအထားကို ဦးတည်ဆောင်ရွက်တာဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲနောက်ဆုံးအဆင့်မှာ ဖဆပလရဲ့ဦးစီးမှုအောက်မှာ ဗြိတိသျှအစိုးရကို ရာဇသံပေးတာဖြစ်တယ်။ စစ်အုပ်စုက စိတ်ဓာတ်စစ်ဆင်ရေးအရ ဖိနှိပ်ထားတဲ့အနေအထားမှာ အဲဒီလိုအခြေအနေမျိုးပေါ်ပေါက်ဖို့အတွက် ပြည်သူတို့ရဲ့ယုံကြည်မှုကိုရယူနိုင်တဲ့ ပြောက်ကျားတပ်ဖွဲ့တွေ တည်ရှိနေမှုအပေါ်မှာ မူတည်နေတယ်။ (မ.ဒ.မ.ခ) ရဲ့ ပြောက်ကျားစစ်ရေးရည်မှန်းချက်ဟာ မိမိတို့ပြည်သူတရပ်လုံးရဲ့ နိုင်ငံရေးရည်မှန်းချက်ကို အထောက်အကူပြုတာဖြစ်တယ်။ ဒါကြောင့် လူထုဆန္ဒကို နအဖကဆက်လက်ပြီး ငြင်းဆန်နေမယ်ဆိုရင် ပြင်းထန်တဲ့ နအဖစစ်အုပ်စုရဲ့ ဖိနှိပ်မှုအောက်မှာဘဲ အောင်မြင်တဲ့လူထုလှုပ်ရှားမှုပေါ်ပေါက်လာပြီး စစ်အုပ်စုကိုဖယ်ရှားနိုင်မှာဖြစ်ပါတယ်။

*မေး။ ။ မကြာခင်က အတည်ပြုခဲ့တဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံရေးဆွဲရေးမှာ (DAB) က ဘယ်အခန်းက ပါဝင်ပါသလဲခင်ဗျ။*

ဖြေ။ ။ ဒီအေဘီအနေနဲ့ကတော့ (မ.ဒ.တ) က အခြေခံစဉ်းစားခဲ့တဲ့အချက်တွေပေါ်မှာ (မ.ဒ.မ.ခ) က ဆက်ပြီး (၈၈၊ ၈၉၊ ၉၀) ပတ်ဝန်းကျင်မှာ ကျနော်တို့လုပ်ခဲ့တဲ့ကိစ္စက ဖက်ဒရယ်ပြည်ထောင်စုတရပ်ပေါ်ပေါက်လာရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ (Constitution) ပေါ်ပေါက်ရေး၊ ထို့အတူ ဖက်ဒရယ်အစိုးရတရပ်လိုအပ်မှုအရ ဖွဲ့စည်းဖို့လိုအပ်တယ်ဆိုတာကို စဉ်းစားခဲ့ကြတယ်။ (၁၉၉၀) ခုနှစ်ကျတော့ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့အမတ်တွေ ဒီဘက်ရောက်ရှိလာတာနဲ့အမျှ သူတို့ကဦးဆောင်သင့်တယ်ဆိုပြီး ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ (NCGUB) ကို (မ.ဒ.မ.ခ) ကနေပြီး အဓိကကူညီပံ့ပိုးပြီးတော့ ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။ တပိုင်းကလည်း အခြေခံဖွဲ့စည်းပုံတရပ်ပေါ်ပေါက်ရေးအတွက် (မ.ဒ.မ.ခ) က ပုံကြမ်းလောင်းပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ကို ကျနော်တို့လွှဲအပ်ပေးခဲ့တာဖြစ်ပါတယ်။ (NCUB) က ဒါကို အကောင်အထည်ဖေါ်နေရင်းနဲ့ ထပ်ပြီးတော့သုံးသပ်ရှိလာတဲ့ အခြေအနေပေါ်မှာ (NCUB) ရဲ့ တင်ပြချက်တွေအပေါ်မှာ (မ.ဒ.မ.ခ) ကလည်း ထောက်တိုင်တခုအနေနဲ့ အတည်ပြုပံ့ပိုးပေးရှိပါတယ်။ အခုမကြာခင်က အတည်ပြုခဲ့တဲ့အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံရေးဆွဲရေးမှာရှိလာတဲ့ အခြေခံမူ (၈) ချက်ဟာ (မ.ဒ.မ.ခ) ရဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်ထည်ဖော်ရာမှာ အဓိကကျတဲ့မူပိုင်းဆိုင်ရာအားဖြည့်ချက်ပဲဖြစ်ပါတယ်။ ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားအားလုံးရဲ့တရားမျှတတဲ့ တန်းတူမှုအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများ၊ ဘာသာရေးကိုအခြေမခံတဲ့ နိုင်ငံတော် စတာတွေဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် (မ.ဒ.မ.ခ) အနေနဲ့ မကြာခင်က အတည်ပြုခဲ့တဲ့ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းဟာ အလွန်အရေးပါတဲ့ ခြေလှမ်းတရပ် အဆင့်တဆင့်ကို ရှိတာလို့မြင်ပါတယ်။

> ❍
>
> **ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားအားလုံးရဲ့ တရားမျှတတဲ့ တန်းတူမှုအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများ၊ ဘာသာရေးကိုအခြေမခံတဲ့ နိုင်ငံတော်စတာတွေဟာ အလွန်အရေးကြီးပါတယ်…**
>
> **ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများပေါင်းစုံတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှာ နအဖစစ်အုပ်စုအနေနဲ့ တပ်မတော်အတွက် ရာထားတဲ့ထိုင်ခုံမှာ ပါမှာမဟုတ်ဘဲ အသွင်ပြောင်းသွေးသစ်လောင်းမဲ့တပ်မတော်တရပ်ကသာ ကိုယ်စားပြုပါဝင်နိုင်မှာဖြစ်တယ်လို့…**
>
> ❍

*မေး။ ။ နအဖရဲ့ လက်ရှိစစ်အင်အားတိုးချဲ့မှုတွေအပေါ်မှာ ဘယ်လိုသုံးသပ်လဲခင်ဗျ။*

ဖြေ။ ။ ဒီကိစ္စက ဗမာအများစုဟာ အမျိုးသားရေးအားမာန်ကို စစ်ရေးကရှုမြင်တာတွေနိုင်တယ်။ အခုလက်ရှိ နအဖရဲ့စစ်ရေးတိုးခန့်မှုဟာ လူထုအတွက် ဘာမှအကျိုးမရှိဘူး။ ဒီအတွက်ထင်ရှားဖို့ ကျနော်တို့အနေနဲ့ ငြင်သာအောင်ထောက်ပြဖို့လိုပါတယ်။ လူထုကို အကျိုးမရှိရုံမျှမက သူတို့တည်ဆောက်တဲ့နေရာတွေကို ပိုမြတ်ဖို့လုပ်တဲ့လုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနဲ့၊ လူတွေရဲ့စားဝတ်နေရေးဆိုင်ရာ ထိခိုက်မှုတွေရှိပါတယ်။ စစ်ရေးဆိုင်ရာလိုအပ်ချက်တွေကိုရရှိနိုင်ဖို့အတွက် တိုင်းပြည်ရဲ့ သံယံဇာတတွေကို ထုတ်ရောင်းပြီးတော့ ရတဲ့ငွေနဲ့စစ်တပ်ကို တိုးချဲ့မှုလုပ်တဲ့အတွက် ကျနော်တို့အနေနဲ့ အမေရိကန်ဦးဆောင်တဲ့ နအဖအပေါ်မှာ စီးပွားရေးပိတ်ဆို့တဲ့ (Sanction) ကို ထောက်ခံသလိုတားမရလို့လုပ်တဲ့၊ ဥပမာ–ဓာတ်ငွေ့တွေကရတဲ့ငွေကို နအဖက သူရဲ့စစ်ရေးအသုံးစရိတ်အဖြစ် အသုံးချလို့မရအောင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်နဲ့ ကုလသမဂ္ဂမှာထိန်းသိမ်းထားပြီးတော့ အေ့စ် (အေအိုင်ဒီအက်စ်) လိုကိစ္စမျိုး တီဘီရောဂါလိုကိစ္စမျိုး၊ ကြက်ငှက်တုပ်ကွေးရောဂါလိုကိစ္စတွေမှာ၊ လူထုအတွက် အထောက်အကူပြုတဲ့လုပ်ငန်းတွေမှာ အသုံးချနိုင်အောင်ပိတ်ပင်ထားဖို့အထိ စဉ်းစားချက်တွေရှိပါတယ်။

*မေး။ ။ နအဖစစ်အုပ်စုအပေါ် အကဲဖြတ်ချက်များသိပါရစေ။*

ဖြေ။ ။ နအဖ နဝတစစ်အုပ်စုအပေါ်မှာ ကျနော်အနေနှင့် အကဲဖြတ်ရမယ်ဆိုရင် လက်ရှိစစ်အုပ်စုခေါင်းဆောင်တွေဟာ ယုံကြည်ဖို့ခက်ခဲတဲ့အနေအထားမှာရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။ (၁၉၉၂) ခုနှစ် ဧပြီလ (၂၈) ရက်နေ့မှာ ထိုစဉ်က နဝတ၏စစ်ဆင်ရေးမှူး (ကစထမှူး) ‘ဒု–ဗိုလ်ချုပ်ကြီးမောင်လှက ကရင်ပြည်နယ်ထိုးစစ်ကို စစ်တပ်ကရပ်စဲလိုက်ပြီဖြစ်ကြောင်း မြန်မာ့အသံရေဒီယိုကထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအချိန်က မာနယ်ပလော်ဌာနချုပ်မှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နဲ့အတူ (မ.ဒ.မ.ခ) မဟာမိတ်တပ်ဖွဲ့နဲ့အတူ အခြားမဟာမိတ်တပ်ဖွဲ့များက စေလွှတ်လိုက်တဲ့ စစ်ကူများနဲ့အတူ သိပ်သိပ်သည်းသည်းခုခံမှုရှိနေတဲ့အတွက် စိတ်ကြွဆေးကိုသုံးစွဲပြီး စေလွှတ်ခြင်းခံရတဲ့ (နဝတ/နအဖ) စစ်သားများဟာ ကောက်ပင်ရိတ်လှီးခံရသလို အတုံးအရုံး ကျဆုံးခဲ့ကြတယ်။ ခွေးအိပ်တောင်တိုက်ပွဲနဲ့ နော်တခံစစ်ကြောင်းတို့ဟာ ရန်သူတွေအထိနာခဲ့တဲ့ စစ်ကြောင်းတွေဖြစ်တယ်။ ရန်သူတပ်ဖွဲ့ဟာ ထိုးစစ်အနေအထားက ခံစစ်အနေအထားကို ပြောင်းရွှေ့ခဲ့ရတယ်။ သူတို့ထိုးစစ်မှူးက အကျအဆုံးများပြီး တိုက်စစ်အောင်မြင်ဖွယ် မရှိသေးရင် တိုက်စစ်ကိုခေတ္တရပ်ဆိုင်းထားဖို့နဲ့ တိုက်ပွဲဝင်တပ်များ အနားပေးဖို့ နည်းဗျူဟာမှူးကို အမိန့်ပေးလိုက်တယ်။ နောက်တရက်မှာပဲ ခံစစ်အတွက်ပြင်ဆင်မှုကို ပြုလုပ်ခိုင်းပြီးမှ ကရင်ပြည်နယ်ထိုးစစ်ကို ရပ်စဲကြောင်း ကြေညာတာဖြစ်တယ်။

ဒါပေမယ့် (၁၉၉၄) ခုနှစ် နှစ်ကုန်ပိုင်းအတွင်းမှာ ကရင်အမျိုးသားအစည်းအရုံးအတွင်းစည်းရုံးရေးအားနည်းချက်ရှိနေတဲ့ အချိန်မှာ နအဖထောက်လှမ်းရေးများက (KNU) အဖွဲ့အစည်းအတွင်းစိမ့်ဝင်ပြီး သပ်လျှိုဖြိုခွင်းမှုကြောင့် ဗုဒ္ဓဘာသာကရင်အုပ်စုဆိုတဲ့ (KNU) ဆန့်ကျင်တဲ့အဖွဲ့အစည်းတရပ်ပေါ်ပေါက်လာပါတယ်။ (KNU) အနေနဲ့ မိမိလူမျိုးအချင်းချင်းဖြစ်တာကြောင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်တဲ့အခြေအနေကို ဦးစားပေးနေစဉ်မှာ ခွဲထွက်သွားတဲ့ (DKBA) တပ်ဖွဲ့ကို ရှေ့တန်းတင်ပြီး မာနယ်ပလော်ဌာနချုပ်ကို (ယခု ဆည်မြောင်းဝန်ကြီးဟောင်း လာဘ်စားမှုဖြင့် ထောင်ဒဏ်ကျခံနေရသူ) ဗိုလ်ချုပ်ညွန့်တင်ဦးစီးတဲ့ တပ်မ (၆၆) နဲ့ နည်းဗျူဟာမှူးအဖြစ် ဗိုလ်မှူးကြီး သူရရွှေမန်း ယခု ဗိုလ်ချုပ်ကြီး သူရရွှေမန်းကာကွယ်ရေးဦးစီးဌာန) တို့ ဦးစီးတဲ့စစ်ကြောင်းက သိမ်းပိုက်ခဲ့ပါတယ်။

(၁၉၉၅) ခုနှစ် ဇန်နဝါရီလအတွင်း သိမ်းပိုက်ခဲ့ခြင်းဖြစ်တယ်။ ထို့အတူ ဝမ်ခသစ်ခံစစ်စခန်းအား (DKBA) ကို ရှေ့တန်းတင်ကာ တပ်မ (၃၃) က တရုတ်ပြည်က ရရှိထားတဲ့ လက်နက်ကြီးတွေကိုအသုံးပြုပြီး တိုက်ခိုက်ရာ လက်နက်ကြီးအင်အား အဆမတန်အသုံးပြုခဲ့တဲ့အတွက် (KNU) တပ်ဖွဲ့များဆုတ်ခွာခဲ့ရပါတယ်။ တပ်မ (၃၃) က ဝမ်ခသစ်ကိုသိမ်းပြီးတဲ့အခါ နောက်နားမှာရှိနေတဲ့ (DKBA) တပ်ဖွဲ့ကိုရှေ့ထုတ်ပြီး (DKBA) အလံကိုလွှတ်တင်ခဲ့လို့ အဲဒီအချိန်က နအဖစစ်ကြောင်းမှာ ပါဝင်ခဲ့တဲ့ တိုက်ပွဲဝင်စစ်သည်အချို့မှာ ခံစားချက်ဖြစ်ပေါ်ခဲ့ရတယ်။ ဒါပေမယ့် သုံးလေးနှစ်ကြာတဲ့အခါ အဲဒီနေရာမှာ (DKBA) အလံအစား နအဖအလံသာရှိပါတယ်။

သည့်နောက်မှာ ပြောင်းရွှေ့စခန်းနဲ့ တပ်မဟာ (၆)၊ တပ်မဟာ (၄) နယ်မြေများကို (၁၉၉၇) ဖေဖော်ဝါရီလအတွင်း ရန်သူက အကြီးအကျယ်ထိုးစစ်ဆင်သိမ်းပိုက်မှုပြုလုပ်ခဲ့ပါတယ်။ ယင်းထိုးစစ်မတိုင်မီ တလခန့်အလိုအထိ နအဖထောက်လှမ်းရေးမှစေလွှတ်တဲ့ငြိမ်းချမ်းကိုယ်စားလှယ်များ (KNU) ဌာနချုပ်ကို ရောက်ရှိနေခဲ့ပါသေးတယ်။

ဒု–ဗိုလ်ချုပ်ကြီး မောင်လှက (၁၉၉၂) ခု ဧပြီလ (၂၈) ရက်နေ့မှာ ကရင်ပြည်နယ်အတွင်း နဝတ၊ နအဖထိုးစစ်များရပ်စဲမည်ဖြစ်ကြောင်း၊ ကြေညာခဲ့ပေမယ့် စစ်အုပ်စုခေါင်းဆောင်များက စစ်ဆင်ရေးအမိန့် တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိဘဲ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ရဲ့ ခံစစ်ကြောင်းများနဲ့ ကရင်အမျိုးသားအစည်းအရုံးနယ်မြေများကို (DKBA) အသုံးပြုကာသိမ်းပိုက်ခဲ့တယ်။ ဒါကြောင့်မို့ ဒီအချက်တွေကို ထောက်ခြင်းအားဖြင့် လက်ရှိနအဖစစ်ခေါင်းဆောင်များနဲ့ ယုံကြည်စွာဆက်ဆံနိုင်ဖို့ အလှမ်းကွာဝေးလျက်ရှိပါတယ်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲလမ်းကြောင်းအပေါ်မှာ လက်ရှိနအဖစစ်အုပ်စုပါလာဖို့ဆိုတာ ကျနော်အမြင်အရ ဖြစ်နိုင်ခြေမရှိပါ။ အာဏာအတွက်ဆိုရင် လူထုအတွင်းမှာ ပဥ္စလက်နည်းဖြင့် လုပ်ကြံမှုဖြင့်လုပ်ကြံသလို အာဏာမလွှဲပေးလိုတဲ့အတွက် ရွေးကောက်ပွဲပြီးရင် အနိုင်ရပါတီကို အာဏာလွှဲပေးမယ်လို့ ပြောဆိုခဲ့တဲ့ ဗိုလ်ချုပ်ကြီးစောမောင်ကို ကျန်းမာရေးအကြောင်းပြ ဖယ်ရှားမှုပြုခဲ့ပါတယ်။ (၁၉၉၇) ခုနှစ်မှာပဲ ဒု–ဗိုလ်ချုပ်ကြီး မောင်လှအပါအဝင် လက်ရှိ စစ်အုပ်စုများနဲ့ သဘောထားကွဲတဲ့ ဒု–ဗိုလ်ချုပ်ကြီးအများအပြားကိုဖယ်ရှားမှုပြုခဲ့ပါတယ်။ နောက်ဆုံးမှာ သူတို့နဲ့ အတွင်းကြိတ်လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုပင် ရာထူးမှဖယ်ရှားခဲ့ပါတယ်။ သူတို့ရဲ့ဆရာများဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစောမောင်တို့ကို ဆက်ဆံပြုမူခဲ့မှု၊ လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီးတွေအပေါ် အရေးယူဆောင်ရွက်မှုတို့ကိုကြည့်မယ်ဆိုရင် စစ်အုပ်စုဟာ လုံးဝဥဿုံပျက်ဆီးရေး လမ်းကြောင်းပေါ်ကို ဦးတည်နေတယ်ဆိုတာသိသာပါတယ်။

နအဖစစ်အုပ်စုအတွင်းမှာ အတွင်းကြိတ်ခဲနေတဲ့ ပြဿနာပေါင်းစုံ ဆက်ခံနေပါတယ်။ ဒါကြောင့် ဒီမိုကရေစီအင်အားစုများနဲ့ တိုင်းရင်းသားအင်အားစုများပေါင်းစုံတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှာ နအဖစစ်အုပ်စုအနေနဲ့ တပ်မတော်အတွက် လျာထားတဲ့ထိုင်ခုံမှာ ပါမှာမဟုတ်ဘဲ အသွင်ပြောင်းသွေးသစ်လောင်းမဲ့တပ်မတော်တရပ်ကသာ ကိုယ်စားပြုပါဝင်နိုင်မှာဖြစ်တယ်လို့ ကျနော်မြင်ပါတယ်။ တဆက်တည်းမှာဘဲ အဲဒီလိုဖြစ်ထွန်းလာတဲ့အခါမှသာ ပြည်တွင်းငြိမ်းချမ်းရေးကိုအာမခံနိုင်တဲ့ ဒေသဆိုင်ရာလုံခြုံရေးမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်တဲ့ ပြည်ထောင်စုကာကွယ်ရေးစနစ်ပေါ်ပေါက်လာပြီး ပြည်ထောင်စုကာကွယ်ရေးတပ်မတော် ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်ထွန်းလာနိုင်ဖို့ (မ.ဒ.မ.ခ)အနေနဲ့ လိုအပ်တဲ့ကနဦးခြေလှမ်းတွေက လေ့လာဆောင်ရွက်မှုပြုလုပ်နေပါတယ်။

*မေး။ ။ (မ.ဒ.မ.ခ) ရဲ့ အထွေထွေအတွင်းရေးမှူးအနေနဲ့ ဘာများပြောချင်ပါသလဲ။*

ဖြေ။ ။ တချို့ကပြောကြတယ်ပေါ့။ ဒီမိုကရေစီအင်အားစုတွေ ဒီဘက်ကိုလာတာက (၃) လတို့ (၃) နှစ်တို့ဆိုအနိုင်ရပြီး ပြန်နိုင်မယ်ထင်လို့လုပ်ကြတယ်လို့ပေါ့။ မှန်ပါတယ်။ ကျနော်တို့အများစုအနေနဲ့ မြန်မာပြည်ရဲ့နိုင်ငံရေးအတိမ်အနက်ကို သိနိုင်စွမ်းမရှိဘဲရောက်လာတဲ့အနေအထားပါပဲ။ မာနယ်ပလော်ဌာနချုပ်ကနေ ကျနော်တို့ရလိုက်တဲ့ သင်ခန်းစာအရ မြန်မာပြည်ရဲ့ပြဿနာဟာ တကယ်ကို နက်နက်ရှိုင်းရှိုင်းရှိနေပြီး ထဲထဲဝင်ဝင်ဖြေရှင်းရမယ်။ နားလည်မှုတွေအပြန်အလှန်တည်ဆောက်ရမယ်ဆိုတာပါဘဲ။ အထူးသဖြင့် အခုအနေအထားမှာ အဲန်စီဂျီယူဘီအနေအထားနဲ့ နိုင်ငံတကာမှာ ထင်ထင်မြင်မြင်နဲ့ထွက်ပြီး အလုပ်လုပ်နေနိုင်တာ အားရှိဖို့ကောင်းပါတယ်။

(မ.ဒ.မ.ခ) ရဲ့ အထွေထွေအတွင်းရေးမှူးအနေနဲ့ပြောချင်တာက ကျနော်တို့အင်အားစုတွေကြားမှာ အပြန်အလှန်နားလည်မှုတည်ဆောက်ဖို့ အနေအထားတွေရှိဖို့လိုပါတယ်။ နောက်တခုက ကျနော်တို့ချထားတဲ့တပ်ပေါင်းစုရဲ့အခြေခံမူအပေါ်မှာ ခိုင်ခိုင်မာမာရပ်ဖို့ပါဘဲ။ ကျနော်တို့ရဲ့ အခြေခံမူတွေအပေါ်မှာ မတိမ်းစောင်းသင့်ဘူး။ မသွေဖီသင့်ဘူးဆိုတာ အားလုံးကိုပြောချင်ပါတယ်။

❖

## နိုင်ငံရေးအကျဉ်းသားတရာကျော် အကျဉ်းထောင်များတွင်သေဆုံး




နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောင့်ရေးအသင်း မြန်မာနိုင်ငံ (အေအေပီပီ–ဘီ) က မြန်မာနိုင်ငံတွင် (၁၉၈၈) ခုနှစ် စစ်တပ်မှအာဏာသိမ်းပြီးချိန်မှ လက်ရှိ နအဖအာဏာပိုင်များလက်ထက် အထိ (၁၈) နှစ် ကာလအတွင်း သေဆုံးခဲ့ရသော နိုင်ငံရေးအကျဉ်းသား (၁၂၇) ဦး ရှိပြီးဖြစ်ကြောင်း ဖော်ပြထားသော အစီရင်ခံစာသစ် တစောင်ထုတ်ပြန်လိုက်သည်။

“ (၈) မိနစ်ငြိမ်”အမည်ရှိ နောက်ဆုံး အစီရင်ခံစာတွင် နိုင်ငံရေးအကျဉ်းသားများသည် အဓိကအားဖြင့် နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ဆေးဝါးကုသမှုခံရခြင်းတို့ကြောင့် သေဆုံးကြရခြင်းဖြစ်ပြီး နအဖစစ်အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများ အဆုံးသတ်စေရေး ကုလသမဂ္ဂမှကိုင်တွယ်ဖြေရှင်းပေးရန် တိုက်တွန်းထားသည်။

သေဆုံးသူများအနက် အယောက် (၉၀) သည် အကျဉ်းထောင်တွင်သေဆုံးခဲ့ပြီး (၈) ဦးသည် စစ်ကြောရေးတွင်လည်းကောင်း၊ (၄) ဦးသည် အလုပ်ကြမ်းစခန်းများတွင်လည်းကောင်း၊ (၁၀) ဦးသည် လွတ်မြောက်ပြီး မကြာခင်တွင်လည်းကောင်း သေဆုံးသွားကြသည်။ ထို့အပြင် (၁၅) ဦးသည် ပျောက်ဆုံးလျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အေအေပီပီအတွင်းရေးမှူး ကိုတိတ်နိုင်က သေဆုံးသူအရေအတွက်သည် ထိုထက်ပိုနိုင်သော်လည်း နအဖစစ်အစိုးရလက်ထက်တွင် အချက်အလက်များသည် စုဆောင်းရန် ခက်ခဲသဖြင့် ပြည့်စုံမှုလည်းမရှိနိုင်ဟုဆိုသည်။ ၎င်းအစီရင်ခံစာကို အသစ်ဖွဲ့စည်းလိုက်သော လူ့အခွင့်အရေးကောင်စီထံသို့ ဇွန်လ အစည်းအဝေးအမီ ပေးပို့မည်ဟုလည်းသိရသည်။

မြန်မာပြည် အကျဉ်းထောင်များတွင် ယခုလောလောဆယ် နိုင်ငံရေးအကျဉ်းသား (၁၁၅၆) ဦးရှိပြီး အားလုံးသည် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးနိုင်သောအန္တရာယ်များရင်ဆိုင်နေရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် စစ်အစိုးရအနေနှင့်ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ်လုပ်ဆောင်မည်ဆိုပါက ပထမဆုံးခြေလှမ်းအဖြစ် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန်လည်းကောင်း၊ နိုင်ငံရေးအကျဉ်းသားများ ထပ်မံမသေဆုံးစေရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အရေးယူဆောင်ရွက်ပေးရန်လည်းကောင်း တောင်းဆိုထားသေးသည်။

နိုင်ငံရေးအကျဉ်းသားများက အကျဉ်းထောင်အတွင်း အောက်မေ့ဖွယ်အခမ်းအနားများကို (၈) စက္ကန့် ငြိမ်သက်ခြင်းဖြင့် ကွယ်လွန်ကျဆုံးသွားသူတို့အား ဂုဏ်ပြုလေ့ရှိသည်။

၎င်းအစီရင်ခံစာနှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးသတင်း စုံစမ်းမှတ်တမ်းပြုစုရေးအရာရှိ ပေါ်လိုဆာဂျီယိုပင်ဟေးရိုးက “၎င်းအစီရင်ခံစာ၏ စာမျက်နှာများတွင် ကမ္ဘည်း ထိုးပါရှိခဲ့ကြသော ဒီမိုကရေစီသူရဲကောင်းများ၏ဘဝများမှာ ဒီမိုကရေစီနှင့်အခြေခံအခွင့်အရေးများ၊ လွတ်လပ်မှုအခွင့်အရေးများရရှိရေးတို့အတွက် ဇွဲသတ္တိကြီးများစွာ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေသော မြန်မာပြည်သူပြည်သားများ၏ စွမ်းအားကြီးလှသော ပြယုဂ်သာဓကဖြစ်ပါတော့သည်” ဟု အမှာစကားရေးသားထားသည်။

❖

## ခွန်ထွန်းဦးနှင့်ရှမ်းခေါင်းဆောင်များ၏ အယူခံလွှာကို ဗဟိုတရားရုံးကပယ်ချ




ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (အက်စ်အန်အယ်လ်ဒီ) ဥက္ကဋ္ဌ ခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၇) ဦး၏ အယူခံလျှောက်လဲချက်ကို ဗဟိုတရားရုံးက ဇွန်လ (၁) နေ့က ပယ်ချလိုက်ကြောင်း သတင်းများအရသိရှိရသည်။

ရှမ်းခေါင်းဆောင်များ၏ အယူခံ (၂၈) မှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေရေးရာအထောက်အကူပြုအဖွဲ့မှ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်း၊ ဦးဉာဏ်ဝင်းနှင့် ဦးကြည်ဝင်းတို့က ရန်ကုန်မြို့ ဗဟိုတရားရုံးချုပ်တွင် ဇွန်လ (၁) ရက်နေ့ တင်သွင်းခဲ့ရာ ထိုနေ့ညနေတွင်ပင် ဗဟိုတရားရုံး တရားသူကြီး ဦးတင်အေးက “အကျဉ်းရုံး ပလပ်” လိုက်ကြောင်း ဦးဉာဏ်ဝင်းက ပြောသည်။

“အကျဉ်းနည်းဖြင့် ပလပ်တယ်ဆိုတာ ကျိုးကြောင်းဖော်ပြချက်မပါဘူး။ ပယ်သည်လို့တလုံးပဲရေးတယ်။ ဘာအကျိုးအကြောင်းမှမပြောတော့ဘူး။ အကုန်ပယ်လိုက်တယ်” ဟု ဦးဉာဏ်ဝင်းကရှင်းပြသည်။

အမှုကိုလိုက်ပါဆောင်ရွက်ပေးခဲ့သူ အမျိုးသားဒီမိုကရေစီတရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းက ဥပဒေရဆက်လုပ်မည်ဖြစ်ပြီး၊ အထူးအယူခံထပ်တက်ရန် စီစဉ်သွားမည်ဟုဆိုသည်။

ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်၊ ဗဟိုကော်မတီဝင် စိုင်းလှအောင်၊ စပ်သာဥ၊ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်၊ ရှမ်းပြည်မျိုးဆက်သစ်ကျောင်းသားလူငယ်များအဖွဲ့မှ ဦးမြင့်သန်း၊ ဦးထွန်းညို၊ စိုင်းမျိုးဝင်းထွန်းနှင့် စိုင်းညီညီမိုးတို့ကို ယမန်နှစ်ဖေဖော်ဝါရီတွင် နအဖဖမ်းဆီးခဲ့ပြီး၊ နိုဝင်ဘာလက နိုင်ငံတော်ပုန်ကန်မှုအပါအဝင်စွဲချက်များဖြင့် နှစ်ရှည်ထောင်ဒဏ်များချမှတ်ခံထားရသည်။

ရှမ်းခေါင်းဆောင် (၉) ဦးအနက် ဦးမြင့်သန်းမှာ မတ်လ (၂) ရက်နေ့က သံတွဲထောင်တွင်ကွယ်လွန်ခဲ့ပြီး၊ စဝ်သာဥမှာ အမှုဖော်ကောင်အဖြစ်ဆောင်ရွက်၍ လွတ်မြောက်ခဲ့သည်။❖

## ကြံ့ဖွံ့သည်တိုင်းပြည်၏အန္တရာယ်– အဲန်ဒီဒီအစီရင်ခံ

နအဖက ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ၎င်းတို့သက်ဆိုးရှည်ရေးအတွက် နိုင်ငံရေးထောက်တိုင်အဖြစ်အသုံးချနေခြင်းသည် တိုင်းပြည်အတွက်အန္တရာယ်ဖြစ်လာနေပြီဟု ထိုင်းနိုင်ငံအခြေစိုက် အဲန်ဒီဒီခေါ် ( ) က ပြောဆိုလိုက်သည်။

မေလ (၃၀) ဒီပဲယင်းအကြမ်းဖက်မှု (၃) နှစ်ပြည့် နေ့ရက်တွင်ထုတ်ပြန်သော အဲန်ဒီဒီ၏အစီရင်ခံစာတွင် ကြံ့ဖွံ့ဟု လူသိများသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် မသိနားမလည်းသော ကျေးရွာသားများအား ပြည်သူ့စစ်သင်တန်းများပေးပြီး၊ လူငယ်များအား ဥပဒေမဲ့လုပ်ရပ်များနှင့် ရိုင်းစိုင်း၊ ကြမ်းတမ်းသည့် အမူအကျင့်များဖြစ်ပေါ်လာအောင် အားပေးအားမြှောက်လုပ်နေသည်ဟု ဖော်ပြထားသည်။




ကြံ့ဖွံ့ပါတီဝင်များအားတွေ့မြင်ရစဉ်

အဲန်ဒီဒီ၏ အင်္ကျီအဖြူများ (The White Shirt)တွင် ကြံ့ဖွံ့အဖွဲ့သည် (၂၀၀၃) ခုနှစ်၊ မေ (၃၀) ဒီပဲယင်းအကြမ်းဖက်မှု၊ လွန်ခဲ့သောမတ်လက ကိုသက်နိုင်ဦးအားသတ်ဖြတ်မှုများတွင် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့သော်လည်း နအဖသည် အပြစ်ကျူးလွန်သူများကို ယခုတိုင်အရေးယူခြင်းမရှိသေးကြောင်းဖော်ပြထားသည်။

အစီရင်ခံစာအမည် (The White Shirts) သည် ကြံ့ဖွံ့အသင်း၏ဝတ်စုံကို ကိုယ်စားပြုပြီး အီတလီနှင့်ဂျာမနီတို့မှ အာဏာရှင်များ၏ လက်ကိုင်တုပ်များဖြစ်သည့် ရှပ်နက်၊ ရှပ်ညိုအဖွဲ့အစည်းများနှင့် နှိုင်းယှဉ်တင်စားထားခြင်းဖြစ်ကြောင်းသိရှိရသည်။

ကြံ့ဖွံ့အသင်းတွင် အဖွဲ့ဝင်အင်အားသန်း (၂၀) ခန့်ရှိပြီး၊ နိုင်ငံရေးပါတီအသွင်ပြောင်းမည်ဟု အဖွဲ့၏အတွင်းရေးမှူး (ဗိုလ်ချုပ်ဌေးဦး) က ပြီးခဲ့သည့် နှစ်က တရားဝင်ပြောကြားခဲ့သည်။

အဲန်ဒီဒီ၏ ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာက ပြည်သူတွေအနေဖြင့် ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ဝင်ရောက်ခြင်းဖြင့် စစ်အစိုးရအား သက်ဆိုးရှည်စေသဖြင့် ပြည်သူလူထုအနေဖြင့် နိုင်ငံရေးအသိနိုးကြားစေရန် အစီရင်ခံစာကို ထုတ်ပြန်ခြင်းဖြစ်သည်ဟုဆိုသည်။

“နအဖက မျက်နှာဖုံးတခုထပ်စွပ်ပြီးတော့မှ ပြည်သူပဲပြန်မွေးပြီးတော့မှ ပြည်သူအချင်းချင်းပြန်သတ်ခိုင်းဖို့အတွက် လုပ်နေတဲ့ဥစ္စာကို ကုလသမဂ္ဂကိုအထူးသဖြင့် နိုင်ငံတကာအစိုးရတွေကို သတိထားစေချင်တယ်။” ဟု ဒေါ်ခင်ဥမ္မာကပြောသည်။

ထို့အပြင် နအဖသည် ကြံ့ဖွံ့အသင်းကို လူထုလူတန်းစားအသင်းအဖြစ်အမည်ခံစေပြီး အမျိုးသားညီလာခံတွင်ပါဝင်စေခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံရေးကို ချုပ်ကိုင်ရန် ကြိုးပမ်းနေသည်။

“အမျိုးသားညီလာခံမှာ ကြံ့ခိုင်ရေးအသင်းက (၆၃၃) ဦးဆိုတော့ (၅၈) ရာခိုင်နှုန်းလောက်ရှိတယ်။ အနာဂတ်မြန်မာနိုင်ငံဖွဲ့စည်းပုံမှာ စစ်တပ်က (၂၅) ရာခိုင်နှုန်းတောင်းတာဆိုတော့ အခုကတည်းက အခြေခိုင်အောင်လုပ်နေတယ်။” ဒေါ်ခင်ဥမ္မာက ပြည်ပသတင်းဌာနများသို့ပြောကြားသည်။❖

## ဒီမိုကရေစီအရေးလှုပ်ရှားသူ (၂) ဦး မန္တလေးထောင်တွင်သေဒဏ်ချမှတ်ခံရ

ယခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့က နအဖစစ်သားများ အိန္ဒိယနိုင်ငံ မိုးရေးမြို့တွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး ပြန်ပေးဆွဲခဲ့သော မြန်မာနိုင်ငံသွေးစည်းညီညွတ်ရေးအဖွဲ့ ဘီအက်စ်အိုမှ အဖွဲ့ဝင် (၂) ဦးသည် မန္တလေးထောင်တွင် သေဒဏ်ချမှတ်ခံခဲ့ရသည်ဟု သိရှိရသည်။

ဘီအက်စ်အိုတာဝန်ခံ ကိုမောင်မောင်ဦးနှင့် တပ်ပေါင်းစုရေးရာတာဝန်ခံ ကိုချစ်သိန်းထွန်းတို့ (၂) ဦးသည် ပြီးခဲ့သည် (၂) ခန့်က ပြန်ပေးဆွဲခံခဲ့ရပြီးနောက် ဧပြီလအတွင်းက သေဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု ဘီအက်စ်အိုမှ တာဝန်ရှိသူတဦး ကိုးကား၍ သတင်းများကဆိုသည်။

ဇန်နဝါရီလ (၁၄) ရက်ည (၁၁) နာရီခန့်တွင် အနက်ရောင်ဝတ်ထားသည့် လက်နက်ကိုင်လူတစု တမူးဘက်မှ မိုးရေးမြို့ထဲဝင်လာပြီး ကိုမောင်မောင်ဦး၊ ကိုချစ်သိန်းထွန်းအပြင် ကိုနိုင်ဦးတို့ကို ပြန်ပေးဆွဲကာ မြန်မာပြည်ဘက်ကို ခေါ်သွားခဲ့သည်။

၎င်းတို့နှစ်ဦးသည် မတ်လကုန်အထိ မုံရွာထောင်တွင် ဖမ်းဆီးခံထားပြီး ဧပြီလတွင် မန္တလေးထောင်သို့ပြောင်းရွှေ့၍ တသီးတခြားစီ တိုက်ပိတ်ထားခဲ့ထားရာမှ ယခုကဲ့သို့ သေဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ကိုမောင်မောင်ဦး၊ ကိုချစ်သိန်းထွန်းတို့သည် ဇန်နဝါရီလ (၈) ရက်နေ့က စစ်ကိုင်းတိုင်း တမူးမြို့နယ် နန်းဖာလုံဈေး ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး တရားခံအဖြစ် ပြသရန် နအဖစစ်တပ်၏ ကျူးကျော်ဝင်ရောက်ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး စတင်ဖမ်းဆီးခံရစဉ်ကတည်းက တမူးမြို့တပ်စခန်းတွင် နှိပ်စက်ခံခဲ့ရသည်။

ကိုချစ်သိန်းထွန်းနှင့်အတူ ဇနီး မနှင်းနှင်းနှင့် လေးနှစ်ရွယ်သမီး အိပိုပိုကိုပါ ဖမ်းဆီးခဲ့ပြီးနောက် တလအကြာတွင် သမီးအိပိုပိုကို ပြန်လွှတ်ပေးခဲ့သည်။

သို့သော် ကိုချစ်ထွန်း၏ဇနီး မနှင်းနှင်း၊ မြန်မာကျောင်းသားများကိုကူညီမှုဖြင့် ဖမ်းဆီးခံရသူ ဖိုးဇော်နှင့်၎င်း၏ဇနီးဖြစ်သူ အေးမြင့်မာတို့ကို မုံရွာထောင်တွင် ထောင်ဒဏ် (၅) နှစ်စီ ချမှတ်လိုက်ကြောင်းသိရသည်။ ကိုယ်ဝန်အရင့်အမာဖြင့် ဖမ်းဆီးခံရသော အေးမြင့်မာသည် ပြီးခဲ့သည့်လအတွင်းက မုံရွာထောင်တွင်းမှာပင် မီးဖွားခဲ့ကြောင်းသိရသည်။

ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ အေအေပီပီ၏ အတွင်းရေးမှူး ကိုတိတ်နိုင်က မြန်မာဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ယခုကဲ့သို့ တဖက်နိုင်ငံထဲသို့ဝင်ဖမ်းပြီး သေဒဏ်ချမှတ်လိုက်ခြင်းသည် တရားလက်လွတ်ဆန်သော အပြုအမူဖြစ်သည် ဝေဖန်လိုက်သည်။

❖

ကျနော်တို့နိုင်ငံဟာ ဒီမိုကရေစီဆိတ်သုဉ်းခဲ့ရတဲ့နိုင်ငံပါ။ စစ်အစိုးရဟာ တိုင်းပြည်ကို ဗိုလ်ကျအုပ်ချုပ်နေပြီး (၁၉၉၀) ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖော်ပေးဖို့တောင်းဆိုမှုများကိုလည်း ငြင်းဆန်နေပါတယ်။ မြန်မာပြည်သူလူထုအားလုံးက ဒီမိုကရေစီ၊ လွတ်လပ်ပွင့်လင်းမှုနှင့်အပြောင်းအလဲများဖြစ်ပေါ်ရန် တောင်းဆိုနေကြပါ

မြန်မာနိုင်ငံဟာ တီဘီ၊ ငှက်ဖျားနဲ့အေအိုင်ဒီအက်စ်ရောဂါများဖြစ်ပွားမှုနှုန်းဟာ အမြင့်မားဆုံးအခြေအနေကို လောလောဆယ်ရင်ဆိုင်နေရပါတယ်။ ပညာရေးစနစ်ကြီးတခုလုံးဟာ ဖရိုဖရဲ ဒရွတ်ဆွဲလိုက်နေရတဲ့ အနေအထားမျိုးပါ။ ငွေကြေးဖောင်းပွမှုနှုန်းဟာ ကြောက်ခမန်းတိုးပွားလာနေတယ်။ နိုင်ငံရေးအီလည်လည်ဖြစ်မှုဟာ ဒီလိုသွားခဲ့ပါတယ်။

(ကျောင်းသားအဖွဲ့၊ အလုပ်သမားသမဂ္ဂ၊ အဝေးရောက်အစိုးရ စသည်အားဖြင့် မည်သည့်ပြည်ပရောက် အတိုက်အခံလှုပ်ရှားသူများကိုမဆို အကြမ်းဖက်သမားများအဖြစ် နအဖက ယူဆနေတာပါ။)

အဆိုပါကြေညာချက်များကို ကြည့်လျှင် လမ်းဆုံးဖြစ်နေသည့်အနေအထားမှ ထွက်

# မြန်မာပြည်သူများ လက်ပိုက်ကြည့်နေတော့မည်မဟုတ်



လူထုစိန်ဝင်း

**ကျနော့်သဘောထားခံယူချက်တွေကြောင့် ထောင်ထဲမှာ (၁၃) နှစ်နေခဲ့ပြီးဖြစ်သလို နောက်တကြိမ် အပြစ်ပေးထောင်ချမှာလဲ မကြောက်တော့ပါဘူး။ ဒါပေမယ့် လူငယ်တွေသည်းမခံနိုင်တော့ဘဲ ပြဿနာကို အကြမ်းဖက်ဖြေရှင်းဖို့ ကြိုးစားလာမှာကိုတော့ ကျနော်စိုးရိမ်တယ် ...**

တယ်။ အခုဆိုရင် စစ်အစိုးရက မြန်မာဒီမိုကရေစီရရှိရေး ကြိုးပမ်းနေကြတဲ့အတိုက်အခံများကို အကြမ်းဖက်သမားများနှင့် အဆက်အသွယ်ရှိကြောင်း တိုင်းပြည်သို့ဝါဒဖြန့်ပြောကြားနေပါတယ်။

အရေအတွက်များနေတဲ့ ကျနော်လိုနိုင်ငံရေးအကျဉ်းသားဟောင်းများအနေနဲ့ နိုင်ငံရဲ့ မကောင်းတဲ့ကံကြမ္မာနဲ့ပတ်သက်ပြီး စိုးရိမ်နေကြတယ်။ ပြီးတော့အားလုံး ချေမှုန်းခံရမှာကို စိုးရိမ်နေကြတယ်။ ကျနော်တို့အားလုံးဟာ အတိမ်းအစောင်းမခံနိုင်တဲ့ အကျဉ်းအကြပ် အနေအထားမှာရှိနေတာဖြစ်ပါတယ်။

တရားဝင်ဖွဲ့စည်းထားတဲ့ မြန်မာပြည်သူတွေရဲ့ နိုင်ငံရေးအတိုက်အခံပါတီဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါ။ (၁၉၈၈) ခုနှစ် ပါတီဖွဲ့စည်းထူထောင်ဖို့ ကျနော်အကူအညီပေးခဲ့ပါတယ်။ ဒါပေမယ့် ပါတီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဟာ (၃) နှစ် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရတယ်။ လွန်ခဲ့တဲ့ (၁၆) နှစ်အတွင်းမှာ သူမဟာ (၁၂) နှစ်အချိန်ကို အကျဉ်းကျခံရင်းဖြတ်သန်းခဲ့ရတယ်။

(၁၉၉၀) ခုနှစ်မှာ ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ် (၃၉၂) အနက် (၈၇) ဟာ နိုင်ငံရေးမှာ တက်ကြွလှုပ်ရှားဆဲဖြစ်ပါတယ်။ (၁၀၅) ဦးကတော့ ထောင်ချထားခြင်းခံထားရသလို အခြား (၇၉) ဦးကိုလည်း မလှုပ်ရှားနိုင်အောင် နအဖကအကြပ်ကိုင်ထားပါတယ်။ (၇၃) ဦးကတော့ ကွယ်လွန်သွားကြပြီး၊ (၅၄) ဦးကတော့ ပြည်ပသို့ ရှောင်တိမ်းထွက်ခွာသွားခဲ့ကြတယ်။

မျိုး လူမှုဒုက္ခအပေါင်းကို ဆောင်ကြဉ်းလာပြီး စိုးရိမ်ဖွယ်ဖြစ်နေတာကြောင့် အဲန်အယ်လ်ဒီကတော့ ခုလောလောဆယ် အဓိကကျတဲ့ ကမ်းလှမ်းချက်တွေ တင်ပြထားပါတယ်။

ဒီနှစ်ပိုင်းအတွင်း အဲန်အယ်ဒီပါတီမှ တာဝန်ထမ်းဆောင်နေဆဲ ပြည်သူ့ကိုယ်စားလှယ် (၈၇) ဦးစုပေါင်းပြီး စစ်အစိုးရအာဏာပိုင်များထံ စာရေးသားပေးပို့ခဲ့ပါတယ်။ စာထဲမှာ မြန်မာနိုင်ငံအတွင်း စိတ်ပျက်ဖွယ်အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြထားချက်များပါဝင်ပါတယ်။ ဝိုင်းပယ်ခံစစ်အစိုးရရဲ့ပယောဂကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရပ်ဆိုင်းနေမှုအခြေအနေအား ကျော်လွှားနိုင်ရေးအတွက် စစ်အစိုးရအား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန်အဆင်သင့်ရှိကြောင်း အဖွဲ့ချုပ်မှပြောဆိုခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် တရားဝင်နိုင်ငံရေးအဖွဲ့အစည်းကြီးတခုအဖြစ် တွေ့ဆုံဆွေးနွေးမှုပြုရန် နအဖဗိုလ်ချုပ်ကြီးများကို တောင်းဆိုခဲ့ပါတယ်။

ဧပြီလမှာ ဗိုလ်ချုပ်ကြီးများက အဖွဲ့ချုပ်၏တောင်းဆိုချက်များကို ပယ်ချခဲ့ပါတယ်။ "မြန်မာနိုင်ငံမှာ အခြေအနေအားလုံးကောင်းပါတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ စစ်အစိုးရအနေဖြင့် ရည်ရွယ်ချက်မရှိပါဘူး။ အဲန်အယ်ဒီပါတီကို မတရားအသင်းအဖြစ် ကြေညာမည်ဆိုက ကြေညာနိုင်ပါတယ်။ အဖွဲ့ချုပ်နဲ့ အကြမ်းဖက်သမားများ အဆက်အသွယ်ရှိကြောင်း သက်သေအထောက်အထားများ အစိုးရထံ၌ရှိပါတယ်"ဟု ပြန်ကြားရေးဝန်ကြီးကျော်ဆန်းက ကြေညာ

ပေါက်တခုဖြစ်လာနိုင်စရာရှိသည့် တံခါးများကို အစိုးရမှပိတ်လိုက်ခြင်းဖြစ်ပါတယ်။

ကျနော့်သဘောထား ခံယူချက်တွေကြောင့် ထောင်ထဲမှာ (၁၃) နှစ်နေခဲ့ပြီးဖြစ်သလို နောက်တကြိမ် အပြစ်ပေးထောင်ချမှာလဲမကြောက်တော့ပါဘူး။ ဒါပေမယ့် လူငယ်တွေသည်းမခံနိုင်တော့ဘဲ ပြဿနာကို အကြမ်းဖက်ဖြေရှင်းဖို့ ကြိုးစားလာမှာကိုတော့ ကျနော်စိုးရိမ်တယ်။

အာဏာပိုင်တွေအနေနဲ့ ဒီမိုကရေစီကို ရှောင်လွှဲလို့မရနိုင်ပါဘူး။ ပြီးတော့ အစိုးရတရပ်အပြောင်းအလဲမှာ ကောင်းမွန်ချောမွေ့စွာအပြောင်းအလဲလုပ်ဖို့ တွေ့ဆုံဆွေးနွေးရေးသာ အကောင်းဆုံးနည်းဖြစ်တယ်ဆိုတာဖို့လိုပါတယ်။ ပြင်းထန်တဲ့ ဆူပူအုံကြွမှုတွေ ဖြစ်မလာနိုင်ဘူးလို့ ဗိုလ်ချုပ်ကြီးများ အခုချိန်မှာ ထင်ကောင်းထင်နိုင်တယ်။ ဒါပေမယ့် စစ်အာဏာရှင်နေဝင်းလည်း (၁၉၈၈) က ဒီလိုပဲယူဆခဲ့တယ်။ ဒါပေမယ့် ထောင်သောင်း ချီတဲ့လူအုပ်ကြီးဟာ အစိုးရကိုဆန့်ကျင်ပြီး လမ်းတွေပေါ်မှာကန့်ကွက်ဆန္ဒပြခဲ့ကြတာပါဘဲ။

နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီနိုင်တယ်ဆိုပေမဲ့ လက်ရှိကြုံတွေ့နေရတာတွေက ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်ဟာ ထူးခြားမှုမရှိဘဲ နောက်ဆုံးမှာ ရာထူးကနုတ်ထွက်သွားခဲ့တယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်းရဲ့ ပဏာမခြေလှမ်းအဖြစ် မလေးနိုင်ငံခြားရေးဝန်ကြီးဟာ အာဆီယံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့

စာမျက်နှာ (၁၉) ကော်လံ (၃) သို့...

# ဒေါ်စုလွတ်မြောက်ရေးကြိုးပမ်းမည်ဟု ကိုဖီအာနန် ကတိပြု




မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် အာဆီယံ၊ ဒေသတွင်းနိုင်ငံများနှင့် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု မစ္စတာကိုဖီအာနန်က မေလ (၃၁) ရက်နေ့တွင် ကတိပြုလိုက်သည်။

နယူးယောက် ကုလသမဂ္ဂဌာနချုပ်တွင် ထုတ်ပြန်သောကြေညာချက်တွင် ကုလသမဂ္ဂအကြီးအကဲ "နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာ့နိုင်ငံရေးတွင် တိုးတက်မှုဖြစ်ပေါ်အောင် မဆောင်ကြဉ်းနိုင်ခဲ့ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ်ဩဇာရှိသော အာဆီယံနှင့် လက်ရှိအာဆီယံသဘာပတိ မလေးရှားနိုင်ငံတို့နှင့်လက်တွဲ၍ တက်နိုင်သမျှ အစွမ်းကုန်ကြိုးပမ်းသွားမည်"ဆိုသည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် နအဖဘက်က ဒီမိုကရေစီဖြစ်ပေါ်မှုကိုရှေးရှုသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးရေးကိုရှေးရှုစေမည့် ထိရောက်သည့် နိုင်ငံရေးလမ်းစကို လက်လွှတ်လိုက်ခြင်းဖြစ်သည်ဟု ကိုဖီအာနန်ကဆိုသည်။

မစ္စတာကိုဖီအာနန်သည် ပြီးခဲ့သည့်လက ထိုင်းနိုင်ငံဘန်ကောက်သို့ ရောက်ရှိနေစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက် ရေးအတွက် လမ်းစဖြစ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန် ဗိုလ်ချုပ်သန်းရွှေအား တိုက်ရိုက်တောင်းဆိုခဲ့သည်။

သို့သော် နအဖသည် ကိုဖီအာနန်၏ တောင်းဆိုချက်များကို လျစ်လျူရှုကာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်အား နေအိမ်သက်တမ်း တနှစ်ထပ်တိုးခဲ့သည်။

ကိုဖီအာနန်၏ကြေညာချက်တွင် စစ်အုပ်စုအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရေးအပြင် မစ္စတာဂမ်ဘာရီနှင့်ပြောကြားခဲ့သောအချက်များကို ဆက်လက်ဆောင်ရွက်ရန်လည်း ကိုဖီအာနန်က တောင်းဆိုခဲ့သည်။

မစ္စတာ ကိုဖီအာနန်ရည်ညွှန်းသော လုပ်ငန်းစဉ်များမှာ နအဖအနေဖြင့် နိုင်ငံတကာအကူအညီများကို မှန်မှန်ကန်ကန်သုံးစွဲရန်၊ ကရင်ကျေးရွာသားများကို ထိုးစစ်ဆင်နေမှုများကို ရပ်တန့်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရှေးရှုသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်တို့ ပါဝင်သည်။

မစ္စတာကိုဖီအာနန်၏ နိုင်ငံရေးလက်ထောက် မစ္စတာဂမ်ဘာရီသည် မေလနှောင်းပိုင်းက မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်၊ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့နှင့် တသီးတခြားစီတွေ့ဆုံခဲ့သည်။

ဤအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က နိုင်ငံတကာ၏ အပြုသဘောတုံ့ပြန်မှုများရရှိရန် နအဖအနေဖြင့် အကောင်းဘက်သို့ဦးတည်သော နိုင်ငံရေးခြေလှမ်း လှမ်းသင့်ကြောင်း ပြောဆိုလိုက်ပြီး၊ အမေရိကန်အစိုးရသည် မြန်မာပြည်သူလူထုဒီမိုကရေစီဆန္ဒကို အပြည့်အဝထောက်ခံသွားမည်ဟုဆိုသည်။

"မြန်မာပြည်သူလူထုက ပြောချင်တာက သင်တို့ရဲ့ ဒီမိုကရေစီဆန္ဒတွေရှိနေသမျှ ကာလပတ်လုံး အမေရိကန်ပြည်ထောင်စုဟာ သင်တို့နှင့်အတူရပ်တည်နေမှာဖြစ်တယ်။ သင်တို့ရဲ့ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးဆန္ဒတွေပြည့်မြောက်သည်အထိ အမေရိကန်ပြည်ထောင်စုက ထောက်ခံဆောင်ရွက်သွားမှာဖြစ်တယ်"ဟု ဒေါက်တာရိုက်စ်က မေလ (၃၁) ရက်နေ့တွင် ကတိပြုခဲ့သည်။

> မြန်မာပြည်သူလူထုက ပြောချင်တာက သင်တို့ရဲ့
> ဒီမိုကရေစီဆန္ဒတွေရှိနေသမျှ ကာလပတ်လုံး
> အမေရိကန်ပြည်ထောင်စုဟာ
> သင်တို့နှင့်အတူရပ်တည်နေမှာဖြစ်တယ်။ သင်တို့ရဲ့
> ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးဆန္ဒတွေပြည့်မြောက်သည်အထိ
> အမေရိကန်ပြည် ထောင်စုက ထောက်ခံဆောင်ရွက်သွားမှာ
> ဖြစ်တယ်...

## နိုင်ငံတကာ

## သတင်းတိုထွာ

### အာဏာရှင်ဆူဟာတို၏ ကျန်းမာရေးအခြေအနေဆိုးဝါး

ဂျာကာတာ၊ အင်ဒိုနီးရှား– ယခင်အင်ဒိုနီးရှားအာဏာရှင်ဆူဟာတိုသည် အူမကြီးအတွင်း သွေးယိုမှုရပ်တန့်ရန် ခွဲစိတ်ကုသမှုခံယူပြီးနောက် ဆေးရုံမှ မေ (၃၁) ရက်အစောပိုင်းတွင် ဆေးရုံကဆင်းလာပြီးဖြစ်သည်။ (၃၂) နှစ်ကြာအင်ဒိုနီးရှားကို တင်းတင်းကျပ်ကျပ်အုပ်ချုပ်ခဲ့သော အာဏာရှင်ဆူဟာတိုကို (၁၉၉၈) တွင် ကျောင်းသားများနှင့်လူထုက ကန့်ကွက်ဆန္ဒပြကာဖြုတ်ချခဲ့ပြီး (၂၀၀၀) ခုနှစ်တွင် နိုင်ငံပိုင်ငွေဒေါ်လာသန်း (၆၀၀) အလွဲသုံးစားမှုဖြင့် တရားစွဲခံခဲ့ရသည်။ မေလအစောပိုင်းက နိုင်ငံတော်ရှေ့နေချုပ်က ဆူဟာတို၏ ကျန်းမာရေးမကောင်းမွန်မှုကိုအကြောင်းပြကာ တရားစွဲဆိုထားမှုကို ရပ်ဆိုင်းလိုက်သည်။ လူထောင်ပေါင်းများစွာအသက်သေဆုံးခဲ့ရမှုအတွက် အာဏာရှင်ဆူဟာတိုတွင် တာဝန်ရှိကြောင်း စွပ်စွဲကာဒေါသထွက်နေသောလူထုသည် လမ်းမပေါ်ထွက်၍ ထိုဆုံးဖြတ်ချက်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

### အေအိုင်ဒီအက်စ်ရောဂါသည် ခေတ်သစ်သမိုင်းတွင် အကြီးဆုံးကူးစက်ရောဂါဖြစ်လာ

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအေဂျင်စီမှအကြီးအကဲ ပီတာပီးရော့က ခေတ်သစ်သမိုင်းတွင် အေအိုင်ဒီအက်ရောဂါသည် အကြီးကျယ်ဆုံးကူးစက်ရောဂါတခုဖြစ်နေပြီဟုဆိုသည်။သူက ကမ္ဘာပေါ်ရှိလူ (၃၈) သန်းခန့်သည် အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းခံထားပြီး တဝက်ခန့်မှာ ၎င်းတို့ကူးစက်ခံနေရသည်ကိုမသိရှိကြဟု ကုလသမဂ္ဂအေဂျင်စီက ထုတ်ပြန်သည့်အစီရင်ခံစာတွင်ဖော်ပြသည်။ ယခုထိ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက်ရရှိသည့်အကူအညီများသည်စနစ်တကျမရှိပဲကူညီထောက်ပံ့မှုများသည် ပုံမှန်မဟုတ်ဟုဘီဘီစီကိုပြောသွားသည်။သူက အရှေ့အာဖရိက၊ကရစ်ဘီယံနှင့် ကမ္ဘောဒီးယားအပါအဝင်နေရာအတော်များများတွင် ရောဂါတိုက်ဖျက်ရေးအတွက် တိုးတက်မှုများရှိနေသော်လည်းလုံလောက်မှုမရှိသေးဟုဆိုသည်။

### တင်းနစ်အားကစားသမားဘောင်းဘီတိုဝတ်ဆင်၍ ပစ်သတ်ခံလိုက်ရ

ဘဂ္ဂဒက် (အေပီ)– အီရတ်တင်းနစ်နည်းပြတဦးနှင့် အားကစားသမားနှစ်ဦးသည် အားကစားဘောင်းဘီတိုဝတ်ဆင်သောကြောင့် ပစ်သတ်ခံလိုက်ရသည်ဟု ဘဂ္ဂဒက်အာဏာပိုင်များကမေ (၂၁) ရက်တွင်ကြေညာသည်။ ဆွန်နီမူဆလင်နည်းပြနှင့်ရှီအိုက်အားကစားသမားနှစ်ဦးအား သေနတ်သမားများကကားပေါ်မှဆင်းစေပြီး ပစ်သတ်သွားခြင်းဖြစ်သည်။ ဘာသာရေးအစွန်းရောက်များက ဆိုင်ဒီယာဒေနှင့်ဂါဇာလီယာဒေသတို့တွင် ဘောင်းဘီတိုမဝတ်ဆင်ရန် သတိပေးလက်ကမ်းစာစောင်များ ဝေငှထားခဲ့သည်ဟုရဲအဖွဲ့ကပြောသည်။

"လျှို့ဝှက်ရမည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြသခြင်းသည် အစ္စလာမ်ဘာသာရေးစည်း မျဉ်းစည်းကမ်းကို ချိုးဖောက်ခြင်းဖြစ်၍ လူငယ်များဘောင်းဘီတိုဝတ်ဆင်ခြင်းကို တားမြစ်သည်။ အမျိုးသမီးများလည်း မျက်နှာဖုံးပဝါဝတ်ဆင်ရမည်" လက်ကမ်းစာစောင်တွင်ဖော်ပြထားသည်။

ဆွန်နီဘုန်းတော်ကြီး အစ်ဒ်အယ်လ်ဇူဘာရီက "အစ္စလာမ်ဘာသာက လျှို့ဝှက်ရမယ့်ကိုယ်ကာယအစိတ်အပိုင်းတွေကို မဖော်ပြမခြင်း ဘောင်းဘီတိုဝတ်ဆင်တာကိုခွင့်ပြုပါတယ်။ အားကစားသမားတွေကို ပစ်မှတ်ထားတိုက်ခိုက်လာတာ ရာဇဝတ်မှုပါပဲ" ရှုတ်ချပြောဆိုလိုက်သည်။ မေ (၁၇) ရက်ကလည်း တိုက်ကွမ်ဒိုအားကစားသမား (၁၅) ဦးသည် ဂျော်ဒန်တွင်ရှိသော ၎င်းတို့၏စခန်းသို့အပြန်တွင် ပြန်ပေးဆွဲခံခဲ့ရသည်။

### မြောက်ကိုးရီးယား၏ဖိတ်ခေါ်မှု အိမ်ဖြူတော်ပယ်ချ

မြောက်ကိုးရီးယား၏ နယူးကလီယားလက်နက်စွန့်လွှတ်ရေးကိစ္စကို အကောင်အထည်ဖော်ရာတွင် အမေရိကန်ပြည်ထောင်စု၌ မှန်ကန်သောနိုင်ငံရေးရည်ရွယ်ချက်ရှိကြောင်း တိုက်ရိုက်ရှင်းလင်းပြရန် အမေရိကန်အထူးသံတမန် ခရစ်တိုဖာဟီးလ်ကို မြောက်ကိုးရီးယားက ပြုံယမ်းသို့ဖိတ်ခေါ်ခဲ့သည်။ အိမ်ဖြူတော်က မြောက်ကိုးရီးယား၏ဖိတ်ခေါ်မှုကိုပယ်ချလိုက်သည်။ "အမေရိကန်ပြည်ထောင်စုဟာ မြောက်ကိုးရီးယားနဲ့နှစ်နိုင်ငံတည်း စေ့စပ်ညှိနှိုင်းမှုမျိုးကိုလုပ်မှာမဟုတ်ဘူး"ဟု အိမ်ဖြူတော်ပြောခွင့်ရ တိုနီစနိုးကပြောသည်။ သူက ဝါရှင်တန်သည် မည်သည့်စေ့စပ်ညှိနှိုင်းမှုကိုမဆို ခြောက်နိုင်ငံအစီအစဉ်ဖြင့်သာပြုလုပ်မည်ဆိုသည့် ရပ်တည်ချက်ကိုကိုင်စွဲထားမည်ဟုပြောသည်။ မြောက်ကိုးရီးယားကလည်း အမေရိကန်ပြည်ထောင်စု၊ တောင်ကိုးရီးယား၊ မြောက်ကိုးရီးယား၊ တရုတ်၊ ဂျပန်နှင့် ရုရှတို့ပါဝင်သော ခြောက်နိုင်ငံဆွေးနွေးမှုတွင် ပြန်လည်ပါဝင်ဆွေးနွေးရန်ငြင်းဆိုခဲ့သည်။

## ဘုရင့်အာဏာကိုရုပ်သိမ်းလိုက်သည့်အထိမ်းအမှတ် နီပေါအစိုးရသစ်က အားလပ်ရက်ကြေညာ



ယခုသမိုင်းဝင်နေ့က ပြည်သူ့အာဏာသည်သာ အထွတ်အထိပ်ဖြစ်သည်ကို သက်သေပြနေသောပြည်သူများ။

မေ (၂၂) ရက်တွင် ဘုရင်ဂျာနန်ဒရာ၏အာဏာကိုရုပ်သိမ်းလိုက်ကြောင်း ပါလီမန်ကအတည်ပြုလိုက်ပြီး နောက်နေ့ကို အားလပ်ရက်အဖြစ်သတ်မှတ်လိုက်သည်ဟု နီပေါအစိုးရသစ်ကကြေညာရာထောင်နှင့်ချီသည့် လူထုသည် အောင်ပွဲအထိမ်းအမှတ်စီတန်းလှည့်လည်ခဲ့ကြသည်။

"နီပေါလူထု အစွန့်ရှည်ပါစေ" "ဘုရင်စနစ်ကျဆုံးပါစေ"။ လူ (၃၀၀၀) ခန့်သည် မေ (၁၉) ရက်နေ့က မြို့တော်ခေတ္တမဒူ၏ လမ်းမတလျှောက်ကြွေးကြော်သံများဟစ်အော်ချီတက်သွားကြပြီး ပန်းခြံတွင် သွားစုကြသည်ဟု မျက်မြင်အချို့က ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရ ဘရာမန်ပရာဆက်က ယမန်နေ့က ထုတ်ပြန်ခဲ့သော လွှတ်တော်၏အချုပ်အခြာအာဏာပြန်လည်သက်ဝင်လာခဲ့သည့် သမိုင်းဝင်ထုတ်ပြန်ကြေညာချက်ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် နိုင်ငံနှင့်အဝှမ်း ပြည်သူ့အားလပ်ရက်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အစိုးရအဖွဲ့၏ တညီတညွတ်တည်းသဘောတူညီချက်အရ ဘုရင်ဂျာနန်ဒရာ၏ နိုင်ငံရေးအာဏာနှင့် စစ်တပ်ကိုထိန်းချုပ်ထားမှုအားလုံးကို ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။ ထိုထုတ်ပြန်ချက်တွင် နီပေါနိုင်ငံကို ကမ္ဘာ၏နောက်ဆုံး ဟိန္ဒူနိုင်ငံတော်အဖြစ်မှ အဆုံးသတ်သည်ကိုထည့်သွင်းကြေညာခဲ့သည်။ အစိုးရက နောက်ဆက်ခံမည့်ဘုရင်ကိုရွေးချယ်မည်ဖြစ်ပြီး တော်ဝင်မိသားစုသည်ပိုင်ဆိုင်မှုများနှင့် ဝင်ငွေအတွက်အခွန်ပေးဆောင်ရမည်ဖြစ်သည်။

"ယခုသမိုင်းဝင်နေ့က ပြည်သူ့အာဏာသည်သာ အထွတ်အထိပ်ဖြစ်သည်ကို သက်သေပြနေသည်" ဟု အင်္ဂလိပ်ဘာသာဖြင့် နေ့စဉ်ထုတ် ခေတ္တမဒူပို့စ်အယ်ဒီတာအာဘော်တွင် ဖော်ပြသကဲ့သို့ "မေ (၁၈) ရက်ဆုံးဖြတ်ချက်သည် သက်တမ်း (၂၅၀) ရှည်ကြာခဲ့ပြီဖြစ်သော ရှားမင်းဆက်ဘုရင်ဂျာနန်ဒရာ၏ အာဏာကိုအဆုံးသတ်သွားစေခဲ့ပြီး နီပေါနိုင်ငံ၏သမိုင်းတွင် အချိုးအကွေ့တခုပင်ဖြစ်သည်" ဟု ဟိမဝန္တာတိုင်းအယ်ဒီတာအာဘော်တွင်ရေးသားသည်။

ဘုရင်ဂျာနန်ဒရာအား အကြွင်းမဲ့အာဏာကိုစွန့်လွှတ်ရန် လူထုကပြီးခဲ့သည့်လက ကန့်ကွက်ဆန္ဒပြခဲ့ကြရာပါလီမန်ကို ပြန်ခေါ်ယူပေးခဲ့ရသည်။ ဂျာနန်ဒရာသည် ယခင်အစိုးရ၏အကျင့်ပျက်ခြစားမှု၊ မော်စီတုန်းဝါဒီများသူပုန်ထမှုကို မထိန်းသိမ်းနိုင်မှုစသည့်အကြောင်းများပြကာ (၂၀၀၅) ဖေဖော်ဝါရီလက အာဏာသိမ်းခဲ့သည်။

ဘုရင်ပြုတ်ကျပြီးနောက် အစိုးရနှင့်မော်သူပုန်များအကြား အပစ်အခတ်ရပ်စဲလိုက်ပြီး မော်ဝါဒီများ၏တောင်းဆိုချက်ဖြစ်သော အခြေခံဥပဒေပြန်လည်ရေးဆွဲမည့်အထူးကိုယ်စားလှယ်များကို ရွေးကောက်ပွဲတခုကျင်းပရွေးချယ်ရန်၊ ဘုရင့်အာဏာကို ကန့်သတ်ထားရန်တို့ကို ပါလီမန်ကလက်ခံခဲ့သည်။

(၁၉၉၆) ခုနှစ်မှစတင်၍ ကွန်မြူနစ်သမတနိုင်ငံထူထောင်ရန် လက်နက်ကိုင်တိုက်ခိုက်ခဲ့သောမော်ဝါဒီများက ယခုနိုင်ငံရေးပင်မစီးကြောင်းတွင် ပါဝင်ရန်ဆန္ဒရှိပြီး ပါတီစုံဒီမိုကရေစီကို လက်ခံသည်ဟုပြောသည်။

"ပုန်ကန်မှုတွေပြေလည်သွားဖို့ကတော့ နိုင်ငံရေးသမားတွေရဲ့တာဝန်ပဲ"ဟု မြို့လည်တွင် ကုန်စုံရောင်းသူ မိုဟန်ရှရီစသာကပြောသည်။ "ဘုရင်ဂျာနန်ဒရာရဲ့ အာဏာသိမ်းမှုကတော့ လူထုရဲ့ဆန္ဒကိုဆန့်ကျင်ခဲ့တယ်။ နိုင်ငံရေးပါတီတွေက ဘုရင်ရဲ့အကြွင်းမဲ့အာဏာကိုဆန့်ကျင်ပြီး ခိုင်မာတဲ့ခြေလှမ်းတွေလှမ်းခဲ့ကြတယ်။ အခုပါတီတွေဟာ မော်ဝါဒီပြဿနာကို ဖြေရှင်းဖို့ရှေ့ဆက်လှုပ်ရှားသင့်ပါတယ်" သူက ဆက်ပြောသည်။❖

## တရုတ်စစ်အင်အားအပေါ် အမေရိကန်ရတက်မအေး

တရုတ်တပ်မတော်ခေတ်မီတိုးတက်အောင်လုပ်ဆောင်နေမှုနှင့်စပ်လျဉ်း၍ ဖော်ပြထားသော ပင်တဂွန်၏အစီရင်ခံစာတွင် တိုင်ဝမ်ကိုခြိမ်းခြောက်နိုင်ပြီး၊ အရှေ့အာရှတလွှား၌ ဩဇာဖြန့်ကျက်ထားနိုင်သည့်အပြင် အမေရိကန်၏မဟာမိတ်များကိုလည်း ထိပ်တိုက်ရင်ဆိုင်နိုင်သည့် တရုတ်စွမ်းရည်အပေါ် အမေရိကန်၏ စိုးရိမ်ပူပန်မှုတိုးပွားနေခြင်းကို ဖော်ပြထားသည်။

ဂျပန်နိုင်ငံအား ထိပ်တိုက်ရင်ဆိုင်ရန် တရုတ်နိုင်ငံမှကြိုတင်ပြင်ဆင်နေသည်ဆိုသော အမေရိကန်စစ်တပ်အတွင်းစိုးရိမ်ပူပန်မှုများကိုလည်း အလေးပေးဖော်ပြထားပြီး ဘေဂျင်း၏ရေတပ်၊ လေတပ်နှင့်ဒုံးပျံများတည်ဆောက်မှုအတွက်ဖြေရှင်းချက်ပေးရန် တောင်းဆိုထားသည်။ အစီရင်ခံစာ၌ ရုရှားလက်နက်များဝယ်ယူမှု တိုင်ဝမ်နှင့်မျက်နှာချင်းဆိုင်ဘက်ကမ်းတွင် တာတိုပစ်ဒုံးပျံ (၇၉၀) ခန့် ဖြန့်ကျက်ထားမှု၊ နျူကလီးယားလက်နက်များ ခေတ်မီရေးဆောင်ရွက်မှုစသည့်အချက်များပါဝင်သည်။

နျူကလီးယားလက်နက်နှင့်တိုက်ခိုက်လာမှုအပေါ်တုန့်ပြန်ရန်မှတပါး နျူကလီးယားလက်နက်များသုံးစွဲမှုပိတ်ပင်ထားသည့် ဘေဂျင်း၏ "စတင်သုံးစွဲရေး"လမ်းစဉ်အား ပြောင်းလဲရန်သင့်၊ မသင့်အဆင့်မြင့်နည်းဗျူဟာ ကျွမ်းကျင်သူအချို့သော တရုတ်အရာရှိများကြားတွင်အခြေအတင်ဆွေးနွေးစရာအဖြစ်တွန်းအားပေးခံနေရသည်။

တရုတ်ပြည်၏ စစ်ရေးတည်ဆောက်မှုသည် အခြေခံအားဖြင့် တိုင်ဝမ်ပြဿနာကို ဦးတည်ထားဆဲဖြစ်သည်။ အစီရင်ခံစာတွင် တရုတ်၏ကြီးမားလှသည့် စစ်ရေးရည်မှန်းချက်များကို အကျဉ်းရုံးဖော်ပြထားပြီး တရုတ်နိုင်ငံသည် အမေရိကန်နှင့်စစ်ရေးအရ ယှဉ်ပြိုင်လာနိုင်သည့်အလားအလာအကြီးမားဆုံးသောနိုင်ငံဖြစ်သည်။

တရုတ်၏ကာကွယ်ရေးဘတ်ဂျက်သည် အလျှင်အမြန်တိုးပွားလျက်ရှိပြီး ယခုနှစ် ကာကွယ်ရေးအသုံးစရိတ်တွင် (၁၄.၅) ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ (၃၅) ဘီလီယံခန့်သုံးစွဲရန် ဘေဂျင်းအစိုးရက တရားဝင်စီမံကိန်းချမှတ်ထားသည်။ သို့သော် အမေရိကန်၏ကာကွယ်ရေးနှင့် ထောက်လှမ်းရေးအေဂျင်စီအား ကိုးကားဖော်ပြထားသော အစီရင်ခံစာတွင် စစ်တပ်နှင့်ပတ်သက်သည့် အသုံးစရိတ်အားလုံး တိုက်ဆိုင်စစ်ဆေးကြည့်ပါက အမှန်တကယ် ရုံပုံငွေ၏ (၂) ဆ (သို့) (၃) ဆပမာဏရှိပြီး အမေရိကန်ဒေါ်လာအားဖြင့် (၁၀၅) ဘီလီယံအထိရှိသည်။ ဝေဖန်သူများကလည်း ပစိဖိတ်သမုဒ္ဒရာရှိ အမေရိကန်ရေတပ်အား လျှပ်တပြက်ဒုက္ခပေးနိုင်သည့်အနေအထားရှိသော တရုတ်၏ကြိုးပမ်းချက်များကို သံသယရှိကြောင်း ဖော်ပြခဲ့ကြသည်။

စက်တင်ဘာ (၁၁) တိုက်ခိုက်မှုအပြီး တရုတ်နိုင်ငံ၏ခြိမ်းခြောက်မှုသည် ဦးစားပေးရမည့်အစီအစဉ်မှ လျော့ကျသွားခဲ့သည်။ ယခုနှစ် ထုတ်ပြန်သောအစီရင်ခံစာသည် ဘုရှ်အစိုးရ၏ အသစ်တဖန်ဖြစ်ပေါ်လာသော စိုးရိမ်ပူပန်မှုကို ထင်ဟပ်စေသည်ဟု "ကာတိုတက္ကသိုလ်"၏ ကာကွယ်ရေးနှင့်နိုင်ငံတကာမူဝါဒလေ့လာရေးအဖွဲ့၏ ဒု–ဥက္ကဋ္ဌနှင့် "အမေရိကန်၏ တရုတ်နိုင်ငံနှင့်အနာဂတ်စစ်ပွဲ" စာအုပ်ရေးသားသူ "တက်ဒ်ဂါလ်ကါပင်တာ"ကဆိုသည်။❖

မကြာမီကပဲ ဗမာပြည်ကို ပုဂ္ဂိုလ် တယောက် သွားရောက်ခဲ့တယ်။

မကြာမီမှာပဲ ဗမာပြည်ကို ပုဂ္ဂိုလ် တယောက်သွားရောက်လိမ့်ဦးမယ်။

သူတို့လာတာကို ဗိုလ်သန်းရွှေတို့က လုံးဝမလိုလား။ ဒါပေမယ့် တယောက်ကိုတော့ လက်ခံတွေ့ဆုံလိုက်ရပြီ။ အဲဒါက နိုင်ငံရေး ဆိုင်ရာ ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် အီဘရာဟင်ဂမ်ဘရီ (Ibrahim Gambari)။

နောက်တယောက်လာရင်တော့ သူတို့က လုံးဝတွေ့မှာမဟုတ်။ ဒါပေမယ့် ဘယ်လိုရင်ဆိုင်ရပါ့မလဲ ဗိုလ်ချုပ်တွေဦးနှောက်ခြောက်နေတယ်။ အဲဒါက ပါမောက္ခဒေါက်တာ ဆလိုင်းထွန်းသန်း။

အကျဉ်းအကြပ်တွေနဲ့ ဆူးကြားက ဘူးသီးလို ဖြစ်လာနေတဲ့ နအဖဟာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မယောင်ယောင် အသံပေးလိုက်တယ်။ ဒါကို ဂမ်ဘာရီက ငါပစ်တာဆိုပြီး ချက်ချင်းအသိအမှတ်ပြုလိုက်တယ်။ ဂမ်ဘာရီတယောက် ဗမာပြည်နိုင်ငံရေးနဲ့ပတ်သက်လို့ ဒါလောက် အသိနည်းရသလားလို့ ပြောစရာဖြစ်သွားတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တယ်ဆိုပြီး ဒီပဲယင်းမှာ သတ်ဖို့လုပ်ခဲ့တာ သူမမှတ်မိလေရော့သလားပဲ။ မုဆိုးအစစ်ဟာ ဖမ်းမိထားတဲ့သားကောင်ကို သတ်ရတာထက် လွတ်နေတဲ့သားကောင်ကို သတ်ရတာ ပိုအရသာတွေ့တယ်ဆိုတာ မမေ့ကြပါနဲ့။ နောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံမှုမှာ လက်ရှိစစ်အစိုးရရဲ့ဖခင်ကြီး ဗိုလ်နေဝင်းအပေါ် သံသယဖြစ်စရာတွေရှိခဲ့တယ်ဆိုတာကိုလည်း မမေ့ကြပါနဲ့။

ဗိုလ်အောင်ဆန်းကို ကျောင်းသားတွေရဲ့ ကိုအောင်ဆန်း၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တွေရဲ့ သခင်အောင်ဆန်း၊ တပ်မတော်သားတွေရဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးအတွက် နောက်ဆုံးတိုက်ပွဲထဲက ပြည်သူလူထုရဲ့ ဦးအောင်ဆန်းအဖြစ် သိထားကြတယ်။ အခု သူ့သမီး ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ပြည်သူလူထုရဲ့ ဒေါ်အောင်ဆန်းစုကြည်ဖြစ်နေပြီ။

ဗိုလ်အောင်ဆန်းဟာ သူတောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ လွတ်လပ်ရေးရဲ့အရသာကို ခံစားခွင့်ရမသွားခဲ့သလို သူ့သမီးဒေါ်အောင်ဆန်းစုကြည်လည်း သူတောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ ဒီမိုကရေစီရဲ့အရသာကို ခံစားခွင့်ရသွားတာမမြင်တွေ့လိုကြဘူး။

ဂမ်ဘာရီကို နအဖက မတတ်သာလို့ လက်ခံတယ်ဆိုတာ အားလုံးအသိဖြစ်တယ်။ ဒါပေမယ့် သူ့ခရီးစဉ်ကို နအဖက စီစဉ်ခဲ့ပုံကိုတော့ လူတိုင်းသတိထားမိချင်မှထားမိမယ်။ နအဖဟာ ဂမ်ဘာရီကို ဒီချုပ်ခေါင်းဆောင်တွေနဲ့မတွေ့ခင် တစည နဲ့ အရင်တွေ့ခိုင်းတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့မတွေ့ခင် ကြံ့ဖွံ့နဲ့တွေ့ခိုင်းတယ်။ ဒါတွေဟာ ဘာအဓိပ္ပာယ်လဲဆိုတာ အလွယ်ပဲ သိမြင်နိုင်တယ်။ တမင်နှိမ်တာ၊ ချိုးတာပဲ။

နောက်ပြီး ဂမ်ဘာရီက ဒေါ်အောင်ဆန်းစုကြည်ကို တွေ့တယ်ဆိုတာကလည်း ထောင်ဝင်စာတွေ့သလို တွေ့ရတာ။ ထောင်ဝင်စာကမှ ဘယ်နေ့ဘယ်ရက်လောက် လာလိမ့်မယ်ဆိုပြီး အတွေ့ခံမယ့်သူဟာ ကြိုတင်သိထားပြီး ပြောစရာ၊ မှာစရာတွေ စဉ်းစားထားချိန်ရသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဘာမှပြင်ဆင်ချိန်မရခဲ့ဘူး။ သူ့ခေါင်းထဲမှာ အိပ်မက်မက်သလို ဖြစ်ကျန်ရစ်မှာပဲ။ နောက်ပြီး ဒီသတင်းကို ပြည်တွင်းမီဒီယာတွေမှာ လုံးဝအမှောင်ချထားတယ်။ ဒီလိုလုပ်တာတွေကို ဂမ်ဘာရီမို့ အကောင်းမြင်တယ်လို့ဆိုရမယ်။

ဂမ်ဘာရီကို ဒေါ်စုနဲ့တွေ့ပေးတာလောက်နဲ့ နအဖဟာ လူ့အခွင့်အရေးကိစ္စမှာ စာမျက်နှာသစ်ဖွင့်မယ်၊ နိုင်ငံတကာ့ အသိုင်းအဝိုင်းမှာ နေရာပေးရမယ်ဆိုရင်တော့ နိုင်ငံတကာအသိုင်းအဝိုင်းဆိုတာရဲ့ တန်ဖိုးကို ဘယ်လိုသတ်မှတ်သလဲ စဉ်းစားစရာဖြစ်သွားမယ်။ ဂမ်ဘာရီအရင် တခြားကုလသမဂ္ဂကိုယ်စားလှယ်တွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အခုလိုပဲ အိမ်ချုပ်ကနေတွေ့ရဘူးတယ်ဆိုတာ ပြန်စဉ်းစားပါ။

(၂၁) ရာစုရဲ့ ဒုတိယဆယ်စုနှစ်ထဲကို ဝင်တယ်ဆိုရင် ဗမာပြည်နိုင်ငံရေးနယ်ပယ်မှာ မျိုးဆက်ဟောင်းကြီးတွေ အလုပ်လုပ်နိုင်တဲ့အနေအထားမှာ ရှိကောင်းမှ ရှိတော့မှာ။ အဆက်အသွယ်တွေက ခွင့်မပြုတော့ဘူး။ နအဖဟာ ဒါကိုသိလို့ အချိန်ဆွဲတာလုပ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်ပေးဆွဲထားတဲ့ ဓားစာခံလို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ဈေးဆစ်စရာ၊ အခွင့်အရေးတောင်းစရာအဖြစ်အသုံးပြုပြီး အချိန်ဆွဲနေတာပဲ။ ဖမ်းလိုက်လွှတ်လိုက်နဲ့ ကြောင်ကကြွက်ကို ကစားသလိုလုပ်နေတယ်။ ဒီလိုအချိန်မှာ ဒီချုပ်ရဲ့ လက်ရှိခေါင်းဆောင်စုကိုလဲပစ်ဖို့ ပြောသံတချို့ကြားရတယ်။ ဒါမှားတယ်။ နအဖက ဒီချုပ်ဆိုတဲ့ အိမ်ကြီးတခုလုံးကို မီးတိုက်ပစ်ဖို့ ကြိုးစားနေချိန်မှာ အိမ်ခေါင်မိုးလဲဖို့ မပြောသင့်ဘူး။ ဒီလိုအချိန်ကျမှ ခေါင်မိုးလဲတာလုပ်ရင်၊ ဒါတွေနဲ့အလုပ်ရှုပ်နေကြရင် ဗိုလ်သန်းရွှေတို့အကွက်ထဲ ဝင်သွားမှာပဲ။ နောက်ပြီး အကျယ်ချုပ်ကျနေသူတွေနဲ့ ထောင်ထဲရောက်နေသူတွေရဲ့ ဆန္ဒပေးမှု အခွင့်အာဏာကို လေးစားတဲ့အနေနဲ့ ကြီးမားတဲ့အပြောင်းအလဲတွေကို အရမ်းမလုပ်သင့်ဘူး။

ဆန့်ကျင့်ဘက် နှစ်ဘက်ဆွေးနွေးတယ်ဆိုရာမှာ ပါဝင်သူတွေရဲ့ ‘ဝါ’ ဟာ အရေးပါတတ်တယ်။ အထူးသဖြင့် စစ်အစိုးရလို အာဏာရှင်တွေနဲ့ ဆွေးနွေးရာမှာပဲ။ ကိုယ့်ဘက်က ‘ဝါ‘ အရ အထက်စီးရနေမှ တော်ရုံရှိတယ်။ တဘက်က မကျေနပ်၊ လက်မခံနိုင်ဘူးဆိုတဲ့ခေါင်းဆောင်ကို ကိုယ်က ဖယ်ပေးပြီး ဆွေးနွေးပွဲစားပွဲမှာ ထိုင်တယ်ဆိုတာဟာ မစရသေးဘူး ကိုယ့်ဘက်က အလျှော့ပေးပြီးဖြစ်နေတာပဲ။ ဒါလုပ်လို့ မဖြစ်ဘူး။ တခုတော့ရှိတယ်။ ဒီချုပ်အနေနဲ့ အခုလို လှုပ်ရှားပုံမျိုးမဟုတ်ဘဲ တိုက်ပွဲနည်းနာပြောင်းမယ်ဆိုရင်တော့ ခေါင်းဆောင်ပြောင်းလဲတန် ပြောင်းလဲရလိမ့်မယ်။ တချို့ကိစ္စက လူငယ်တွေနဲ့မှဖြစ်မှာ။

ဂမ်ဘာရီလို နအဖပြောစကားနား

စာမျက်နှာ (၁၉) ကော်လံ (၁)သို့ ...




# ဖြတ်သွားဖြတ်လာ



ငှက်တွေက
သစ်ကိုင်းပေါ်မှာနားတယ်
သူ့ရဲ့ကောင်းတွေက တိုက်ပွဲသစ်ကိုတောင်းတယ်
ရဟတ်ယာဉ်တွေကျတော့ ရေပေါ်မှာရပ်လို့လည်းရတယ်
ကိုယ်ကတော့
ဂျက်လေယာဉ်ပျံကြီးပေါ်တက်မယ်

လူအတော်များများက
ဘုရားသခင်ဆိုတာ
ကောင်းကင်ပေါ်မှာပဲလို့ယုံတယ်
ကိုယ်ကတော့
ဘုရားသခင်ဆိုတာ
မြေကြီးပေါ်မှာပဲလို့ယုံတယ်

ပြောလက်စစကားကိုဆက်ရရင်
အဖေ့ကျေးဇူးတရားကိုယုံတယ်
အဖေ့မေတ္တာတရားကိုမယုံဘူး

ပြောလက်စစကားကိုဆက်ရရင်
မင်းအမုန်းကိုယုံတယ်
မင်းအချစ်ကို ငါမယုံဘူး

ပြောလက်စစကားကိုဆက်ရရင်
နောက်ကျောကထိုးတဲ့ဓားကိုယုံတယ်
နောက်စေ့ကဖောက်ထွက်သွားတဲ့
ကျည်ဆံတွေကိုမယုံဘူး

ရင်ကိုရင်ချင်းမို့ ရင်ချင်းအပ်ခဲ့တယ်
စစ်ကိုစစ်ချင်းမို့စစ်ခင်းခဲ့တယ်
ကို– ဘယ်သူရယ်ပေ့ါလေ

မယုံတာလေများရှိရင်လည်း
ပြောစမ်းပါဦး –လို့
ခင်ဗျားကဆိုလာတော့

ဝမ်းနည်းပါတယ်
ဒီအကြောင်း
ကျနော်တို့ဆက်မပြောကြတာပဲကောင်းမယ်။

သစ်ကောင်းအိမ်
၁၀၊ ၄၊ ဝ၆။

စာမျက်နှာ (၁၈) ဗညဆောင်းပါးမှ ......

ထောင်ပြီး သိုက်စာဖတ်ရာနားထောင်ပါ လုပ်နေလို့ကတော့ မိုးကြီးချုပ်သွားမှာပဲ။ နအဖဟာ ရဲချုပ်ဆိုတဲ့လူကို ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်လို့လည်း ဘာမှမဖြစ်ပါဘူးလို့ ပြောခိုင်းပြီး ပြည်တွင်းပြည်ပအားလုံးက တင့်ငံ့တလင့်လင့်ဖြစ်နေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်သက်တမ်းတိုးတယ်လို့ ကြေညာလိုက်တယ်။ ဒီထက် မိုက်ရိုင်းကောက်ကျစ်တာ ရှိပါဦးမလား။

နအဖဟာ ငြိမ်းအဖွဲ့တွေအပါ အဖွဲ့အစည်းတွေကို တခုချင်းတခု၊ တဆင့်ချင်းတဆင့် ဖြိုခွဲသွားမှရမယ်ဆိုတာသိတယ်။ သူ့အတွင်းကို သပ်လျှို၊ သူ့ထဲက လူတွေကို ဖွဲ့ထုတ်၊ သူ့ကိုထောက်ခံတဲ့ လူထုနဲ့ အဆက်ဖြတ်၊ ပြီးရင်ချေမှုန်းဆိုတဲ့ အင်မတန် ရိုးစင်းတဲ့နည်းနာကိုပဲ အသုံးပြုနေတယ်။ ဒါပေမယ့် အာဏာရှိနေသူက လုပ်တာဆိုတော့ ထိရောက်သလောက် ထိရောက်နေတယ်။ ဒါကြောင့် ဒီလုပ်ရပ်ကို ဒီချုပ်တဖွဲ့တည်းရင်ဆိုင်စေလို့မဖြစ်ဘူး။ ပြည်သူလူထုကြီးပါမှဖြစ်မယ်။ နအဖဟာ အဲဒီလို လူထုကြီးပါဝင်လာတဲ့ အဆင့်မရောက်အောင် တခြားဟာတွေနဲ့ အစားထိုးပြီး ပြည်တွင်းပြည်ပကို လှည့်စားနေတာ။

ဒီချုပ်ထဲက ပျော့ညံ့သူတွေကို သိမ်းသွင်းပြီး အမာခံတွေကို ထောင်ထဲနဲ့ ပြည်ပထွက်ခိုင်းတာကို နအဖဟာ အခု နောက်ပိုင်းမှာ စနစ်တကျလုပ်လာနေတယ်။ ထောင်ထဲရော ထောင်ပြင်မှာပါ သတ်ပြတာတွေဟာ အစီအစဉ်ရှိရှိလုပ်နေတာတွေပဲ။ တဆက်တည်းမှာပဲ ကြံ့ဖွံ့တွေကိုလည်း ပွဲထုတ်နေတယ်။ ဘယ်တုန်းက ပါတီတည်ထောင်ခွင့်လျှောက်ထားမှန်း မသိရသူတွေကို ပါတီတခုအဖြစ်နဲ့ ကုလသမဂ္ဂအထိ ပွဲထုတ်နေတယ်။

နအဖ လုပ်ရပ်တွေကို နိုင်ငံရေးပါးအင်မတန်ဝတဲ့ ဗမာပြည် ပြည်သူလူထုက ဘယ်တော့မှ မျက်စိမလည်ဘူး။ မျက်စိလည်ကြတာက ဗမာပြည် ပြည်သူလူထုနဲ့ အတူမရပ်သူတွေပဲ။

ဒီတပွဲဟာ ဒီချုပ်အဖို့ သေရေးရှင်ရေးတိုက်ပွဲဖြစ်နိုင်တယ်။ ဒီချုပ်ကိုဖြုတ်ပြီးရင်ကျန်တဲ့ပါတီတွေ တည်ရှိဖို့ဆိုတာ စိတ်ကူးယဉ်ဖို့တောင် မလိုတော့ဘူး။ ပွဲပြတ်သွားပြီဖြစ်မှာ။ ဒါကြောင့် တိုင်းပြည်ရဲ့ကံကြမ္မာ၊ ဒီမိုကရေစီအရေးတော်ရဲ့ ကံကြမ္မာလည်း ဒီတကွေ့မှာ အဆုံးအဖြတ် ပေါ်သွားနိုင်တယ်ဆိုတာ မေ့လို့မဖြစ်ဘူး။

နအဖ ဘက်ကကြည့်ရင်လည်း ကနေ့အခြေအနေမှာ ပြည်တွင်းပြည်ပ ဒီချုပ်ကို မတရားသင်းကြေညာတဲ့အထိ မလုပ်ရဲသေးဘူး။ ပါးစပ်ကပဲ သကြိန်အမြောက်ဖောက်နေတာ။ ဒီချုပ်ကို မတရားသင်း ကြေညာလိုက်ရင် ဒီတိုင်းပြည်ထဲမှာ ဘာမဆိုဖြစ်လာနိုင်တယ်ဆိုတာ သူတို့သိတယ်။ သူတို့မှာ အဲဒီအခြေအနေကို ရင်ဆိုင်နိုင်စွမ်းမရှိသေးဘူး။ ရှင်းရှင်းပြောရင် အဲဒါကိုတော့ သူတို့ကြောက်တယ်။

ဒီမို (၂၀၀၆) ကြေညာချက်တခုထဲမှာ တဦးချင်း၊ တဖွဲ့ချင်းလှုပ်ရှားတာတွေကနေ တဖြည်းဖြည်း လူထုကြီးတရပ်လုံးပါတဲ့အထိ လုပ်ဆောင်သွားရမယ်လို့ ဖော်ပြထားတယ်။ အခု ဒေါက်တာ ဆလိုင်းထွန်းသန်းပေါ်လာပြီ။ သူက တယောက်တည်းပွဲထွက်တာပဲ။ ဒါပေမယ့် သူ့ကို ထောက်ခံကြတာကတော့ ကုဋေနဲ့ချီတယ်။ ဒီလို တိုက်ပွဲမျိုးတွေကနေ တိုက်ပွဲတွေကို အဆင့်မြှင့်ယူရမှာ။ ဒါ သဘာဝကျတဲ့ ဖြစ်ပေါ်တိုးတက်မှုဖြစ်တယ်။ ရှောင်လို့လည်းမရဘူး၊ ကန့်ကွက်လို့လည်း မရဘူး။ ဆရာထွန်းသန်းမထွက်ရင် တခြားတယောက်ယောက် ထွက်လာမှာပဲ။ ဒါပြီးရင် နောက်တယောက်၊ ဒါမှမဟုတ် နှစ်ယောက်၊ သုံးယောက်၊ အဲဒီကနေ တဖွဲ့၊ နှစ်ဖွဲ့ စသဖြင့် ထွက်လာကြလိမ့်ဦးမယ်။ အချိန်ပြဿနာသာဖြစ်တယ်။

ဒီလိုနဲ့ လူထုကြီးတရပ်လုံးပါလာ၊ စဉ်းစားမြော်မြင်နိုင်စွမ်းရှိတဲ့၊ မျိုးချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေပါလာအောင် လုပ်ကြရမှာပဲ။ ရောမကို တရက်တည်းနဲ့ ဆောက်တာမဟုတ်ဘူးဆိုတဲ့ သိုးဆောင်းစကားပုံ ရှိတယ်မဟုတ်လား။ ဗမာမှာလည်း တနေ့တလံ ပုဂံဘယ်ရွှေ့မယ်ဆိုတဲ့ အဆိုရှိတယ်လေ။ လူထုတိုက်ပွဲကြီး၊ အုံကြွမှုကြီးဆိုတာ တရက်တည်း၊ တဦးတည်း တည်ဆောက်လို့ ရတာမဟုတ်ပါဘူး။ တလှမ်းချင်း ဒါပေမယ့် မဆုတ်စတမ်း ချီတက်ကြရမှာပါ။ ဒုတိယကမ္ဘာစစ်ပြီးကာစမှာ လွတ်လပ်ရေးအတွက် ပြည်သူတရပ်လုံး တက်ကြွလန်းဆန်းနေချိန်မှာပေါ်လာတဲ့ လူထုစစ်သီချင်းရဲ့ သံပြိုင်အပိုဒ်မှာ "လူထုအားကို အများကြီးလိုသည်" လို့ ပါတယ်။ အခုလည်း ဒီလိုပါပဲ။

ဗညြ

# ဒေါ်အောင်ဆန်းစုကြည်ကို တို့ခေတ်သူ့ရဲကောင်းအဖြစ်ရွေးချယ်

အင်္ဂလန်အခြေစိုက် (The New Statesman) မဂ္ဂဇင်းက မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား တို့ခေတ်၏ သူရဲကောင်းအဖြစ် ရွေးချယ်လိုက်သည်။

ထိုမဂ္ဂဇင်းက စာဖတ်သူများထံမှ စစ်တမ်းကောက်ခံသည့်စနစ်ဖြင့် သူရဲကောင်း (၅၀) ကို ရွေးချယ်ခဲ့ရာတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် နံပါတ်တစ်နေရာတွင် ရွေးချယ်ခံရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်းသမတ နယ်လ်ဆင်မင်ဒဲလ်လားက ဒုတိယနေရာ၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ကမ္ဘာတဝှမ်းလှုံ့ဆော်သူ တေးသံရှင် ဘော့ဂဲလ်ဒေါ့ဖ်ကတတိယ၊ စာရေးဆရာ သတင်းထောက် ဂျွန်ပေလ်ဂါက စတုတ္ထ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာက ပဥ္စမနေရာအသီးသီးရွေးချယ်ခံရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာဒီမိုကရေစီအရေးအတွက် အခက်အခဲအမျိုးမျိုးကိုရင်ဆိုင်ကာ စစ်အာဏာရှင်များကို စိတ်ဓာတ်ကြံ့ခိုင်စွာတော်လှန်တိုက်ခိုက်သည့် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်ဖြစ်သည့်အတွက် ယခုကဲ့သို့စာဖတ်သူများက ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု မဂ္ဂဇင်း၏အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။❖

စာမျက်နှာ (၁၄) လူထုစိန်ဝင်းဆောင်းပါးမှ ......

လာရောက်တယ်ဆိုသော်လည်း စစ်အစိုးရဟာ သူ့ကို မလေးရှားဝန်ကြီးအဖြစ်နဲ့သာ လက်ခံတွေ့ဆုံခဲ့တယ်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအနေဖြင့် တိုက်ရိုက်ဖိအားပေးခြင်းသည် ထိရောက်မှုမရှိဘဲ "ခုတ်ရာတလွဲ ရှရာတခြား" ဖြစ်နိုင်တယ်ဆိုတာ သဘောပေါက်ရလိမ့်မယ်။ ချူးကရီးယားလက်နက်ပိုင်ဖို့ အီရန်နိုင်ငံရဲ့ရည်ရွယ်ချက်ကို ရပ်တန့်စေရန်ကြိုးပမ်းရာ၌ ဒေသတွင်း စီးပွားရေးအရ သြဇာကြီးပြီး ဘက်လိုက်မှုကင်းသည့် ကြားဝင်ဖြန်ဖြေမည့် နိုင်ငံများကို အသုံးပြုသင့်သည်။ မြန်မာ့အရေးတွင် ထိုသို့ဆောင်ရွက်နိုင်သည်မှာ တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံများဖြစ်သည်။ ကိုယ်စားလှယ်ထားပြီး ကြားခံဆောင်ရွက်သော သံတမန်ဆက်ဆံရေးမျိုး နည်းလမ်းတခုအနေဖြင့် လုပ်ကြည့်သင့်သည်။

ကုလသမဂ္ဂသည် အဓိကအခန်းမှ ပါဝင်နိုင်ဆဲဖြစ်သည်။ ထိရောက်သည့် သာဓကတခုမှာ(၁၉၉၇) ကမ္ဘောဒီးယားပြဿနာဖြစ်သည်။ သမ္မတဟွန်ဆန်မှ မင်းသားနိုရိုဒွန်ရာနာဒစ်ကို ဖြုတ်ချခဲ့စဉ်က ကမ္ဘောဒီးယားကို ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းထားခဲ့ဖူးသည်။ ထို့ကြောင့်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကမ္ဘောဒီးယား၏နေရာမှာ တနှစ်တိတိ လစ်လပ်ခဲ့ဘူးသည်။

ကုလသမဂ္ဂ၏ တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်လိုပုဂ္ဂိုလ်မျိုးကို ကုလသမဂ္ဂအဖွဲ့ကြီးသို့ ဂုဏ်ယူဝမ်းမြောက်စွာ စေလွှတ်နိုင်ခဲ့သော မြန်မာနိုင်ငံအတွက် ထိုကဲ့သို့အရေးယူဆောင်ရွက်မှုသည် ကသိကအောက်နှင့် ရှက်စရာဖြစ်ပါသည်။ သို့သော်လည်း မြန်မာပြည်သူများ၏ ဒုက္ခဆင်းရဲက ပို၍သာဆိုးနေပါတော့သည်။ ဂုဏ်သိက္ခာပါ ထိခိုက်ရမဲ့အဖြစ်ပါပဲ။

(မေလ (၂၃) ရက် ၊ International Herald Tribune တွင် ဖော်ပြခဲ့သော လူထုဦးစိန်ဝင်း၏Burma People Can Wait no longer ဆောင်းပါကို ညိုသွင် ဘာသာပြန်ဆိုသည်။)

❖

စာမျက်နှာ (၄) ဇွန်မှိုင်းဆောင်းပါးမှ ......

(၁၀)

၂၀၀၃ မေ (၃၀) မှာ ဒီပဲယင်းကို ထွက်ခါနီး ....

မုံရွာမှာ လူထုကို ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့စကားကို ကျနော်အမြဲ အမှတ်ရတယ်။

"ကျမတို့ နိုင်ငံတိုးတက်ဖို့ဆိုတာ တကယ်စဉ်းစားလိုက်မယ်ဆိုလို့ရှိရင် .... ကျမတို့နိုင်ငံသားတွေမှာ လိုအပ်တဲ့အရည်အချင်းဟာ ဒီ (၂) ခုပဲ။ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ရဲတဲ့သတ္တိ။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့သတ္တိ။"

ဒီစကားဟာ .... မုံရွာက လူထုကိုတင်ပြောတယ်လို့ ကျနော်မယူဆဘူး။

မြန်မာပြည်တနံတလျားမှာရှိတဲ့ လူမျိုးပေါင်းစုံပြည်သူတွေကို ပြောတာဖြစ်ပေလိမ့်မယ်။

အင်အားစုအသီးသီး (လက်နက်ကိုင်ထားသူရော၊ လက်နက်မကိုင်ထားသူရော) ကို ပြောတာဖြစ်ပေလိမ့်မယ်။

တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူး၊ တပ်သားတိုင်းကို ပြောတာဖြစ်ပေလိမ့်မယ်လို့ ကျနော်စဉ်းစားမိတယ်။

(၁၁)

ကျနော်တို့ ဘာလုပ်ကြမလဲ။

ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာဖို့ပဲဖြစ်ဖြစ်၊ တစုံလုံးအပြောင်းအလဲတခု အလျှင်အမြန်ဖြစ်ပေါ်လာဖို့ပဲဖြစ်ဖြစ် ကျနော်တို့ဘာလုပ်ကြမလဲ။

ဥစ္စာရှင်လို ဥစ္စာရှင်ခဲကြရလိမ့်မယ်။ မစ္စတာ ဂမ်ဘာရီပဲဖြစ်ဖြစ်၊ မစ္စတာ ကိုဖီအာနန်ပဲဖြစ်ဖြစ်၊ အာဆီယံနိုင်ငံတွေပဲဖြစ်ဖြစ် အားလုံးဟာ အရန်အင်အားစုတွေပါ။ အဓိကကတော့ လူထုကြီးအပါအဝင် ကျနော်တို့အားလုံးရဲ့ လှုပ်ရှားနိုင်စွမ်းပါ။

ကျနော်တို့ တကယ်လုပ်ကြရမှာက ....

ဒေါ်စုပြောတဲ့ သတ္တိ (၂) မျိုးပဲ။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့သတ္တိ၊ မလုပ်သင့်မလုပ်ထိုက်တာကို မလုပ်ရဲတဲ့သတ္တိ။

စိတ်ကူးယဉ်တာ၊ တွေဝေတာ၊ သွေးကြောင်တာ၊ တခါတခါ သွေးနားထင်ရောက်တာ၊ လူထုကို အထင်သေးတာ၊ မယုံကြည်တာ၊ လူထုလုပ်ဟန်ချို့တဲ့တာ၊ လမ်းတဝက်မှာ ဆင်းကျန်ရစ်တာ။

ဒါတွေဟာ မလုပ်သင့်မလုပ်ထိုက်တာတွေလို့ ကျနော်မြင်တယ်။

ပကတိအခြေအနေကို ရဲရဲကြည့်တာ၊ ဘက်ပေါင်းစုံရှုမြင်တာ၊ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်ရမှာကိုမကြောက်တာ၊ ရိုးဖြောင့်တည်ကြည်တာ၊ လူထုကို ယုံကြည်တာ၊ လူထုရဲ့ အတိုင်းအတာမဲ့တဲ့ စွမ်းပကားကို နားလည်တာ၊ လူထုနဲ့အတူ ချီတက်တာ၊ ဘဝကို ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတိုက်ပွဲစဉ်ကြီးအတွင်းမှာ မြှုပ်နှံတာ။

ဒါတွေဟာ လုပ်သင့်လုပ်ထိုက်တာတွေလို့ကျနော်မြင်တယ်။

ကျနော့် မိတ်ဆွေများနှင့် အမြင်တူမယ်လို့ ကျနော်ထင်ပါတယ်။

ကျနော်တို့အမြင် တော်တည့်မှန်ကန်မှုရှိမရှိ၊ ဒေါ်စုအမြင်နဲ့ ကွက်တိဖြစ်မဖြစ်၊ ဒေါ်စုနဲ့တွေ့တဲ့အခါကျတော့ မေးကြည့်ကြမယ်လေ။

စနေထောင့်ဆီက မိုးတွေ ညို့သထက်ညိုတက်လာနေပြီ အကိုတို့ရေ၊ အခုလို ရာသီဆိုးကြီးထဲကနေ အဲဒီသတ္တိ (၂) ပါးကိုကိုင်ပြီး ကျနော်တို့ အစွမ်းရှိသမျှ အားရှိအားကုန် ကြိုးစားပြီးလှုပ်ရှားရုန်းထွက်ကြည့်ကြရအောင်ဗျာ။ ။

ဇွန်မှိုင်း

ဇွန်(၆) ၂၀၀၆။

❖

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှု ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
**ဇီဝဇိုး**

**တာဝန်ခံအယ်ဒီတာ**
**နေသွင်**

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# ကဗျာဆရာဦးတင်မိုး နှင့် သောင်ရင်းကမ်းခြေမှ စာပေချစ်သူများ စာပေစကားဝိုင်းပြုလုပ်



"ကဗျာလက်နက်ကို တော်လှန်ရေးသမားတွေကကြိုက်တယ်။ အဲလိုပဲပြောရမယ်။ နှလုံးသားကိုထိတယ်မှတ်လား ကဗျာက။ လူထုရဲ့နှလုံးသားကို ထိ အောင် တော်လှန်ရေးသမားလူငယ်တွေက လက်နက်အဖြစ်အသုံးချတယ်။"

မျိုးချစ်စာဆိုတော်၊ ကဗျာဆရာကြီး ဦးတင်မိုးနှင့် သောင်ရင်းမြစ်အရှေ့ဘက်ကမ်းမှစာပေ၊ ကဗျာမြတ်နိုးသူများ၏ စာပေဆွေးနွေးပွဲစကားဝိုင်းတရပ်ကို ဇွန်လ (၆) ရက်နေ့ညနေခင်းက လွတ်မြောက်နယ်မြေတနေရာတွင်ကျင်းပပြုလုပ်ခဲ့သည်။

ညနေ (၇) နာရီမှ (၉) နာရီအထိ (၂) နာရီကြာပြုလုပ်သော စာပေဆွေးနွေးစကားဝိုင်းတွင် ကဗျာဆရာကြီးဦးတင်မိုးက သူ၏ ကဗျာဘဝဖြတ်သန်းမှု အတွေ့အကြုံများကို မှတ်မှတ်ရရပြန်ပြောင်းပြောကြားခဲ့ပြီး၊ အစီအစဉ်နောက်ပိုင်းတွင် စာပေဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

လူငယ်တဦး၏ "တော်လှန်ရေးသမားတွေနှင့် ကဗျာဆရာမည်သို့မည်ပုံ ဆက်စပ်ပါသလဲဆရာ" ဟူသောအမေးကို ကဗျာဆရာကြီးဦးတင်မိုးက ကဗျာလက်နက်ကို တော်လှန်ရေးသမားတွေကကြိုက်တယ်။ အဲလိုပဲပြောရမယ်။ နှလုံးသားကိုထိတယ်မှတ် လား ကဗျာက။ လူထုရဲ့နှလုံးသားကိုထိအောင် တော်လှန်ရေးသမားလူငယ်တွေက လက်နက်အဖြစ်အသုံးချတယ်၊ ကျနော်ကတော့ အဲလိုပဲထင်တယ်။"ဟု ပြန်လည်ဖြေကြားခဲ့သည့်အပေါ် ပရိသတ်များက နှစ်သက်ကြိဘာပေးခဲ့ကြသည်။

ဆရာတင်မိုးအတွက် အမှတ်တရ ရေးသားသောမှတ်စုတွင် စာရေးဆရာဂါမဏိက "အနုပညာသည် ပြည်သူအတွက်ဆိုတာ မိမိစိတ်ဆန္ဒနဲ့မဆိုင်ဘဲ ဘဝပေးအခြေအနေ၊



"မြန်မာသနပ်ခါး" ပန်းချီကားကို ဆရာကြီး ဦးတင်မိုးအား လက်ဆောင်ပေးအပ်နေစဉ်

ပြည်သူလူထုအခြေအနေက တွန်းပို့လို့မလွဲမရှောင်သာရောက်တဲ့လမ်းဖြစ်တဲ့အကြောင်း ဆရာတင်မိုးဘဝက သက်သေပြနေပါတယ်လို့ထင်ပါတယ်"ဟု ရေးသားထားသည်။

စာပေဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သော ကဗျာဆရာခင်လွန်းက "ဒီပွဲဟာ မျိုးဆက်ဟောင်းတွေကမျိုးဆက်သစ်တွေကို သွေးသစ်လောင်းတဲ့ပွဲလို့ပြောရင်ရသလိုပဲ၊ ဆရာနဲ့တပည့်တွေပြန်တွေ့တဲ့ပွဲလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။

ဒီလိုပဲ မိဘနဲ့သားသမီးတွေ ပြန်လည်ဆုံဆည်းတဲ့ပွဲလည်းဖြစ်ပါတယ်" စာပေဆွေးနွေးပွဲစကားဝိုင်းတွင် နိဒါန်းစကားပြောကြားခဲ့သည်။

စာပေဆွေးနွေးပွဲတွင် လွတ်မြောက်နယ်မြေမှ ပန်းချီဆရာကိုဉာဏ်စိုးကလည်း ဆရာကြီးဦးတင်မိုးအား "မြန်မာသနပ်ခါး"ဟု အမည်ပေးထားသည့် ပန်းချီကားတချပ်ကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

စာပေစကားဝိုင်းသို့ နယ်စပ်အခြေစိုက်အဖွဲ့အစည်းများမှ စာချစ်သူ၊ ကဗျာချစ်သူများ၊ မျိုးဆက်သစ်ကဗျာဆရာများ၊ စာရေးဆရာများအပြင် နိုင်ငံရေးအဖွဲ့အစည်းများမှခေါင်းဆောင်များ စုစုပေါင်းပရိသတ် (၁၀၀) ကျော် တက်ရောက်ခဲ့သည်။

ယခု စာပေဆွေးနွေးပွဲစကားဝိုင်းကို မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ (မိုးကြိုးသတင်းစဉ်) က စီစဉ်ခဲ့ခြင်းဖြစ်ပြီး၊ စာပေစကားဝိုင်း ဗွီဒီယိုမှတ်တမ်းအခွေကိုလည်း မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၏ လူထုလက်ရုံးစတူဒီယိုမှ မကြာမီ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တတ်သိပညာရှင်များအဖွဲ့တွင် အဖွဲ့ဝင်တဦးဖြစ်သော ကဗျာဆရာကြီးဦးတင်မိုးသည် ယခုအခါ အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။

❖

# ကုလသမဂ္ဂဖြန်ဖြေမှုဖြင့် တွေ့ဆုံဆွေးနွေးပွဲများပေါ်လာတော့မည် UNDP ဌာနေကိုယ်စားလှယ်ကို အဲန်အယ်လ်ဒီသဘောမကျ

ကုလသမဂ္ဂက လက်ထောက်အထွေထွေအတွင်းရေးမှူး မစ္စတာ ဂမ်ဘာရီ၏ ခရီးစဉ်အတွင်း အဲန်အယ်လ်ဒီနှင့်တွေ့ဆုံဆွေးနွေးမှုများစတင်နိုင်ရေးအတွက် ကုလသမဂ္ဂရုံးဖြင့် ကြားဝင်ဖြန်ဖြေပေးမှုကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လက်ခံသဘောတူခဲ့ပြီး ရန်ကုန်တွင် မစ္စတာဂမ်ဘာရီ (Ibrahim Gambari) ၏ စကားပြောခွင့်ရ ပုဂ္ဂိုလ် (Interlocutor) တဦး၏ရုံးခန်းကို ဝန်ထမ်းများဖြင့် မကြာခင်ဖွင့်လှစ်တော့မည်ဟု အဲန်အယ်လ်ဒီသတင်းရပ်ကွက်မှ ကြားသိရသည်။

မစ္စတာဂမ်ဘာရီ၏ စကားပြောခွင့်ရသူပုဂ္ဂိုလ် (Interlocutor) အဖြစ် ခန့်ထားခံရဖွယ်ရှိသူ လက်ရှိကုလသမဂ္ဂ ( UNDP) ၏ ဌာနေကိုယ်စားလှယ်မှာ (Global Fund) နှင့် (E U) ကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် အောင်မြင်မှုမရှိဘဲ နအဖအစိုးရ၏ ဤလိုကျလုပ်ဆောင်သူ ဗျူရိုကရက်တဦးသာဖြစ်သည်ဟု ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းတွင် သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ယင်းပုဂ္ဂိုလ်အား (Interlocutor) အဖြစ်ခန့်ထားမည့်အရေးကို အဲန်အယ်လ်ဒီက စိုးရိမ်ကြောင့်ကြမှုရှိသဖြင့် ယင်းပုဂ္ဂိုလ်အား မခန့်ထားဘဲ မူဝါဒကို အလေးအနက်ထားတတ်သည့် နိုင်ငံရေးအတွေ့အကြုံရှိသူ ပုဂ္ဂိုလ်တဦးအားခန့်ထားပေးပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ တိုက်ရိုက်စာရေးမေတ္တာ ရပ်ခံထားကြောင်းလည်းသိရှိရသည်။

အမည်မဖော်လိုသူ အဲန်အယ်လ်ဒီခေါင်းဆောင်တဦးက "လက်ရှိကုလသမဂ္ဂ (UNDP) ဌာနေကိုယ်စားလှယ်ချားလ်ပက်ထရီသာ (Interlocutor) ဖြစ်လာရင် နအဖအလိုကျလုပ်မယ့်သူပါ။ (Global Fund နဲ့ EU Fund) တို့မှာ အမေရိကန်က အဲန်အယ်လ်ဒီနဲ့တိုင်ပင်ပြီး လုပ်ဖို့ပြောပေမယ့် သူက အစိုးရအကြိုက်လိုက်လုပ်တယ်။ ဒ့ါကြောင့်မအောင်မြင်တာဘဲ။ ပြီးတော့ အလုပ်ဖြစ်ဖို့ဆိုတာပဲ စဉ်းစားတယ်။ ပြည်သူလူထုအကျိုးရှိမရှိ မစဉ်းစားဘူး၊ အလုပ်ဖြစ်မှ သူတို့က စားသာတာ၊ ရှင်းရှင်းပြောရင်လာဘ်ထိုးတယ်။ ပြောပြောနေတဲ့ (Transpaency) တို့ (Accountability) ကိုကတော့ ပုံပျက်ပန်းပျက်ပဲ။ သူကိုသာအားကိုးရင် ငါးပါးမှောက်နိုင်တယ်" ဟု သူ၏ စိုးရိမ်ကြောင့်ကြမှုကိုထုတ်ဖော်ပြောဆိုခဲ့သည်။

အခြားအဲန်အယ်လ်ဒီခေါင်းဆောင်တဦးကမူ "ဘာဘဲပြောပြော သူနဲ့စာရင် ရာဇာလီတို့ ပင်ဟေးရိုးတို့က အများကြီးအလုပ်ဖြစ်သေးတယ်" ဟု ပြောဆိုခဲ့သည်။ ချားလ်ပက်ထရီသည် ဒေါ်အောင်ဆန်းစုကြည်နှင့်မစ္စတာဂမ်ဘာရီတွေ့ဆုံစဉ်က မစ္စတာ ဂမ်ဘာရီနှင့်အတူလိုက်ပါလာပြီး၊ ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သူဖြစ်သည်။ ၎င်းက နအဖအမျိုးသားညီလာခံကို တွေ့ဆုံဆွေးနွေးမှု၏ ပထမခြေလှမ်းအဖြစ်သဘောထားရန် အဲန်အယ်လ်ဒီခေါင်းဆောင်များအား ပြောကြားခဲ့သည်ဟုဆိုသည်။

> ❍
> ပြည်သူလူထုအကျိုးရှိမရှိ မစဉ်းစားဘူး၊ အလုပ်ဖြစ်မှ သူတို့က စားသာတာ၊ ရှင်းရှင်းပြောရင် လာဘ်ထိုးတယ်။ ပြောပြောနေတဲ့ (Transpaency) တို့၊ (Accountability)တို့ကတော့ ပုံပျက်ပန်းပျက်ပဲ။ သူကိုသာအားကိုးရင် ငါးပါးမှောက်နိုင်တယ် ......
> ❍

တွေ့ဆုံဆွေးနွေးပွဲများ ကုလသမဂ္ဂ၏ ကြားဝင်မှုဖြင့်ပေါ်လာနိုင်သဖြင့် ဝမ်းသာနေရသော်လည်း လက်ရှိ (UNDP) ဌာနေကိုယ်စားလှယ်၏ စိတ်နေသဘောထားနှင့် လုပ်ရပ်များကြောင့် အဲန်အယ်လ်ဒီခေါင်းဆောင်များက စိတ်မသက်မသာဖြစ်နေလျက်ရှိနေသည်ဟုလည်း ရန်ကုန်ရှိ နိုင်ငံရေးသတင်းရပ်ကွက်တွင် မှတ်ချက်ချပြောဆိုနေကြသည်။

❖

## မှတ်တမ်းတင်အပ်ပါသည်

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၏ စာပေလှုပ်ရှားမှုတရပ်အဖြစ် ထိုင်းနိုင်ငံသို့ ခေတ္တရောက်ရှိနေသော မျိုးချစ်စာဆိုတော်၊ ကဗျာဆရာကြီးတင်မိုးနှင့် သောင်းရင်းအရှေ့ဘက်ကမ်းမှ စာပေ၊ ကဗျာမြတ်နိုးသူများ၏ စာပေဆွေးနွေးပွဲစကားဝိုင်းတခုကို ဇွန်လ (၇) ရက်နေ့ညနေက မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီရုံးစိုက်ရာ လွတ်မြောက်နယ်မြေတနေရာတွင် လွတ်လပ်ရင်းနှီးစွာကျင်းပနိုင်ခဲ့ခြင်းကို ဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင်အပ်ပါသည်။❖

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

